www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ဆောင်းညှုသောင်

ဒေါက်တာစိုးထိုက်နှင့် မော်မျက်ဝန်းရှင်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၈၇၀၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၉၉၄၀၅၀၈ |
| ထုတ်ဝေသူ | ဦးသိန်းဇော် (လောကနတ်စာပေ) မြဲ(၀၃၉၁၈)၊ အမှတ်(၂၈၀/ခ)၊ လမ်းသစ်၊ ဖွော့ရုံလမ်း နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။ |
| အဖုံးနှင့် အတွင်းပုံနှိပ် | ဦးမြင့်ဦး၊ ၀၁၅၈၃၊ သိန်းသန်းဦး အော့ဖ်ဆက် အမှတ် (၁၂၁)၊ ၃၄-လမ်း(လယ်) ကျောက်တံတားမြို့နယ်၊ |
| အတွင်းဖလင် | ကိုဇော်ဦးနှင့်ညီများ |
| မျက်နှာဖုံးပန်းချီ | သိန်းရွှေကြည် |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၅-ခုနှစ်၊ အောက်တိုဘာ |
| မိစဉ်သူ | သိန်းဇော်၊ ကာတွန်းဟသ်ာ |


## ဒေါက်တာစိုးထိုက်၏ ပိတ်ဆက်အမှာစာ

ကျွန်ုပ် ဒေါက်တာစိုးထိုက်သည် ဆရာဝန်တစ်ဦးပင်ဖြစ်လင့်ကစား အသက်(၄၀)အရွယ်မှစ၍ ဆေးကုသခြင်းအလုပ်ကိုစွန့်လွှတ်၍ ကျွန်ုပ် ဝါသနာပြင်းပြသော လုပ်ငန်းတွင်သာ အာရုံနှစ်၍ လုပ်ကိုင်ခဲ့လေသည်။

ကျွန်ုပ်သည် အသက် (၄၀)အထိသာ အစိုးရဆေးရုံများတွင် ဝန်ထမ်းဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ ခုနှစ်မှစ၍ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ကာ ကျွန်ုပ် စိတ်ဝင်စားသော ဝိညာဉ်လောက၊ နာမ်လောကဆိုင်ရာ လေ့လာမှု သုတေသနလုပ်ငန်းများတွင် အာရုံနှစ်၍ လှုပ်ရှားခဲ့လေသည်။

ကျွန်ုပ်သည် ဝန်ထမ်းဘဝတွင် အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်ခရီး သွားရောက်ခဲ့ရသေးရာ အင်္ဂလန်နိုင်ငံရှိ 'ဗြိတိသျှမနောသုတေသန' အသင်းကြီးသို့ ဝင်ထွက်သွားလာခဲ့ပြီး ထိုအသင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွင် တစ်ဦးတည်းသော မြန်မာနိုင်ငံသား အသင်းဝင်တစ်ဦး အဖြစ် အသင်းဝင်ရောက်ခဲ့လေသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ဝန်ထမ်းအဖြစ် နုတ်ထွက်ပြီးချိန်တွင် မြန်မာနိုင်ငံ အရပ်ရပ်၌ ကျွန်ုပ် လေ့လာတွေ့ ရှိရသမျှသော ဗိဿဇ်၊ နာနာဘာဝ၊ စုန်း၊ တစ္ဆေ၊ ကဝေ၊ ဥစ္စာ စောင့်၊ လှူဝင်စား၊ မှော် အစရှိသည့် နာမ်လောကဆိုင်ရာကိစ္စရပ် များကို လေ့လာ သုတေသနပြုခဲ့ပေသည်။ ကျွန်ုပ် လေ့လာတွေ့ ရှိခဲ့သော အမှုတွဲများအနက် သက်သေ သက္ခာယခိုင်လုံသော ဖြစ်ရပ်များကို လန်ဒန်ရှိ မနောသုတေသန အသင်းကြီးသို့ အထောက်အထား အချက်အလက်များနှင့်အတူ ရေးသားပေးပို့ခဲ့ လေသည်။

ကျွန်ုပ်၏ တွေ့ရှိချက်များအား အသင်းကြီးမှ အခါအား လျော်စွာ ထုတ်ဝေသော စာစောင်၊ စာအုပ်များတွင် ဖော်ပြခဲ့ရာ ကမ္ဘာအရပ်ရပ်ရှိ ဗိဿဇ်သုတေသန ပညာရှင်များကြားတွင် ကျွန်ုပ် ၏အမည်မှာ အတန်အသင့် ထင်ရှားလျက်ရှိပေပြီ။

၁၉၉၈ ခုနှစ်တွင် ကျွန်ုပ်သည် အမှုတွဲတစ်ခုအတွက် မန္တလေးမြို့သို့ သွားရောက်ခဲ့ရာ ကျွန်ုပ်၏ လုပ်ငန်းများကို စိတ်ဝင်စားစွာ ကူညီလုပ်ကိုင်ပေးခဲ့သည့် လူငယ်လေးတစ်ဦးနှင့် ရင်းနှီး သိကျွမ်းခဲ့ရလေသည်။ ထိုလူငယ်သည် စာပေရေးသားရန် ကြိုးစား လေ့လာနေသော စာပေဝါသနာရှင် တစ်ဦးဖြစ်ရုံမက မနော





သုတေသနလုပ်ငန်းများကိုလည်း စိတ်ဝင်စားလှပေသည်။ လူငယ် က ကျွန်ုပ် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော ဆောင်းပါးအချို့ ကို ဖတ်ရှုခဲ့ဖူးပြီးဖြစ်သဖြင့် ကျွန်ုပ်မှာ အံ့သြရသေးသည်။

လူငယ်သည် ကျွန်ုပ်သွားရောက်လိုသည့် နေရာများကို သူ၏ မော်တော်ဆိုင်ကယ်လေးဖြင့် လိုက်လံပို့ဆောင်ပေးရုံမက၊ ကျွန်ုပ်တွေ့ဆုံလိုသော လူများကို ဆက်သွယ်ပေးခြင်း၊ စုံစမ်းပေး ခြင်းများ ပြုလုပ်ခဲ့ရာ ကျွန်ုပ်မှာ များစွာ ကျေးဇူးတင်မိပေ၏။

နောက်ပိုင်းတွင်လည်း လူငယ်နှင့် ကျွန်ုပ်သည် အဆက် အသွယ်မပြတ်ခဲ့ပေ။ သူ ရန်ကုန်မြို့သို့ရောက်လာသည့် အခါတိုင်း လည်း ကျွန်ုပ်ထံ ဝင်ရောက်လည်ပတ်လေ့ရှိ၏။ ကျွန်ုပ် သုတေ သနပြုခဲ့သော အမှုတွဲများကို လေ့လာဖတ်ရှု၏။ ဖြစ်ရပ်များကို လည်း သေချာမေးမြန်း၍ မှတ်စုတွင် ရေးသားထားပေ၏။

၂၀၀၃ ခုနှစ်၏ မိုးရာသီနေ့တစ်တွင် ထိုသူငယ် ကျွန်ုပ်ထံ သို့ ရောက်လာပြန်ရာ ယခုတစ်ကြိမ်တွင်မူ ကျွန်ုပ်အတွက် အံ့သြ စရာ၊ အားရစရာလုပ်ရပ်များကို ထိုသူငယ်က ယူဆောင်လာခဲ့ပေ သည်။

'ကျွန်တော် စာရေးဝါသနာပါတာကို ဆရာကြီးလည်း အသိပဲ၊ အခု ကျွန်တော် ဝတ္ထုအချို့ ရေးထားပါတယ် ဆရာကြီး၊ ကျွန်တော်ရေးတဲ့ ဝတ္ထုတွေကတော့ တခြားမဟုတ်ပါဘူး။ ဆရာ ကြီးကိုယ်တိုင် လေ့လာသုတေသနပြုထားတဲ့ ဖြစ်ရပ်တွေကို ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



ပုံစံနဲ့ ရသပါအောင် ပြန်ရေးထားတာပါ။ ဆရာကြီးဖတ်ကြည့်ပြီး ဝေဖန်ချက်ပေးပါဦး။ ဆရာကြီး ကျေနပ်တယ်ဆိုရင် လူအများ ဖတ်ရှုနိုင်အောင် စာအုပ်အဖြစ် ထုတ်ဝေချင်ပါတယ်။ စာအုပ်ထုတ်ဖို့လည်း ဆရာကြီးဆီက ခွင့်ပြုချက် ရလိုပါတယ်'

လူငယ်က သူရေးသားပြီးစီးထားသည့် စာမူများကို ကျွန်ုပ်အား ပေးအပ်ခဲ့ပေ၏။

ကျွန်ုပ်သည် ဝတ္ထုအဖြစ် ရေးသားထားသော ၎င်းစာမူများအား ဖတ်ရှုကြည့်ရာ ဖြစ်ရပ်များကို ကိုယ်တိုင်သုတေသနပြုခဲ့သော ကျွန်ုပ်ကိုယ်တိုင်ပင် ဇာတ်ကြောင်းကို သိပြီးဖြစ်ပါလျက် ရင်ခုန်ထိတ်လန့်ခြင်း၊ အံ့သြတုန်လှုပ်ခြင်းများကို ခံစားရပေ၏။ ယင်းသို့ ခံစားရသည်မှာ အခြားကြောင့်မဟုတ်၊ ၎င်း၏ဇာတ်လမ်းဖွဲ့စည်းပုံ၊ ရေးသားမှု ကျွမ်းကျင်ပုံများကြောင့်ပင် ဖြစ်ပေတော့သည်။

၎င်းက ဝတ္ထုများတွင် ကျွန်ုပ်အား ဇာတ်ကောင်တစ်ကောင်အဖြစ် ထည့်သွင်းထားပြီး အချို့ဝတ္ထုများ၌ ကျွန်ုပ်ကိုယ်တိုင် လေ့လာသုတေသနပြုခဲ့သည့်အတိုင်း ရေးသားထားသည်။ အချို့ဝတ္ထုများ၌ကား ဖြစ်ရပ်ကို ဝတ္ထုသဖွယ် သရုပ်ဖော်ရေးသားထားပေ၏။

မည်သို့ဆိုစေ ကျွန်ုပ်၏ အတွေ့အကြုံများကို ရသပါသော ဝတ္ထုသဖွယ် တန်ဆာဆင်ရေးသားထားသည့်အတွက် ကျွန်ုပ်မှာ ကျေနပ်ဝမ်းမြောက်မိပေသည်။





ကျွန်ုပ်သည် မြန်မာစာဖတ်ပရိသတ်များ သိရှိရန်အလို့ငှာ ကျွန်ုပ်၏ လေ့လာတွေ့ရှိချက်များကို စာပေဖြင့် ရေးသားတင်ပြရန်စိတ်ကူးမှာ မဆွကတည်းကပင် ရှိခဲ့လေ၏။ သို့ရာတွင် ကျွန်ုပ်မှာ မအားလပ်ခြင်း၊ မြန်မာစာရေးသားရာတွင် ကျွမ်းကျင်မှု မရှိခြင်း (ကြွားဝါခြင်းမဟုတ်၊ ကျွန်ုပ်သည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခြင်းကိုသာ ကျွမ်းကျင်ပါသည်)တို့ကြောင့် ကျွန်ုပ်၏ ဆန္ဒများ နှောင့်နှေးခဲ့ရပေ၏။

ယခု ကျွန်ုပ်ခင်မင်သော လူငယ်က 'ဆောင်းလုလင်'ဆိုသော ကလောင်အမည်ဖြင့် ကျွန်ုပ်၏ အတွေ့အကြုံများကို ရသပါသော ဝတ္ထုသဖွယ် စီကုံးရေးသားပေးသည့်အခါ ကျွန်ုပ်၏ အာသာဆန္ဒကို ဖြည့်ဆွမ်းပေးရာ ရောက်သဖြင့် ကျွန်ုပ်မှာ များစွာ ကျေးဇူးတင်ရပေ၏။

ဆောင်းလုလင်က အချို့ဖြစ်ရပ်များကို နေရာ၊ ဒေသ၊ ကာယကံရှင်တို့၏ အမည်နာမများပြောင်း၍ ရေးသားထားပေရာ ဤသည်မှာလည်း ဖြစ်သင့်သော အချက်တစ်ရပ်ပင် ဖြစ်ပေ၏။ အချို့ဝတ္ထုများ၌ကား ဖတ်ရှု၍ ပိုအဆင်ပြေစေရန် စိတ်ကူးယဉ်ဇာတ်ကောင်များ ဖြည့်စွက်ထားသည်ကို တွေ့ရပေသည်။ ဤသည်မှာလည်း ရသဝတ္ထုအဖြစ် တင်ပြသည်မို့ ဖတ်ရှုသူများအဖို့ အရသာပို၍ ပြည့်ဝစေမည်ဟု ယူဆပါသည်။

ကျွန်ုပ်ကိုယ်တိုင်သာ ဤဖြစ်ရပ်များကို စာဖြင့်ရေးသား



www.burmeseclassic.com

www.burmeseclassic.com



တင်ပြရလျှင် အချက်အလက်များပါသော ဆောင်းပါးရှည်ကြီး သဖွယ်သာ ဖြစ်နေမည်ဖြစ်ပြီး၊ ငြီးငွေ့ဖွယ်ကောင်းမည် အမှန်ဖြစ်ကြောင်း ဝန်ခံရပေမည်။ ဆောင်းလုလင်က စာဖတ်ပရိသတ်များကို ကျွန်ုပ်တင်ပြလိုသော အကြောင်းအရာများအား ကျွန်ုပ်ကိုယ်စား ရသဝတ္ထုအနေနှင့် တင်ပြပေးသည့်အတွက် ကျေးဇူးတင်ရပါသည်။

သို့ပါ၍ ဆောင်းလုလင်ဆိုသော သူငယ် နောက်တစ်ခေါက်ရောက်လာ၍ ကျွန်ုပ်၏သဘောထားကို မေးမြန်းသည့်အခါ၌ ကျွန်ုပ်က ၎င်း၏စာပေရေးသားခြင်း အတတ်ပညာကို ချီးကျူးကာ ဝတ္ထုများအဖြစ် ပုံနှိပ်ထုတ်ဝေလိုပါက ထုတ်ဝေနိုင်ပါကြောင်း ကျေနပ်စွာဖြင့် ခွင့်ပြုချက် ပေးလိုက်ရပါသတည်း။

မနော်သုတေသီ
M.B.B.S (Rgn)
M.Med. Sc
M.P.H ([illegible])
ဒေါက်တာမိုးတိုက်



## ကျော်ကြီး ဒေါ် မိုးကျော်သူ၏ ကိုယ်တိုင်ရေးမှတ်တမ်း

ကျွန်တော်ဟာ ဒီမှတ်တမ်းကို ကျွန်တော်မရှိတော့တဲ့နောက် လူအများသိအောင် ရေးသားထားခဲ့ပါတယ်။

ကျွန်တော်မရှိတော့တဲ့နောက်ဆိုတာက မကြာခင်မှာ ကျွန်တော်ဟာ ကျွန်တော့်ချစ်သူ ဥစ္စာစောင့်မလေး မြနန်းမုံနောက်ကို လိုက်သွားတော့မှာမို့ပါပဲ။ ကျွန်တော်ဟာ နန်းမုံနောက်ကို အသေထွက်နဲ့ လိုက်ရမလား၊ အရှင်ထွက်နဲ့ လိုက်ရမလားဆိုတာတော့ စဉ်းစားနေဆဲပါပဲ။ နန်းမုံနောက်ကို လိုက်ဖို့ရာမှာ နန်းမုံရဲ့ ဆန္ဒကလည်း အဓိကလည်း ကျပါတယ်။ နန်းမုံက သူနဲ့ ကျွန်တော် ပေါင်းရဖို့ကိစ္စကို ဘယ်လိုစီစဉ်မယ်ဆိုတာ ကျွန်တော် မသိနိုင်သေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခု ဒီစာကို ရေးနေတဲ့အချိန်မှာ ကျွန်တော့်မျက်လုံးတွေဟာ မှုန်ဝါးဝါးပဲ မြင်ရတော့တယ်။ မကြာခင်မှာ ကျွန်တော့်မျက်လုံးတွေဟာ လုံးဝ ပျောက်ကွယ်သွားပါတော့မယ်။ မျက်လုံးကွယ်မယ်ဆိုတာကို ကျွန်တော် စကတည်းက ကြိုသိနေပါတယ်။

ကျွန်တော်ဟာ ကျွန်တော့်ရဲ့ဆရာကြီး စကားကို နားမထောင်ခဲ့လို့ မျက်လုံးကွယ်ရတော့မှာပါ။ ကျွန်တော့်ဆရာကြီးက ကျွန်တော့်ကို အကြိမ်ကြိမ် တားမြစ်သတိပေးတဲ့ကြားက ဆရာကြီးစကားကို နားမထောင်မိလို့ ကျွန်တော် ကျိန်စာသင့်ရပါတော့မယ်။

ဘာပဲဖြစ်ဖြစ် တစ်နည်းတော့လည်း ကျွန်တော်ဟာ ဆရာကြီးစကားကို ပစ်ပယ်ဖယ်ရှားခဲ့လို့ မြနန်းမုံဆိုတဲ့ ဥစ္စာစောင့်မလေးနဲ့ တွေ့ဆုံချစ်ကြိုက်ခွင့်ရခဲ့တာပါ။ မြနန်းမုံနဲ့ ချစ်ခွင့်ကြုံရတာ တစ်ခုတည်းနဲ့တင် ဆရာကြီးစကားကို နားမထောင်မိလို့က ကျိန်စာသင့်ရတဲ့ ဝဋ်ဒုက္ခကို ကျွန်တော် ခံရပါပြီ။

မျက်မမြင် ဒုက္ခိတဘဝနဲ့ လူ့လောကမှာ အသက်ဆက်ရှင်နေမယ့်အတူတူ ကျွန်တော့်ချစ်သူရဲ့ သိုက်နန်းကို ကျွန်တော် လိုက်သွားပါတော့မယ်။

ကျွန်တော့် အကြောင်းကို ခုလိုပြောပြနေတော့ ခင်ဗျားတို့ နားရှုပ်ရင် ရှုပ်နေလိမ့်မယ်။





အစဉ်အတိုင်း တစ်ခုချင်းပြောပြမှ ကျွန်တော့်ဘဝကို သဘောပေါက်မှာပါ။

ထူးဆန်းတဲ့ ဒီအဖြစ်တွေ ဖြစ်ပျက်လာတဲ့ ခေတ်လမ်းအစက ဒီလိုဗျ။

* * *

အဲဒီနေ့က ခရစ္စမတ်နေ့ဗျ။ ကျွန်တော့်ဆရာကြီးခြံထဲမှာ ခရစ္စမတ်ပွဲ လုပ်တယ်။

ကျွန်တော့်ဆရာကြီးဆိုတာက မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဖေသက်ကြည်ပါ။ ဆရာကြီးက မျက်စိဖက်မှာတော့ မြန်မာနိုင်ငံမှာ အတော်ဆုံးဆရာဝန်ထဲက တစ်ယောက်ပဲ။ ဆရာကြီးက အသက်တော့ ကြီးလှပါပြီ။ အသက် (၇၀)တောင် ရှိနေပြီ။ သူ့မြေးအကြီးတွေတောင် ကျွန်တော့်လောက်ရှိနေပြီဗျ။

ဆရာကြီးက ပင်စင်ယူပြီးကတည်းက ကိုယ်ပိုင်ဆေးခန်းဖွင့်ပြီး ကုသခဲ့တာ ခုဆိုဆေးတိုက်ကြီးမှ အကြီးကြီးပိုင်နေပြီ။ ဆရာကြီးရဲ့ ဆေးတိုက်မှာ လူနာလည်းကုတယ်၊ မျက်မှန်တွေလည်း ရောင်းတယ်။ ရွှေဘုံသာလမ်းက ဆေးခန်းကြီးကို ကျွန်တော် တစ်ခါတလေမှ ရောက်ပါတယ်။ ကျွန်တော့်ကို ဆရာကြီးက သူ့အိမ်မှာပဲ ခိုင်းထားတာ။ ကျွန်တော်က ဆေးခန်းကြီးမှာပဲ အလုပ်လုပ်ချင်တာ၊ ဆရာကြီးက ကျွန်တော့်ကို ဆေးခန်းမှာ မထားဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းမှာသာလုပ်ရရင် ဘယ်လောက်ပျော်ဖို့ ကောင်းမလဲ၊ မြို့ထဲမှာ နေရမှာဆိုတော့လေ။

ခုတော့ဗျာ၊ ဝင်ဒါမီယာဆိုတဲ့ ဆရာကြီးအိမ်ရှိတဲ့ နေရာကြီးက ပျင်းစရာကြီး။ တစ်အိမ်နဲ့ တစ်အိမ်လည်း အဝေးကြီး၊ သစ်ပင်ဝါးပင်တွေနဲ့၊ ကျွန်တော်တို့ရွာနဲ့ ဘာထူးသလဲ။ ရွာမှာက တစ်အိမ်နဲ့ တစ်အိမ် သွားကြ လာကြ ပြောကြ ဆိုကြရှိကြသေးတယ်၊ ဒီမှာဖြင့် သူ့ဟာနဲ့သူ ဖာသိဖာသာ နေကြတာဗျာ၊ ပျင်းဖို့ ကောင်းလိုက်တာ။ ကျွန်တော်က ရန်ကုန်ထိလာနေမှတော့ ပျော်စရာကောင်းတဲ့ မြို့ထဲမှာပဲ နေချင်တာပေါ့နော့။

ထားပါတော့ဗျာ။ ခရစ္စမတ်ညကအကြောင်း ပြောမယ်။

ဆရာကြီးက လူများများ ဖိတ်မထားဘူးဗျ။

ဖိတ်ထားတာ (၈) ယောက်ထဲ။ အားလုံးက ဆရာဝန်တွေချည်းပဲ။ ညနေ (၆)နာရီလောက်ကတည်းက ဖိတ်ထားတဲ့ ဆရာဝန်တွေ အားလုံး ရောက်လာကြပြီ။ ဆရာဝန်တွေကလည်း အရွယ်စုံဗျ၊ ဆရာကြီးလို အဘိုးကြီးတွေလည်း ပါတယ်၊ အသက် (၄၀)လောက် ဆရာဝန်တွေလည်းပါတယ်၊ ခပ်ငယ်ငယ်ဆရာဝန် လေးနှစ်ယောက်လည်းပါတယ်ဗျ။

ဆရာဝန်အငယ်တွေထဲက တစ်ယောက်ကတော့ ဆရာကြီးတပည့်ပါ။ ဒေါက်တာ တက်ထွန်းတဲ့၊ ဒေါက်တာတက်ထွန်း





က ကျွန်တော့်ထက် လေးငါးနှစ်လောက်ပဲ ကြီးမယ်၊ သူက မြို့ထဲဆေးခန်းကြီးမှာ ဆရာကြီးလက်ထောက်အနေနဲ့ ထိုင်တာလေ၊ တစ်ခါတလေ ဓာတ်ခွဲခန်းမှာ အလုပ်ရှိရင် ခြံထဲကို လာနေကျမို့ ကျွန်တော်နဲ့ ခင်နေတယ်။ ကျွန်တာတွေက ဆရာကြီးရဲ့ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ၊ တပည့်တွေပေါ့။ ကျွန်တော်သိတာက တော့ ဒေါက်တာ တက်ထွန်းတစ်ယောက်တည်းပါ။

ဖိတ်ထားတဲ့ လူတွေအားလုံး ညနေ (၆)နာရီမှာ လူစုံတက်စုံ ရောက်လာကြတယ်။ လာတဲ့ဧည့်သည်တွေ အားလုံးက ယောကျ်ားတွေချည်းပဲ။ ဟုတ်တယ်၊ ဆရာကြီးလုပ်မယ့် ဒီလိုပွဲမျိုးက ယောကျ်ားတွေချည်းမှဖြစ်မှာ။ ဆရာကြီးက ဇနီးမယားတွေကို ခေါ်မလာဖို့ ဖိတ်ကတည်းက သေချာသတိပေးထားတာ။ အိမ်မှာရှိတဲ့ ဆရာကြီးသမီး တစ်ယောက်နဲ့ ချွေးမတစ်ယောက်၊ မြေးမလေး သုံးယောက်ကိုလည်း တခြား သွားလည်ခိုင်းထားတယ်၊ (ဆရာကြီး မိန်းမကတော့ မရှိတော့ဘူး၊ သေပြီ) ကုန်ကုန်ပြောရရင် အိမ်ဖော်မလေးနှစ်ယောက်ကိုတောင် ခေါ်သွားခိုင်းထားတာ။

ဟုတ်တယ်ဗျ၊ ဒီလိုပွဲမျိုးက အနားမှာမိန်းမရှိနေလို့ မသင့်တော်ဘူး။ ကျွန်တော်က ဆရာကြီး အကြံအစည်ကို ကြိုသိနေပြီးသားလေ၊ ပွဲက ပျော်ဖို့တော့ အတော်ကောင်းမှာပဲဗျ၊ [illegible]။



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ထားတဲ့ ဆရာဝန်တွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြတယ်။ ကျွန်တော်က ခြံဝကနေ တံခါးဖွင့်ပေးရတာလေ။ ရောက်လာတဲ့ ဧည့်သည်တွေကိုကြည့်ပြီး ကျွန်တော့်မှာ တစ်ယောက်တည်း ကြိတ်ရယ်လိုက်ရတာ။

ကြည့်ပါဦးဗျာ၊ ဆရာဝန်ကြီးတစ်ယောက်က ဆရာဝန်လုပ်နေပြီး ခြေသလုံးမှာ အနာကြီးနဲ့၊ အနာကို ပတ်တီးနဲ့စည်းထားတာကို သူ့ဘောင်းဘီရှည်ကြီးကို ဖောက်ပြီး ကျွန်တော်က မြင်နေရတယ်။

အငယ်ဆုံးက ဆရာဝန်လေးတစ်ယောက်ကျတော့ သူကိုင်လာတဲ့ အိတ်ထဲမှာ ကွန်ဒုံးတွေထည့်လာတာကြည့်ပြီး ကျွန်တော့်မှာ ပြုံးမိရသေးတယ်၊ ဆရာဝန်လေးက လူပျိုထင်ပါရဲ့။

ဆရာကြီးနဲ့ ရွယ်တူလောက်ရှိတဲ့ ဆရာဝန်ကြီးတစ်ယောက်ကျတော့ဗျာ၊ သူ့ပိုက်ဆံအိတ်ထဲမှာ ဝတ်လစ်စလစ်ရိုက်ထားတဲ့ မိန်းမဓာတ်ပုံနဲ့အတူတူ စိပ်ပုတီးကို ထည့်ထားတယ်၊ ကြည့်ပါဦး၊ ဘယ်လောက်ရယ်ဖို့ ကောင်းသလဲဆို။

အို… အကုန်၊ အကုန်၊ ကျွန်တော် သူတို့အားလုံးကို အကုန်မြင်နေရတာဗျ။ ကုန်ကုန်ပြောရရင် သူတို့အဝတ်အစားတွေကိုဖောက်ပြီး သူတို့တစ်ကိုယ်လုံးကို ကိုယ်လုံးတီးမြင်နေရတာလေ။ ဒီလိုကျတော့ ကြည့်ရတာ ရယ်လည်းရယ်စရာကြီး၊ တစ်





မျိုးလည်း တစ်မျိုးကြီးပဲဗျာ။ ဒါကြောင့် ဒီပွဲမှာ မိန်းမ,မပါစေရတာလေ။ မိန်းမတွေပါလို့ကတော့ ဟင်း… ဘာပြောကောင်းမလဲ။

ဒီလိုနဲ့ ဧည့်သည်တွေ စုံရောဆိုပါတော့။

ဧည့်ခံပွဲမှာ ဘားကောင်တာ ဖွင့်ပေးထားတော့ တချို့ဧည့်သည်တွေက အရက်တွေ ယူသောက်နေကြပြီ။

ဧည့်သည်တွေ စိတ်ထဲမှာ ခရစ္စမတ်ပွဲကိုကြည့်ပြီး ဇဝေဇဝါ ဖြစ်နေကြတယ်။

'ဆရာဖေ့ပွဲက လူနည်းလှချည်လားဗျ'

'ဟုတ်တယ်၊ ကျုပ်တို့ ရှစ်ယောက်တည်းကို လက်ရွေးစင်ရွေးဖိတ်တာတဲ့'

'အမျိုးသမီးတွေ မပါတော့ ပျင်းစရာကြီးဗျာ'

'ထူးထူးခြားခြား အစီအစဉ်တစ်ခုရှိတယ် ပြောတယ်ဗျ၊ ဘာလဲတော့ မသိဘူး'

'ဆရာကြီးက အရင်နှစ်တွေ ခရစ္စမတ်လုပ်တာ မတွေ့မိပါဘူး၊ ကျွန်တော့်ကို မဖိတ်လို့လားတော့ မသိဘူး'

'မလုပ်ဘူးဗျ၊ ဒီတစ်ခါပဲ လုပ်တာ'

'ဧည့်သည်တွေက အမျိုးမျိုး ထင်ကြေးပေးနေကြတာကို ဘားကောင်တာနားမှာ ရပ်နေတဲ့ ကျွန်တော်က ကြားနေရတယ်။ လူစုံရောက်လာပြီမို့ ခြံတံခါးကို ပိတ်ထားလိုက်ပြီ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း လူစုံရောက်ပြီဆိုတဲ့အကြောင်း ဆရာကြီးကို သွားပြောထားလိုက်တယ်။ ဆရာကြီးက သူ့ခတ်ခွဲခန်းထဲမှာ အလုပ်များနေတုန်း။

မကြာပါဘူး။ ဆရာကြီး ရောက်လာတယ်။

ဆရာကြီး ဒေါက်တာဖေကြည်က ဧည့်သည်တွေကို ပြုံးပြပြီး ဘားကောင်တာနား လျှောက်လာတယ်။

'မူးအောင် မသောက်ကြနဲ့ဦးဗျ၊ စပါယ်ရှယ် အစီအစဉ် ရှိတယ်၊ ကျွန်တော်တို့ နေရာရွေ့ကြဦးမှာ'

'ဘာများလဲ ကိုဖေရဲ့၊ ပွဲက လူနည်းလွန်းတော့ ကျုပ်တို့က ပျင်းခြောက်ခြောက်ကြီး ဖြစ်နေတာ'

'ဟဲ… ဟဲ… ခင်ဗျားကို စိတ်ပျိုသွားအောင် လုပ်ပေးမယ့် အစီအစဉ်ဗျ၊ ကျွန်တော်တို့လို ခြောက်ဆယ်ကျော် ခုနစ်ဆယ်ကျော်ကြီးတွေ ငယ်မူပြန်ဖို့ လုပ်ထားတာဗျ'

'ဟော့လူ… ပေါက်ကရတွေတော့ မကြံစည်နဲ့နော်၊ ကြီးတောင့်ကြီးမားမှ ကျုပ်တို့ ပယ်နယ်စလင် ထိုးနေရဦးမယ်'

'ထိုးတော့လည်း ကိုယ့်ဟာကိုယ် ကြိတ်ထိုး၊ ဘယ်သူသိတာလိုက်လို့ဗျာ၊ ကိုယ်တိုင် ဆရာဝန်ပဲဟာကိုး'

'မလုပ်နဲ့ဗျ၊ ပယ်နယ်စလင်နဲ့ ဆေးထိုးရင် တော်[illegible]းတယ်၊ တော်ကြာ ပယ်နယ်စလင်နဲ့ မပျောက်တဲ့….'

ဆရာဝန်အချင်းချင်း အင်္ဂလိပ်လို ဆက်ပြောပြီး ရယ်[illegible]





ကြတယ်။

ဆရာကြီးက စကားပြောဖို့ စီစဉ်ထားတဲ့ စားပွဲနားကို သွားရပ်ပြီး ချောင်းတစ်ချက်ရှင်းလိုက်တယ်။

အားလုံးရဲ့ အာရုံတွေက ဆရာကြီးဆီ ရောက်သွားတာပေါ့။

'လေးစားအပ်တဲ့ ဧည့်သည်တော်များခင်ဗျား၊ ကျွန်တော့်ရဲ့ လက်ရွေးစင် ဧည့်သည်တော်ကြီးရှစ်ယောက်ဟာ ကျွန်တော့် လုပ်သက်တစ်လျှောက် သိကျွမ်းရင်းနှီးခဲ့တဲ့ မိတ်ဆွေတွေ၊ တပည့်တွေထဲက အရင်းနှီးဆုံးများကို ရွေးဖိတ်ထားခြင်း ဖြစ်ပါတယ်'

'ကျေးဇူးတင်ပါတယ်'

နည်းနည်းမူးနေတဲ့ ဆရာဝန်ငယ်ငယ်တစ်ယောက်က ဆရာကြီးစကား မဆုံးခင် ထအော်လိုက်တယ်။

'နားထောင်ဦးကွ၊ ငါက ငါ့အစီအစဉ်ကို စီကာပတ်ကုံးပြောပြမလို့'

ဆရာကြီးက သူ့စကားကို ဝင်နှောက်တဲ့ သူ့တပည့် ဆရာဝန်လေးကို ငေါက်လိုက်တယ်။

ဒါပေမဲ့ ဆရာကြီးစကားကို အားလုံးက ဝိုင်းရယ်ကြတယ်။ လူတွေက မူးနေ ပျော်နေကြပြီလေ။

'ကဲ… လိုရင်းပဲ ပြောတော့မယ်ဗျာ၊ ဒီလိုဗျ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



မျက်စဉ်းတစ်မျိုး ဖော်စပ်ထားတယ်'

'ဟင်… အဲဒါ ဘာဆန်းလို့လဲ၊ မျက်စိဆရာဝန် မျက်စဉ်း ဖော်တာပဲဟာ'

တစ်ယောက်က ဝင်နှောက်ပြန်တယ်။

ဆရာကြီးက လုပ်ငန်းခွင်ထဲမှာကတည်းက ပျော်ပျော်ပဲနေတတ်တယ်၊ တပည့်တွေကိုလည်း အလိုလိုက်တယ်၊ အသက် အရွယ်မရွေး တန်းတူပေါင်းတတ်တယ်တဲ့။ အဲဒါကြောင့် သူတို့ တွေ ဆရာကြီးကို နောက်ရဲတာပေါ့။

'ဟကောင်… ဆန်းတယ်ကွ၊ အခု ဖော်ထားတဲ့ မျက်စဉ်းက အလွှာတစ်လွှာကို ဖောက်မြင်ရတဲ့ မျက်စဉ်း၊ ငါက Super Vision လို့တောင် နာမည်ပေးထားတာကွ'

'အလွှာတစ်လွှာကို ဖောက်မြင်ရတယ်၊ ဟုတ်လား ဆရာကြီး၊ ဒါဆို သုံးလေးထပ် ထပ်ဝတ်ထားရင် မမြင်ရတော့ဘူးပေါ့'

တချို့က ရယ်ကြပြန်တယ်၊ ဆရာကြီးစကားကို အလေး အနက်ထားတဲ့ တချို့ကတော့ မရယ်ကြဘူး၊ စိတ်ဝင်တစား နား ထောင်နေကြတယ်။

'ဒီလိုဗျ၊ တော်ရုံထူပိန်းတဲ့ အရာဝတ္ထုလောက်ကို ဖောက် မြင်ရတဲ့ မျက်စဉ်းမျိုး တီထွင်ဖို့ ကျုပ်စိတ်ကူးခဲ့တာ ကြာပြီ။ လုပ်ငန်းခွင်မှာဆိုတော့ မအားတာကတစ်မျိုး၊ မျက်လုံးကိုအန္တရာယ်





ပေးနိုင်တဲ့ကိစ္စ စဉ်းစားရတာကတစ်မျိုးနဲ့ အကောင်အထည် မဖော် နိုင်ခဲ့ဘူး၊ ပင်စင်ယူပြီး ကိုယ်ပိုင်အလုပ်တွေကိုပါ လက်လောက်တွေ လွှဲထားနိုင်တဲ့ ဒီလိုအချိန်မျိုးကျမှ ကျုပ်စိတ်ကူးကို စမ်းသပ်နိုင်တော့ တယ်'

လူတွေက ဆရာကြီးစကားကို စိတ်ဝင်စားသွားပြီ၊ တိတ် တိတ်ဆိတ်ဆိတ်ပဲ နားထောင်နေကြတယ်။

'ကျုပ် သုံးနှစ်လောက် ကြံစည်လိုက်ရတယ်ဗျ၊ နောက် ဆုံးတော့ အောင်မြင်ရောဆိုပါတော့၊ အမျိုးမျိုးလည်း စမ်းသပ်ခဲ့ ပြီးပါပြီ၊ ခွေးကလေးတွေ၊ ကြောင်ကလေးတွေနဲ့ စမ်းသပ်ကြည့်ခဲ့ တာပါ၊ ဒါပေမဲ့ ဒီမျက်စဉ်းရဲ့အောင်မြင်မှုဟာ ရာခိုင်နှုန်းပြည့် ကွန်ပလိတော့ မဖြစ်သေးဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ကြိမ် ထက်ပိုသုံးခဲ့ရင် မျက်ကြည်လွှာကို ထိခိုက်နိုင်တယ်၊ အဲဒီတော့ အသုံးပြုသူဟာ မျက်စဉ်းကို တစ်ကြိမ်တစ်ခါပဲခပ်တာ အကောင်း ဆုံးပဲ၊ တစ်ကြိမ်ခပ်ထားရင် (၁၂)နာရီကြာအောင် အာနိသင်ပြလိမ့် မယ်လို့ ကျွန်တော် ယုံကြည်တယ်၊ ဒီနေ့ ဖိတ်ကြားတဲ့ပွဲက ကျုပ် တီထွင်ထားတဲ့ မျက်စဉ်းကို သုံးကြည့်ရင်း ပျော်ကြရွှင်ကြမယ့် ပွဲပဲ'

'ကိုဖေ၊ ခင်ဗျားက ကျွန်တော်တို့ကို အစမ်းသပ်ခံတွေ အဖြစ် အသုံးပြုနေတာလား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ကျွန်တော့်မျက်စဉ်းဟာ အလွှာတစ်လွှာကို ဖောက်မြင်ရတယ်ဆိုတာ သေချာအောင် စမ်းသပ်ပြီးပါပြီ၊ ခင်ဗျားတို့ကို သုံးကြည့်စေချင်၊ သက်သေပြချင်လို့ ဖိတ်လိုက်တာပါ၊ မျက်စဉ်းကို ခပ်ကြည့်ဖို့ကတော့ ခင်ဗျားတို့ရဲ့ ဟာယူးမင်းရိုက်အတိုင်းပဲ၊ ကိုယ်ကျေနပ်မှ ကိုယ်ခပ်ပါ၊ ကျွန်တော်က အတင်းမတိုက်တွန်းပါဘူး'

'ခပ်မယ် ဆရာကြီး၊ ကျွန်တော်ကတော့ ခပ်မယ်၊ ဆရာကြီးကို ကျွန်တော် ယုံတယ်'

'ဟုတ်တယ်၊ ခုပဲ ခပ်ပေးပါတော့ ဆရာဖေ'

အားလုံးက စိတ်ဝင်စား တက်ကြွနေကြပြီ။

ခုနက သံသယနဲ့ ပြောနေတဲ့ ဆရာဝန်ကြီးက ဝင်ပြောတယ်။

'ကျွန်တော် မယုံလို့ပြောတာ မဟုတ်ပါဘူးဗျာ၊ သေချာအောင် မေးကြည့်တာပါ၊ ကျွန်တော်လည်း ကိုဖေ့ကို ယုံတာပေါ့၊ ကျွန်တော်လည်း ခပ်မှာပါ'

'ဟေး'

အားလုံးက ဝိုင်းအော်လိုက်ကြတယ်။

'ကဲ... ကဲ... ဒါဆို မျက်စဉ်းခပ်မခံလိုတဲ့လူ ရှိသလား'





ဘယ်သူကမှ ပြန်မပြောကြဘူး။

'မရှိပါဘူး ဆရာဖေရယ်၊ ဆရာဖေ့မျက်စဉ်းကို ထုတ်ပါတော့'

'ဟုတ်တယ်၊ ဟုတ်တယ်'

'ကောင်းပါပြီ၊ အားလုံးပျော်ရမယ့် ပွဲမျိုးပါဗျာ၊ ကျွန်တော်ကိုယ်တိုင် ခပ်မကြည့်ရသေးပေမယ့် ဒီမျက်စဉ်းဟာ တစ်ခါခပ်ရုံနဲ့ လူကို ဒုက္ခမပေးဘူးဆိုတာတော့ သေချာတယ်ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်တပည့်လေး တစ်ယောက်ကို နေ့လယ် (၂)နာရီကတည်းက ဒီမျက်စဉ်းကို အစမ်းခပ်ပေးထားပြီးပါပြီ၊ မျက်စဉ်းရဲ့ အောင်မြင်မှုကို သူ့ဆီက ရပြီးပါပြီ၊ (၁၂)နာရီကြာတဲ့အထိ အာနိသင်ပြမပြသာ ကျုပ်တို့ စောင့်ကြည့်ရမှာပါ'

'ဟင်... မျက်စဉ်းခပ်ထားတဲ့လူ ရှိတယ်၊ ဘယ်သူလဲ ဆရာကြီး'

အားလုံးက စိတ်ဝင်တစား ဝိုင်းမေးကြတယ်။

ဆရာကြီးက ဘားကောင်တာဘေးမှာ ရပ်နေကြတဲ့ ကျွန်တော့်ကို လက်ညှိုးထိုးပြလိုက်တယ်။

ဧည့်သည်အားလုံးရဲ့ အကြည့်တွေဟာ ကျွန်တော့်ဆီကို စုပြုံ ရောက်လာတာပေါ့။ ကျွန်တော်ကလည်း ခရစ္စမတ်ပွဲနေ့ဆိုတော့ အကောင်းဆုံးတွေ ဝတ်စားထားတာလေ၊ ဘောင်းဘီရှည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကုတ်အင်္ကျီနဲ့ ရှူးဖိနပ်နဲ့ နက်ကတိုင်နဲ့ဘာနဲ့ဗျ၊ ဆရာဝန်တွေ ကိုယ်တိုင်က အထင်တကြီးကို ကျွန်တော့်ကို ဝိုင်းကြည့်ကြတော့ ကျွန်တော်ကလည်း ပြုံးပြုံးလေး နေပြလိုက်တာပေါ့။

ဒေါက်တာတက်ထွင်းက ကျွန်တော့်ပခုံးဖက်ပြီး-

'တယ်ဟုတ်ပါလားကွ ကျော်ကြီး၊ မျက်စဉ်းက ဘယ်လိုလဲကွ၊ ဆရာကြီးပြောသလို ဖောက်မြင်ရတာ တကယ်ပဲလား'

'ဟုတ်… ဟုတ်ကဲ့၊ မြင်ရတယ်ဗျ၊ အကုန်မြင်ရတယ်'

'ဟဲ… ဟဲ… ခင်ဗျားတို့က သူ မျက်စဉ်းခပ်ထားတာ မသိလို့ လိပ်ပြာလုံလုံ မနေနိုင်တာကိုးဗျ၊ ကျုပ်က သူ အကုန်လုံးကို ဖောက်မြင်နေရတာသိနေတော့ ဒီကောင့်ရှေ့မှာနေရတာ စိတ်တောင် မလုံဘူးဗျို့'

'အို'

'ဟုတ်လားသူငယ်၊ မင်း အကုန်ဖောက်မြင်နေရသလား ကွ'

'ဟုတ်… ဟုတ်ပါတယ် ဆရာ၊ အကုန် မြင်နေရပါတယ်၊ ဆရာတို့ အိတ်ထဲမှာ ပိုက်ဆံဘယ်လောက်ပါတယ်ဆိုတာပါ မြင်နေရတယ်၊ ဆရာတို့ကို တစ်ကိုယ်လုံးလည်း မြင်နေရတယ်၊ ဟီး… ဟီး… လူတွေ အကုန်လုံးကို မြင်နေရပါတယ်'

ကျွန်တော်က ပြောရင်းရယ်ချင်လာလို့ မျက်နှာပိုး မသတ်





နိုင် ဖြစ်နေရတယ်။

ကျွန်တော့်စကားကို ကြားလိုက်တော့ ဆရာဝန်တွေ အကုန်လုံး ကိုယ်တွေယို့ကုန်ကြတယ်၊ တချို့က သူတို့ရှေ့ဘက်ကိုယောင်ပြီး လက်နဲ့ကာလိုက်ကြတယ်၊ ရယ်လိုက်ရတာဗျာ'

'ကဲ… ကဲ… ကျော်ကြီး၊ ရော့… ဒီမှာသော့၊ ဆရာကြီးခတ်ခဲ့ခန်းထဲက မျက်စဉ်းပုလင်းကို သွားယူပေတော့၊ နေ့လယ်က မင်းကို ခပ်ပေးတဲ့ ပုလင်းနော်၊ စားပွဲပေါ်မှာ ဆရာကြီးတင်ထားခဲ့တယ်၊ ယူပြီး သော့ကို သေချာပြန်ခတ်ခဲ့၊ ကြားလား'

'ဟုတ်ကဲ့ပါ ဆရာကြီး'

ကျွန်တော်က လူတွေအားလုံးရှေ့မှာ ဝင့်ဝင့်ကြွားကြွားပဲ ဆရာကြီး လက်ထဲက သော့ကို လှမ်းယူလိုက်တယ်၊ မျက်စဉ်းကို ဦးဆုံးခပ်ခွင့်ရတဲ့ ကျွန်တော့်ကို လူတွေက အထင်ကြီးနေကြမှာဗျ။

အိမ်မှာ အတူအလုပ်လုပ်တဲ့ ဦးကျန်ကြီးနဲ့ မောင်မြိုင်ဆိုရင် ဘားကောင်တာမှာရပ်ရင်း ကျွန်တော့်ကို အထင်တကြီးနဲ့ လှမ်းကြည့်နေတယ်၊ ဆရာကြီးက သူ့မျက်စဉ်း စမ်းသပ်တဲ့နေရာမှာ ကျွန်တော့်ကိုပဲ သုံးတာလေ၊ ဒီကောင်တွေကို မသုံးဘူး၊ ဆရာကြီးက ဘယ်သူ့မှ မပြောရဘူးဆိုလို့ ကျွန်တော်က မပြောဘဲထားတာ၊ အခု ညွှန်သည်တွေကိုရှင်းပြမှ မောင်မြိုင်နဲ့ ဦးကျန်

www.burmeseclassic.com

www.burmeseclassic.com



ကြီး သိကြတယ်။ သူတို့လည်း ကျွန်တော့်ကို အထင်ကြီးသွားကြမှာပေါ့။

ကျွန်တော်က ဆရာကြီးဆီက ဓာတ်ခွဲခန်းသော့ကို လှမ်းယူပြီး ကိုယ်ကို ခတ်မတ်မတ်ထားလို့ အားလုံးရှေ့က ထွက်လာခဲ့တယ်။

* * *

ဓာတ်ခွဲခန်းက အိမ်နောက်ဘက်မှာ ရှိတာပါ။

ဓာတ်ခွဲခန်းကို ဘယ်သူမှ ဆရာကြီးခွင့်ပြုချက်မရဘဲ မဝင်ရဘူး။ ဆရာကြီးရဲ့ လက်ထောက် ဆရာဝန်လေး ဒေါက်တာ တက်ထွန်းတောင် ဆရာကြီးခေါ်မှ လာရတာ၊ ဝင်ခွင့်ရှိတာ။

ကျွန်တော်က သီးသန့်အဆောက်အအုံဖြစ်တဲ့ ဓာတ်ခွဲခန်းရဲ့ အပြင်တံခါးမကြီးကို ဖွင့်ဝင်လိုက်တယ်။ တံခါးက နှစ်ထပ်လုပ်ထားတာပါ။ တကယ့် ဓာတ်ခွဲခန်းထဲ မဝင်ခင် အတွင်းမှာ တံခါးတစ်ထပ် ရှိသေးတယ်။ အဲဒီ တံခါးပေါက်ရှေ့မှာတော့ ဖိနပ်ကို ချွတ်ထားခဲ့ရပါတယ်။ ခြေထောက်ကို ခြေသုတ်ခုံမှာ သေချာသုတ်ပြီးမှ ဝင်ရပါတယ်။ ဓာတ်ခွဲခန်းက မျက်စဉ်းတွေ ဘာတွေဖော်တဲ့ အခန်းဆိုတော့ သန့်နေရမှာလေ။ အပြင်ကဖုံတွေ မပါအောင် သန့်ရှင်းထားတဲ့ အခန်းပေါ့။





ကျွန်တော်က ဒုတိယတံခါးရှေ့မှာ ဖိနပ်ကို ချွတ်ထားခဲ့လိုက်တယ်၊ ရှူးဖိနပ်နဲ့ဆိုတော့ ခြေအိတ်ဝတ်ထားလို့ ခြေအိတ်ကို ချွတ်မနေတော့ဘူး။

အခန်းထဲက စားပွဲပေါ်မှာ မျက်စဉ်းပုလင်းကို အဆင်သင့်ပဲ တွေ့ပါတယ်။ နေ့လယ်က ဆရာကြီးက ကျွန်တော့်ကို မျက်စဉ်းခေါ်ခပ်ပေးတော့ ဒီအခန်းထဲကို ရောက်သေးတယ်လေ။ ကျွန်တော့်ကို ခပ်ပေးတဲ့ မျက်စဉ်းပုလင်းကို ကျွန်တော် မှတ်မိတယ်။ ထိပ်မှာရာဘာဘောလုံးလေးပါတဲ့ ဖန်ပြွန်ချောင်းလေးကို ပုလင်းအဖုံးအနေနဲ့ တပ်ထားတယ်။ ဘောလုံးလေးကိုဖျစ်ပြီး မျက်စဉ်း ထည့်လို့ရအောင် လုပ်ထားတာပါ။

ပုလင်းထဲမှာ မျက်စဉ်းတွေ အပြည့်ရှိနေတုန်းပဲ။ ကျွန်တော့်ကို ထည့်ပေးတဲ့ နှစ်စက်ပဲ သုံးရသေးတာကိုး။

ကျွန်တော်က လုံးပတ်ကျုပ်စေ့ အဝိုင်းလောက်ရှိပြီး သုံးလက်မလောက်မြင့်တဲ့ပုလင်းလေးကို စားပွဲပေါ်က ယူလာခဲ့တယ်။

တံခါးနှစ်ထပ်ကို သေချာပြန်ပိတ်တယ်။

ဧည့်ခံပွဲရှိတဲ့ အိမ်ရှေ့မြက်ခင်းပြင်ကို ပြန်လာခဲ့တယ်။ ခုလောက်ဆို ဧည့်သည်တွေ မျက်စဉ်းခပ်ချင်လွန်းလို့ စောင့်နေကြရောပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဆရာကြီးလက်ထဲကို သော့ရော မျက်စဉ်းပုလင်းပါ အပ်လိုက်တယ်။

ဆရာကြီးက 'မင်း ဘာထူးသေးသလဲ' လို့ မေးတယ်။

'ဘာမှမထူးဘူး ဆရာကြီး၊ ဒီအတိုင်းပဲ၊ အဝတ်အစားတွေ ဖောက်မြင်နေရတုန်းပဲ'

'အေး… ဟုတ်ပြီ'

'ခပ်ပေးပါတော့ဗျို့'

ဧည့်သည်တွေက မျက်စဉ်းခပ်ပေးဖို့ တောင်းဆိုနေကြပြီ။

'ကဲ… တန်းစီကြဗျို့'

ဆရာကြီးက ပြောလိုက်တယ်ဆိုရင်ပဲ ဧည့်သည်ဆရာဝန်ရှစ်ယောက်ဟာ သူ့ထက်ငါဦး ဆရာကြီးရှေ့ ရောက်လာကြတော့တယ်။

'ဟ… ဟ… ဒီလိုတိုးခွေ့နေလို့တော့ ဘယ်ဖြစ်မလဲ၊ ကဲ… ကဲ… ကြီးစဉ်ငယ်လိုက် ခပ်ပေးမယ်ဗျို့'

'ဆရာကြီး ကျွန်တော် ကြီးပါတယ်'

'ဘာလဲကွ မင်းက'

'အသက်၊ အသက်'

'အသက်ကတော့ ငါက အကြီးဆုံးကွ၊ ကျွန်တော်က မကြာခင် အဖြေပေါ်တော့မှာပဲ'





ဆရာကြီးစကားကို အားလုံးက အုန်းခနဲ ဝိုင်းရယ်ကြတယ်။

ဆရာကြီးက သူ့စကားအတိုင်း အသက်ကြီးစဉ်ငယ်လိုက် တစ်ယောက်ပြီးတစ်ယောက် သူကိုယ်တိုင် မျက်စဉ်းခပ်ပေးပါတယ်။

ဆရာကြီးတို့များ လက်ဆမှန်လိုက်တာ၊ လူတစ်ယောက်ကို မျက်လုံးတစ်ဖက် တစ်စက်စီ၊ ကွက်တိပဲ။

'ဟာ… ဟာ… ဟုတ်တယ်ဗျို့'

ခပ်ပြီးပြီးချင်း မျက်စဉ်းက အစွမ်းပြပြီလေ၊ ကျွန်တော်က ကိုယ်တိုင်ခပ်ဖူးတဲ့လူဆိုတော့ သိတာပေါ့၊ ဒီမျက်စဉ်းကို ပထမဆုံး ခပ်ဖူးတဲ့လူဟာ ကျွန်တော်ပဲဟာ။

'ထူးလှချည်လား ဆရာဖေ၊ ခင်ဗျားစမ်းသပ်မှု အောင်မြင်သဗျို့'

'ဟော့… ဟော့… အောင်မြင်ရင်လည်း တခြားတစ်နေရာ ကြည့်ဗျာ၊ ကျွန်တော့်ကို သေချာကြည့်မနေနဲ့၊ ကျွန်တော် မနေတတ်ဘူး'

မျက်စဉ်းခပ်ပြီးတဲ့သူတွေက ဆေးအာနိသင်ကို ဟုတ်မဟုတ် စမ်းတဲ့အနေနဲ့ အနီးမှာရှိတဲ့ လူတွေကို ကြည့်တာပေါ့၊ စိတ်မလုံတဲ့လူတွေက သူတို့ခါးအောက်ရှေ့ပိုင်းကို လက်နဲ့ကွယ်



www.burmeseclassic.com

www.burmeseclassic.com



ထားကြတယ်။

'အလို… ဘုရားသခင်က လူတွေကို တန်းတူရည်တူ ဖန်တီးပေးထားတယ်ဆိုတာ မဟုတ်ပါလားဗျို့'

တစ်ယောက်က ပညာသားပါပါနောက်လိုက်တော့ ပို ပြီး မလုံမလဲ ဖြစ်ကုန်ကြတယ်။

'ဒီနားကလူတွေကို မကြည့်ချင်ဘူးဗျို့၊ ဆရာကြီး၊ မြန် မြန်ပြီးအောင် ခပ်ပေးပါ၊ ကျွန်တော် အပြင်ထွက်လည်ချင်လှပြီ'

'ဟိုတယ်သွားပြီး အရသာခံချင်လှပြီဗျို့၊ မြန်မြန်လုပ်ပါ'

မျက်စဉ်းခပ်ပြီးသူတွေရဲ့ တအံ့တသြ ရေရွတ်သံ၊ အပြင် ထွက်ပျော်ဖို့ လောဆော်သံတွေနဲ့ လူနည်းနည်းလေးသာ ရှိတဲ့ဝိုင်း ဟာ ဆူညံနေတာပဲ။ ဒီတော့မှ ကျွန်တော်လည်း ကျွန်တော် မျက်စဉ်းပုလင်း သွားယူတုန်းမှာ မျက်စဉ်းခပ်ပြီးရင် အပြင်ဟိုတယ် တွေ လျှောက်လည်ပြီး ပျော်ကြဖို့ ဆရာကြီးပြောထားတာကို သိရတော့တယ်။

ကျွန်တော်လည်း လိုက်ပျော်ချင်လိုက်တာဗျာ၊ ဆရာကြီး က သူ့ဆရာဝန်ညီသည်တွေနဲ့အတူ ကျွန်တော့်ကို ခေါ်မှာ မဟုတ် ပါဘူး။

နောက်ဆုံးတော့ ဆရာကြီးက သူ့ကိုယ်သူ မျက်စဉ်းခပ် လိုက်တယ်။





ဆရာကြီးက မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ်လုပ် ရင်း ပတ်ဝန်းကျင်ကို ဟိုဒီလှည့်ကြည့်တယ်။ သူ့မျက်စဉ်းသူ နောက်ဆုံးမှ ခပ်ပြီး စမ်းသပ်ခွင့်ရတာလေ။

'အင်း… မဆိုးပါဘူး၊ ဆေးစွမ်းကတော့ တန်းပြတာ ပဲ၊ ဘယ်လောက်ကြာကြာခံမယ်ဆိုတာသာ မှတ်တမ်းတင်ဖို့ လို တော့တယ်'

ဆရာကြီးက သူ့မျက်စဉ်းသူ ကျေနပ်နေတယ်။

'ဘယ်လိုလဲ ဆရာဖေ၊ ဆရာ ဒီမျက်စဉ်းကို ဈေးကွက် တင်ဖို့ အစီအစဉ်ရှိသလား'

'အိုး… နိုး… နိုး၊ လုံးဝ မရှိဘူး၊ ဈေးကွက်ထဲ တင်ရောင်းလိုက်ရင် ရှုပ်ကုန်မှာပေါ့ ဆရာရဲ့၊ ဒါက တစ်စက် ပဲခပ်ရမှာ၊ လောဘကြီးတဲ့ ကောင်မျိုးတွေက အကြိမ်ကြိမ် အခါခါ ခပ်နေရင် ဘေးဥပါဒ်ဖြစ်ကုန်ကြမယ်လေ၊ ထုတ်ရောင်းလို့တော့ မဖြစ်ပါဘူးဗျာ'

'ဒါဖြင့် ဘာလို့ တွင်ထားသလဲ ကိုဖေ'

'ကျွန်တော့်အစွမ်းအစ ဘယ်လောက်ရှိတယ်ဆိုတာ သိချင်လို့ တွင်ရဲ့တွင်ကြည့်တာပါဗျာ၊ ယော… အခု အောင်မြင် ပြီ၊ ကိုယ့်လုပ်ရပ်ကို စိတ်ကျေနပ်မှု ရပြီ၊ တော်ပြီဗျာ'

'ဒီလိုဆို ကျွန့်တဲ့မျက်စဉ်းတွေ ဘာလုပ်ပစ်မလဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



'သွန်ပစ်ရုံပေါ့ဗျာ'

'နမျောစရာကြီးဗျာ'

'ကဲပါ… ကဲပါ… ဒါတွေကို နောက်မှ ဆွေးနွေးကြစို့ ဆရာကြီးတို့၊ ဆရာကြီး သွန်ပစ်ရင်လည်း ဖော်မြူလာ ဆရာကြီး ဆီမှာ ရှိနေပြီပဲ၊ အရေးကြီးတာက အပြင်ထွက်လည် ပျော်ကြစို့ ဗျာ၊ ဆေးရှိန်လေးမကုန်ခင် အပြင်က အလှလေးတွေ အရသာ ခံပါရစေ'

ဆရာကြီးနဲ့ တခြားဆရာဝန်တွေ ဆွေးနွေးနေကြတုန်း မှာ ဦးကျန့်ကြီးနဲ့ မောင်မြိုင်က ဘားကောင်တာနောက်က ထွက် လာပြီး ဆရာကြီးရှေ့မှာ မရဲတရဲ လာရပ်တယ်။

ဦးကျန့်ကြီးက ဒီခြံရဲ့ အစောင့်ဒလဝမ်ပါ၊ မောင်မြိုင်က ကျွန်တော့်လိုပဲ လိုတာ အခိုင်းခံရတဲ့ အလုပ်သမား။ ကျွန်တော်နဲ့ ဘဝတူ ဆရာကြီးရဲ့ အိမ်အလုပ်သမားတွေဆိုပါတော့။

'ဆရာကြီး၊ ကျွန်တော်တို့လည်း မျက်စဉ်းနည်းနည်း ခပ်ချင်လို့ပါ'

ဦးကျန့်ကြီးက အရဲစွန့်ပြီး ပြောလိုက်တယ်။

ဆရာကြီးက သူတို့ကို စိတ်တိုသလို ကြည့်လိုက်ပြီး-

'မင်းတို့နဲ့ ဘာဆိုင်လဲ၊ ဒါ စမ်းသပ်မှုလုပ်နေတာ၊ ဘေး ဥပါဒ်တစ်စုံတစ်ခုဖြစ်ရင်ရော ပါမှာ မကြောက်ဘူးလား၊ အိမ်ထဲ





က အိမ်ပြင်မထွက်ဘဲ ဒီမျက်စဉ်းခပ်တော့ရော မင်းတို့အတွက် ဘာထူးမှာလဲ၊ ထူးထူးဆန်းဆန်းမြင်တိုင်း စိတ်ဝင်စားတော့တာကိုး၊ သွားကြ၊ သွားကြ'

ဆရာကြီးက မျက်စဉ်းပုလင်းကို သူ့ရဲ့ ကုတ်အင်္ကျီအိတ် ထဲ ထည့်လိုက်တယ်။

ဆရာကြီးက ငေါက်လွှတ်လိုက်တော့ မျက်နှာငယ်လေး တွေနဲ့ ထွက်သွားကြတဲ့ ဦးကျန့်ကြီးနဲ့ မောင်မြိုင်ကိုကြည့်ပြီး ကျွန်တော့်မှာ ရယ်ချင်လိုက်တာ။ ကျွန်တော်ကတော့ သိပ်ပျော် နေတာပေါ့။ ဆရာကြီးက ကျွန်တော့်ကို မောင်မြိုင်တို့ထက် ပို အရေးပေးတယ်ဆိုတာ သိသာတယ်လေ။ မောင်မြိုင်ကတော့ ကျွန်တော့်ကို မနာလိုဖြစ်နေမှာပဲ။

'အပြင်ထွက်ဖို့ လုပ်ကြတော့ဗျို့၊ အားလုံးမှာ ကား ပါတယ် မဟုတ်လား၊ ကားတွေအားလုံး မယူခဲ့နဲ့ဗျာ၊ လူတကွဲ တပြားစီဆို ပျင်းစရာကောင်းတယ်၊ ကားနှစ်စီးနဲ့ပဲ သွားကြမယ်'

'ဟုတ်ကဲ့ ဆရာကြီး၊ ဆော့ဖ်နှစ်စီးနဲ့ပဲ သွားကြတာပေါ့၊ အားလုံးလူကိုးယောက်၊ ဆန့်ပါတယ်'

'ကျွန်တော့်ကောင်လေး ကျော်ကြီးကိုလည်း ခေါ်ခဲ့ရ ဦးမှာဗျ'

ဆရာကြီးစကားကြောင့် ကျွန်တော်ဟာ မြေပြင်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



မြောက်တက်သွားသလို ဝမ်းသာသွားတယ်။ ကျွန်တော့်ကို ခရူ့မတ်ပွဲတွေ လျှောက်သွားတာ ခေါ်သွားမယ်တဲ့။

*'သူ့ကို ပရီတက်စ်လုပ်ထားတာဆိုတော့ ခေါ်ခဲ့မှ ဖြစ်မယ်လေ၊ နေ့လယ်နှစ်နာရီက မျက်စဉ်းခပ်ပေးထားတာ၊ ကျွန်တော့်မက်သိဒ်အတိုင်းဆို (၁၂)နာရီပြည့်တဲ့ ည (၂)နာရီမှာ ဆေးပြယ်မယ်၊ ဆေးစွမ်း ဘယ်အချိန်ပြယ်တယ်ဆိုတာ သိရအောင် သူ့ကို စောင့်ကြည့်နေမှဖြစ်မှာ'*

ဘယ်သူကမှ မကန့်ကွက်ကြပါဘူး။ အားလုံးက ကျွန်တော်အပါအဝင် ဆယ်ယောက် အပြင်ထွက်ဖို့ ပြင်ကြတယ်။

ညှို့သည်ဆရာဝန်နှစ်ယောက်ရဲ့ ဆော့ဖ်ကားကြီးနှစ်စီးမှာ တစ်စီး လူငါးယောက်စီခွဲစီးပြီး အိမ်က ထွက်ခဲ့ကြတယ်၊ ပျော်လိုက်တာဗျာ။

* * *

ကျွန်တော်တို့ ပထမဆုံးရောက်သွားတာက ရန်ကုန်မှာ နာမည်အကြီးဆုံး၊ အခမ်းနားဆုံး ဟိုတယ်ကြီးဗျ။

ကားပေါ်က ဆင်းကြတော့ ဆရာကြီးက ကျွန်တော့်ကို ခေါ်ပြီး သတိပေးတယ်။

'ဟော့ကောင်၊ ဣန္ဒြေရရနေနော်၊ အမူအရာ မပျက်စေနဲ့၊





မင်းနဲ့အတူတူလာတာ ဆရာဝန်တွေဆိုတာ သတိထားဦး၊ မင်းကြောင့် ငါ့စမ်းသပ်မှုတွေ အပျက်မခံနိုင်ဘူး၊ ငြိမ်ငြိမ်ဆိမ်ဆိမ် ဣန္ဒြေရှိရှိနေပါ'

ဆရာကြီးက ကျွန်တော့်ကို မျက်ထောက်နီကြီးနဲ့ ကြည့်ပြီး ပြောနေတာ။

ဟိုတယ်မှာ ခရူ့မတ်ပွဲလုပ်နေတယ်၊ အဆိုတော်မလေးတွေက စင်ပေါ်တက်ပြီး သီချင်းဆိုနေကြတယ်။

ဘာပြောကောင်းမလဲဗျာ၊ ဆရာကြီးရဲ့မျက်စဉ်းခပ်ထားတဲ့ ကျွန်တော်တို့အုပ်စုဟာ သီချင်းဆိုပွဲကို ခုနစ်လွှာကပွဲအမှတ်နဲ့ ကြည့်နေရသလို အဆိုတော်မလေးတွေကို မြင်ချင်တိုင်း မြင်နေရတယ်။ အဆိုတော်တွေက နိုင်ငံကျော် နာမည်ကြီးတွေဗျ၊ ဟို… ရုပ်ရှင်မင်းသမီး အဆိုတော်တောင်ပါသေး။ ကြည့်လို့ကောင်းလိုက်တာဗျာ၊ လူတွေကို မရိုးမရွဖြစ်နေတာပဲ။

ဆရာကြီးကကော၊ ကျွန်တော့်ကိုသာ သတိပေးတာ၊ သူ ကိုယ်တိုင်လည်း အသက် (၇၀)ကျော်အရွယ်ကြီးနဲ့ ကောင်မလေးတွေကိုကြည့်ပြီး တံတွေးတွေ မျိုမျိုချနေတာ။

တခြား ဆရာဝန်တွေလည်း ဒီလိုပဲဗျ၊ မျက်တောင်မခပ်ဘဲ ကြည့်နေလိုက်ကြတာများ သက်ပြင်းတွေ တချချနဲ့။ အင်းလေ… ယောကျ်ားဆိုတာ ဒီလိုပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတက်ထွင်နဲ့ အိတ်ထဲမှာ ကွန့်ဒုံးတွေ ထည့်လာတဲ့ ဆရာဝန်လေးကတော့ နှစ်ယောက်သား တိုးတိုးကြိတ်ကြိတ်နဲ့ ဘာတွေတိုင်ပင်နေကြတယ် မသိဘူး။ ခဏနေတော့ သူတို့နှစ်ယောက် ပျောက်သွားကြတယ်။ ကျွန်တော့်ကိုတောင် 'ညီလေး လိုက်ဦးမလား' လို့ ခေါ်ပါသေးတယ်။ ဆရာကြီးက သတိပေးထားလို့ လိုက်မသွားရဲဘူး။

နောက်ဟိုတယ်တစ်ခုကို ကူးကြဖို့လုပ်တော့ ဒေါက်တာတက်ထွင့်တို့ နှစ်ယောက် ပျောက်နေတယ်။ ခဏကြာမှ သူတို့ပေါ်လာကြတယ်။

ဆရာကြီးက-

'မင်းတို့ ဘယ်သွားနေကြတာလဲကွ'

လို့မေးတော့

'ဒီလိုမှပေါ့ ဆရာကြီးရဲ့၊ ဟဲ… ဟဲ' တဲ့။

စပ်ဖြီးဖြီးနဲ့ဖြေတယ်။

* * *

ဒီလိုနဲ့ ကျွန်တော်တို့လည်း နောက်ဟိုတယ်တစ်ခုကို ကူးခဲ့ကြတယ်။

နောက်ရောက်တဲ့ ဟိုတယ်ကလည်း ပိုပြီးတောင် စုံသေး





သဗျာ။ ကျွန်တော့်မှာ နတ်ပြည်ရောက်သွားရတဲ့ အတိုင်းပဲ၊ အဆိုတော်တွေမကဘဲ ရုပ်ရှင်မင်းသမီးတွေရော၊ မော်ဒယ်ဂဲလ်တွေရော၊ အစုံတွေ့ရတယ်ဗျ။ မြန်မာနိုင်ငံက နာမည်ကြီးမိန်းကလေးမှန်သမျှကို ကျွန်တော် အကုန်မြင်ဖူးပြီ၊ ဟီ… ဟီ…။ အကုန်မှ အကုန်၊ အကုန်။ တကယ့်ကို အကုန်ပါပဲဗျာ။

ဟိုက်

ကျွန်တော်ဟာ ကျွန်တော့်အမြင်အာရုံ တဖြည်းဖြည်းပြောင်းလဲလာတာ သတိထားလိုက်မိတော့ လန့်သွားတယ်။ နှမြောလည်း နှမြောသွားတယ်။

နာရီကြည့်လိုက်တော့ ည (၁)နာရီခွဲကျော်နေပြီလေ။

ကျွန်တော့်ကို နေ့လယ် (၂)နာရီအတိမှာ မျက်စဉ်းခပ်ပေးထားတာကိုး။ ဆရာကြီးက သူ့ဆေးအစွမ်းဟာ (၁၂)နာရီတိတိပဲခံမယ်လို့ ပြောထားတယ် မဟုတ်လား။ ဟုတ်ပါရဲ့ဗျာ၊ အလွှာတစ်လွှာကို ဖောက်မြင်နေရတဲ့ အမြင်ဟာ တဖြည်းဖြည်းနဲ့ ဝါးလာတယ်၊ အပြင်က ဝတ်ထားတဲ့ အဝတ်အစားတွေက ပြန်ပြီးဖုံးအုပ်ပစ်လိုက်သလိုပဲ၊ အောက်ခံအရာဝတ္ထုတွေဟာ ကျွန်တော့်မြင်ကွင်းထဲကနေ တစ်စတစ်စ ဝေဝါးပြီး ပျောက်ကွယ်သွားပါတော့တယ်။

(၂)နာရီထိုးတာနဲ့ ဆရာကြီးက သူ့လက်ပတ်နာရီကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ကျွန်တော့်ဆီ လျှောက်လာတယ်။

'ဘယ်လိုလဲကွ ကျော်ကြီး'

'ကျွန်တော် မမြင်ရတော့ဘူး ဆရာကြီး'

'ဘယ်တုံးက စ,မမြင်ရတာလဲ'

'အခု… အခုလေးတင်ပဲ ဆရာကြီး'

'အေး… ကွက်တိပဲ'

ဆရာကြီးက ဆရာဝန်ကြီးတစ်ယောက်နားသွားပြီး စကားပြောတယ်။ ကျွန်တော် ဆေးပြယ်သွားပြီဆိုတာ ပြောတယ် ထင်ပါရဲ့။ အဲဒီဆရာကြီးက ကျွန်တော့်ကို လှည့်ကြည့်တယ်။

ပြီးတော့ တစ်နေ့ရာစီရောက်နေတဲ့ ဆရာဝန်တွေတစ်ယောက်ပြီး တစ်ယောက် တစ်ဆင့် တစ်ဆင့် ပြောလိုက်ကြတာနဲ့ အချိန် (၁၂)နာရီကွက်တိမှာ မျက်စဉ်းတန်ခိုးပြယ်သွားတယ်ဆိုတာ အားလုံး သိသွားကြတယ်။

ကျွန်တော်ကတော့ အတော်ကို ဝမ်းနည်းသွားမိတယ်ဗျာ၊ မျက်စိစားပွဲထိုင်လို့မှ မဝသေးဘူး၊ ကျွန်တော့်ရဲ့ တစ်လွှာဖောက် မြင်ရတဲ့ အမြင်အာရုံကွယ်သွားပြီ။ အတူတူဆေးခပ်ထားတဲ့ လူတွေကတော့ ခုထိမြင်နေရတုန်း။ သူတို့က ည (၈)နာရီမှ ခပ်တာဆိုတော့ မနက် (၈)နာရီမှ ပြယ်တော့မှာလေ။

ကျွန်တော် မပျော်တော့ဘူး၊ ကုလားထိုင်တစ်လုံးမှာ စိတ်





ပျက်ပျက်နဲ့ သွားထိုင်နေလိုက်တယ်။ ဆရာကြီးဆီက မျက်စဉ်း တစ်စက်လောက် ခပ်ပေးဖို့ ခွင့်တောင်းချင်ပေမယ့် မပြောရဲဘူး၊ ခပ်ပေးမှာလည်း မဟုတ်ပါဘူး။

ဒီလိုနဲ့ နောက်ပိုတယ်တစ်ခု ကူးကြပြန်တယ်။

ကားပေါ်မှာ ဒေါက်တာတက်ထွင်က ကျွန်တော်နဲ့အတူ နောက်ခုံမှာ စီးလာရင်းက ကျွန်တော့်ပခုံးကို ဖက်ပြီးမေးတယ်။

'ဘယ်လိုလဲကွ ညီလေး၊ မမြင်ရတော့လို့ စိတ်ပျက်သွားပြီလား'

ကျွန်တော် နှုတ်ခေါင်းပဲရှုံ့ပြလိုက်တော့တယ်။

နောက်ပိုင်းမှာလည်း ပွဲက မပြီးသေးဘူးဗျ၊ ကောင်မလေးတွေကလည်း လှလိုက်တာဗျာ၊ ဒါပေမဲ့ အပေါ်ယံအလှကို ကျွန်တော် အာရုံခံစားလို့ မရတော့ဘူး။ ဘာထူးမှာလဲ၊ တီဗီထိုင်ကြည့်လည်း ဒီလိုအလှမျိုးကတော့ မြင်နေရတာပဲ။

ဆရာဝန်တွေကတော့ အမြင်အာရုံကောင်းတုန်းဆိုတော့ ပျော်လို့ရှင်လို့ပေါ့။ သူတို့ကိုကြည့်ပြီး ကျွန်တော် မနာလိုဖြစ်လာတယ်။

ဒါနဲ့ပဲ ဘာမှဆက်ကြည့်မနေတော့ဘဲ ကိုယ့်ဟာကိုယ် ကားပေါ်ပြန်ပြီး မှိန်းနေလိုက်တော့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တော့ အိမ်ပြန်ကြတော့ မနက်လေးနာရီထိုးနေပြီ။ လူတွေလည်း အတော်မူးနေကြပြီ။ ကျွန်တော်ကတော့ ဆရာကြီးက မသောက်ရဘူးဆိုလို့ မသောက်ပါဘူး။ အရက်ကို ကြိုက်လည်း မကြိုက်ဘူး။

ဆရာကြီး နည်းနည်း နည်းနည်းနဲ့ သောက်လိုက်တာ ဟိုတယ် သုံးခုတောင် လှည့်ပျော်ခဲ့တာဆိုတော့ များသွားပုံတယ်။ တော်တော်မူးနေတဲ့ ပုံတဲ့။

ဒီလိုနဲ့ ဆရာကြီးခြံ ပြန်အရောက်မှာ ဆရာဝန်တွေ ကိုယ့်ကားကိုယ်ယူပြီး ပြန်ကြတယ်။

'ဟေး… မနက်ရှစ်နာရီမှ ပြယ်မှာဆိုပြီး ကိုယ်လူတို့ဘယ်မှ သဝေထိုးမနေကြနဲ့၊ အိမ်တန်းတန်းမတ်မတ် ပြန်ကြတော့'

'အိမ်ကပစ္စည်းက မျက်စဉ်းခပ်ပြီးကြည့်လည်း မထူးတော့ဘူးဗျ၊ အဲဒီတော့ ဆေးမပြယ်ခင် ပစ္စည်းအသစ်တွေ လိုက်ကြည့်လိုက်ဦးမယ်ဗျာ၊ ဟဲ… ဟဲ'

'ကျွန်တော်ကတော့ အိမ်ပြန်လည်း ကြိုမယ့်လူမရှိမယ့် အတူတူ ရှိတဲ့နေရာပဲ သွားတော့မယ်ဗျာ'

ဒေါက်တာတက်ထွင်းက သူ လူပျိုဖြစ်တဲ့အကြောင်း ကြွားပြီး နောက်လိုက်တယ်။

ဆရာဝန်တွေ မပြန်ခင် တစ်ယောက်တစ်ပေါက်နဲ့ စ,နေ





နောက်နေကြတာ ဆူညံနေတာပဲဗျာ။

'ဆရာဖေရေ၊ အိမ်ပြန်ရင် အိပ်ခန်းထဲတန်းဝင်မှဗျို့၊ အိမ်က ကိုယ့်သမီးတွေ ကိုယ်ပြန်မကြည့်မိအောင် သတိထားမှ'

ဆရာဝန်ကြီးတစ်ယောက်က ပြောတယ်။

'ဟာ… ဆရာကြီး၊ ဆရာကြီးအိမ်ကို ကျွန်တော် လိုက်လည်လို့ ရမလားဗျာ'

ဒေါက်တာ တက်ထွင်းက နောက်လိုက်တော့ 'မအေ…' ဆိုပြီး ဆရာဝန်ကြီးက ပြန်ဆဲလိုက်တယ်။ ဆရာဝန်တွေ တဟားဟားနဲ့ပေါ့။ ကျွန်တော်ကတော့ ဆေးပြယ်သွားကတည်းက လူ ငေါင်းစင်းစင်းကြီးနဲ့ ကျန်ခဲ့တာ၊ မပျော်တော့ဘူး၊ မျက်စဉ်းကိုပဲ တမ်းတနေမိတော့တယ်။

ဒီလိုနဲ့ ဧည့်သည်တွေအားလုံး ပြန်သွားကြတယ်။

* * *

ကျွန်တော့်ကို ခြံတံခါးတွေ သေချာပိတ်ပြီးတော့ ဆရာကြီးက ကျွန်တော့်ကို လှမ်းခေါ်တယ်။

'ရော့… ကျော်ကြီး၊ ဒါ ဓာတ်ခွဲခန်းထဲ ပြန်ထည့်ထားလိုက်၊ စားပွဲပေါ်မှာပဲ တင်ထား၊ သော့သေချာခတ်နော်'

ဆရာကြီးက သူ့အပေါ် ကုတ်အင်္ကျီအိတ်ထဲ ထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မျက်စဉ်းပုလင်းနဲ့ ဓာတ်ခွဲခန်းသော့ကို ထုတ်ပေးရင်း ပြောတယ်။

ဆရာကြီး တော်တော်ကို မူးနေပါပြီ။

'ဟုတ်ကဲ့ ဆရာကြီး'

ကျွန်တော်က မျက်စဉ်းပုလင်းနဲ့ သော့တွဲကိုယူပြီး ဓာတ်ခွဲခန်းရှိတဲ့ အိမ်နောက်ဘက်ကို ထွက်လာခဲ့တယ်။ အဲဒီအထိ ကျွန်တော့်မှာ ဘာစိတ်ကူးမှ မရှိသေးပါဘူး။ လူကလည်း အိပ်ချင်နေပြီလေ။

ဓာတ်ခွဲခန်းထဲရောက်ပြီး မျက်စဉ်းပုလင်းကို စားပွဲပေါ်တင်လိုက်မှ အကြံရတာ။

ပထမတော့ မျက်စဉ်းတစ်စက်စီ ခပ်မလို့ပဲ။ ဒါပေမဲ့ ဘာထူးမှာလဲ။ အိပ်လည်းအိပ်တော့မယ်၊ အပြင်ထွက်စရာ အကြောင်းလည်း မရှိဘူး၊ အခုခပ်လည်း ထူးမှာ မဟုတ်တော့ဘူး။ ဒါနဲ့ပဲ မျက်စဉ်းကို နည်းနည်းခွဲယူထားဖို့ အကြံရလိုက်တယ်။

မျက်စဉ်းကို ခွဲယူမယ်ဆိုရင် ကျွန်တော် ယူထားသလောက် ပြန်ဖြည့်ဖို့လိုမယ်၊ ဘာနဲ့ဖြည့်မလဲ။ သိပ်တော့ မခက်ပါဘူး၊ ဓာတ်ခွဲခန်းမှာ ရိုးရိုးမျက်စဉ်းတွေ အများကြီးရှိတာပဲ။

ဒါပေမဲ့ ယူမယ့်ယူ အကုန်ယူပစ်လိုက်တာက ပိုမကောင်းဘူးလား။ ဆရာကြီးက ပြောထားတယ်လေ၊ ဒီမျက်စဉ်းကို စမ်း





သပ်ရုံ စမ်းသပ်ဖို့ဖော်တာတဲ့၊ ရောင်းလည်း ရောင်းမစားဘူး၊ နောက်ထပ်လည်း မဖော်တော့ဘူးတဲ့လေ။

ကျန်တဲ့ မျက်စဉ်းတွေကိုလည်း သွန်ပစ်လိုက်မယ်လို့ ပြောခဲ့တာလေ။ အမယ်လေးဗျာ… ဒါလောက်ကောင်းတဲ့ မျက်စဉ်းတွေ သွန်ပစ်မှာ နှမြောစရာကောင်းလိုက်တာ။

နောက်မှ ဖြစ်ချင်ရာ ဖြစ်ပါစေတော့။ ဆရာကြီးလည်း နောက်တစ်ခါ ဒီမျက်စဉ်းကို စမ်းမှာ မဟုတ်တော့ဘူး။ တခြားမျက်စဉ်းနဲ့ လဲထည့်ထားလိုက်တော့မယ်။ သွန်ပစ်မှာပဲဥစ္စာ။

ကျွန်တော်လည်း အကြံရတာနဲ့ ကြာကြာ စဉ်းစားမနေတော့ဘူး။ ပုလင်းအလွတ်တစ်လုံးယူပြီး အဲဒီပုလင်းကို မျက်စဉ်းတွေ လောင်းထည့်လိုက်တယ်။ နဂိုပုလင်းထဲကိုတော့ ရိုးရိုးမျက်စဉ်းတွေ သူ့ကျန်တဲ့အနေအထားအတိုင်း ပြန်ထည့်ထားလိုက်တယ်။ ဓာတ်ခွဲခန်းထဲမှာက ပုလင်းအလွတ်တွေရော၊ ဖော်စပ်ပြီးသား မျက်စဉ်းတွေပါ အများကြီးရှိတာလေ။

ကျွန်တော်ဟာ ရင်တထိတ်ထိတ်နဲ့ ကိုယ့်အကြံကိုယ် အကောင်အထည်ဖော်ရင်းက လျှောလျှောလျူလျူပဲ ပြီးသွားတော့တယ်ဗျ။

ပြီးလည်းပြီးရော၊ အားလုံးကို ခြေရာလက်ရာ မပျက်အောင် ပြန်ထားခဲ့ပြီး မျက်စဉ်းပုလင်းကို ကျွန်တော့်အင်္ကျီ ရင်ခံတော်



www.burmeseclassic.com

www.burmeseclassic.com



ထဲထည့်ဝှက်ပြီး ဓာတ်ခွဲခန်းထဲက ပြန်ထွက်ခဲ့တယ်။

အိမ်ထဲရောက်တော့ ဆရာကြီးက အခန်းတံခါးပိတ်ပြီး အိပ်ပျော်နေပြီ။ ကျွန်တော်လည်း ကွန်ပျူတာတင်တဲ့ စားပွဲပေါ်မှာ ဓာတ်ခွဲခန်းသော့ကို ထားခဲ့ပြီး ကျွန်တော်နေတဲ့ နောက်ဖေးတန်းလျားကို ပြန်လာခဲ့တယ်။

ဦးကျန်ကြီးတို့ မောင်မြိုင်တို့ကတော့ အိပ်ကောင်းနေကြတုန်းပဲ။

မျက်စဉ်းပုလင်းကို ဒီတိုင်းပေါ့ပေါ့လျော့လျော့ထားလို့တော့ မဖြစ်ဘူး၊ ခိုးထားတာသာ ဆရာကြီးသိသွားရင် ကျွန်တော့်ကို အလုပ်ကဖြုတ်ပစ်မှာ၊ နှင်ချမှာ၊ ဆော်ပလော်လည်း တီးမှာဗျ။

နောက်ဆုံးတော့ ကြွက်လျှောက်တန်းရဲ့ မမြင်ရတဲ့ အကွယ်ဘက်မှာ တင်ထားလိုက်တယ်၊ မတော်တဆ ကြွက်တွေဘာတွေတိုးမိရင် ပြုတ်မကျအောင်လည်း တိတ်နဲ့ သေချာကပ်ထားလိုက်တယ်။

ဘုရားသိကြားမ,လို့၊ မျက်စဉ်းတွေ ကျွန်တော်ယူထားတာ ဆရာကြီးမသိပါစေနဲ့ဗျာ။

✦ ✦ ✦



သုံးရက်ကြာတဲ့အထိ ဘာမှ မထူးဘူးဗျ။ ဆရာကြီးက ကျွန်တော့်ကို ဘာမှလည်း မမေးဘူး၊ မပြောဘူး။ ကျွန်တော်လှယ်ထည့်ထားတဲ့ မျက်စဉ်းတွေကိုပဲ မျက်စဉ်းအစစ်မှတ်ပြီး သွန်ပစ်လိုက်ပြီလား မသိဘူး။ ဒါဆိုရင်တော့ ပေါ်စရာအကြောင်းမရှိတော့ဘူး။ မျက်စဉ်းတွေကို သွန်မပစ်ခင် စမ်းကြည့်မှာပဲ ကျွန်တော်စိုးရိမ်တာ။

ကျွန်တော့်မှာဗျာ၊ မျက်စဉ်းတွေ လက်ထဲရောက်လာကတည်းက ခပ်ချင်လိုက်တာ လက်ကိုယားနေတာပဲ။ မျက်စဉ်းအရသာကို သိပြီးသားဆိုတော့ကာ မျက်စဉ်းလေးခပ်ပြီး ဟိုဟိုဒီဒီ လျှောက်ကြည့်ချင်လှပြီ။

ဒါပေမဲ့ မျက်စဉ်းခပ်ပြီး အိမ်ထဲက ဘယ်မှမထွက်လို့ကတော့ ဘာမှ မထူးဘူးလေ၊ သုံးရက်ကြာလို့ ဆရာကြီးဘက်က ဘာမှပြောမလာတော့မှ ကျွန်တော့်မှာ အပြင်ထွက်လည်ဖို့ ကြံဖန်ရတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်ပြည့်တဲ့ညမှာပဲ ဆရာကြီးကို မနက်ဖြန် ဘဘုန်းကျောင်းကို သွားခွင့်ပြုဖို့ တောင်းလိုက်တယ်။ ဆရာကြီးက လျှောလျှော့ရှုရှုပဲ ခွင့်ပြုလိုက်ပါတယ်။ ဟိုအကြောင်းကို သိပ်ပုံတောင် မရဘူး။ မျက်စဉ်းတွေ သွန်ပစ်ပြီးသား ဖြစ်ပါစေလို့ပဲ ဆုတောင်းရတာပဲ။

ကျွန်တော်သွားမယ့် ဘုန်းကြီးကျောင်းက ရွှေတိဂုံဘုရားခြေရင်းမှာ ရှိတာပါ။ ဝင်ဒါမိယာကနေဆိုရင် နီးနီးလေး၊ လမ်းလျှောက်သွားလို့တောင်ရတယ်။

ဘဘုန်းက ကျွန်တော်တို့ရွာသားလေ၊ ကျွန်တော်နဲ့ဆို ဘကြီးတော်တာပေါ့၊ အသက်တော့ ကြီးလှပါပြီ။ ဆရာကြီးနဲ့ ရွယ်တူပေါ့၊ အသက် (၇၀)ရှိပြီ။ ဆရာကြီးကလည်း ကျွန်တော်တို့ရွာသားပဲ၊ ဘဘုန်းနဲ့ ဆရာကြီးက သူငယ်ချင်းတွေ။

ကျွန်တော် ရွာမှာ ဆယ်တန်းတဖုန်းဖုန်းကျနေတော့ ရန်ကုန်တက်ပြီး ဘဘုန်းကျောင်းမှာနေရင်း အလုပ်ရှာသေးတယ်။ ဘဘုန်းက ဆရာကြီးဆီအပ်ပေးလို့ ဆရာကြီးအိမ်မှာ အခု ကျွန်တော်လုပ်ရနေတာပေါ့။

ဘဘုန်းကျောင်းကို သွားမှာဆိုတော့ ဆရာကြီးကသွားဖို့ ခွင့်ပြုလိုက်တယ်။

ဒါနဲ့ပဲ နောက်တစ်နေ့မှာ မနက်အစောကြီးကတည်းက





အိမ်ကထွက်လာခဲ့တာပေါ့။ မျက်စဉ်းခပ်ခဲ့တယ်ဆိုတာတော့ ပြောစရာမလိုပါဘူးနော်။ ဆရာကြီးက မျက်စဉ်းကို တစ်ခါထက် ပို မခပ်ရဘူးဆိုပေမယ့် အခု ကျွန်တော်ခပ်တော့ ဘာမှမဖြစ်ဘူးဗျ။ ဟိုနေ့ကအတိုင်းပဲ၊ အားလုံးကို ဖောက်မြင်နေရတာပဲ။

ကျွန်တော်လည်း ဣန္ဒြေမပျက် ခပ်တည်တည်ပဲ အိမ်က ထွက်လာခဲ့လိုက်တယ်။

ဘယ်… ဘဘုန်းကျောင်းကို တကယ်သွားမှာလဲ၊ ဒါလောက်ကောင်းတဲ့ မျက်စဉ်းတွေ ခပ်ထားတာကိုးဗျာ၊ ဘုန်းကြီးကျောင်းသွားပြီး ဘယ်အချိန်ဖြုန်းပစ်လိမ့်မလဲ။

မြို့တစ်ပတ်ပတ်ပြီး ဘတ်(စ်)ကားတွေ တစ်စီးပြီးတစ်စီး လျှောက်စီးပြီး လည်ပစ်လိုက်တာပေါ့။ ဈေးတွေထဲသွားတယ်၊ ဗိုလ်ချုပ်ဈေးထဲရောက်တော့ဗျာ၊ နတ်ပြည်ရောက်သွားတဲ့အတိုင်းပဲ၊ မိန်းမလှလေးတွေကို အပြင်ပန်းကရော၊ အတွင်းကျကျ အလှပါကြည့်လို့ကို မဝဘူးဗျို့၊ ပြန်တောင် မပြန်ချင်ဘူး။ မျက်စဉ်းခပ်ထားတုန်း နှံ့အောင်ကြည့်ချင်လို့သာ ပြန်ထွက်ခဲ့ရတယ်။

စူပါမတ်ကက်တွေရော၊ တိရစ္ဆာန်ရုံရော လူစည်ကားတဲ့ နေရာမှန်သမျှ အကုန်ရောက်တယ်။ ရုပ်ရှင်ရုံအောက်လည်း ရောက်တာပဲ၊ ရုပ်ရှင်တော့ မကြည့်ဘူးဗျ၊ အချိန်ကုန်တယ်။ ကောင်မလေးတွေပဲ လိုက်ကြည့်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ညနေငါးနာရီလောက်ကျတော့ ဘဘုန်းရဲ့ ဘုန်းကြီးကျောင်းကို ရောက်အောင်သွားလိုက်ရသေးတယ်၊ ဘဘုန်းဆီလည်း အရောက်ပြရဦးမယ်လေ၊ ရွာက သတင်းတွေ ဘာတွေ မေးမြန်းထားဦးမှ၊ ဆရာကြီးကို ဘဘုန်းကျောင်းသွားမယ် ပြောထားတော့ သဘာဝကျအောင် ဘဘုန်းဆီ ဝင်ရသေးတာပေါ့။

ည (၇)နာရီကျော်မှပဲ ကျွန်တော် အိမ်ပြန်လာခဲ့တယ်။

အိမ်ပြန်ချိန်နဲ့ ဆေးပြယ်ချိန်ကလည်း အကိုက်ပဲဗျ။ မနက် (၇)နာရီလောက်က ခပ်ထားတာဆိုတော့ (၁၂)နာရီကြာတဲ့အချိန်မှာပဲ မျက်စဉ်းအာနိသင်ဟာ ပြယ်သွားတယ်။

* * *

မျက်စဉ်းကောင်းကျိုး သိနေတော့ ကျွန်တော် မခပ်ရ မနေနိုင်တော့ဘူး၊ အပြင်ကို ခဏခဏထွက်ဖို့ကလည်း အခက်သားဗျ။

ဒီလိုနဲ့ နောက်တစ်ပတ်လောက်ကြာတော့ အိမ်မှာနေရင်းပဲ ကျွန်တော် တစ်ခါထပ်ပြီး ခပ်မိတယ်ဗျ။

အိမ်မှာကတော့ဗျာ၊ ကြည့်စရာ သိပ်မရှိပါဘူး။

အိမ်မှာ ဆရာကြီးသမီးနဲ့ ချွေးမရှိတယ်၊ အိမ်ထောင်သည် အသက် (၄၀)ကျော်၊ ငါးဆယ်နီးနားတွေဗျ။ သူတို့ကိုတော့ မကြည့်ချင်ပါဘူး၊ ကြည့်ရင်လည်း ကျွန်တော် ငရဲကြီးလိမ့်မယ်၊ ကိုယ့်





အလုပ်ရှင်၊ ကျေးဇူးရှင်တွေကိုး။ နောက်ပြီး အသက် (၁၀)နှစ်အရွယ်လောက် ဆရာကြီးမြေးမလေး တစ်ယောက်ရှိတယ်။ အိမ်သားထဲကရှိတဲ့ မိန်းမက ဒါပဲ။

နောက်နှစ်ယောက်က အိမ်ဖော်မတွေပါ။ တစ်ယောက်က မလှကြည်တဲ့၊ အသက်က သုံးဆယ်ကျော်၊ သွားခေါခေါနဲ့ ရုပ်ဆိုးဆိုး၊ ကိုယ်လုံးက ပြားချပ်ပိန်လှီလို့ ကြည့်ချင်စရာတစ်ကွက်မှမရှိပါဘူး။ မလှကြည်က ကျွန်တော်တို့ရွာကဗျ။ ယောကျ်ားသေသွားပြီ။ မုဆိုးမ၊ ကလေးသုံးယောက် အမေ။ ကလေးတွေ ရွာမှာ သူ့မိဘနဲ့ထားခဲ့ပြီး ရန်ကုန်မှာ အိမ်ဖော်လာလုပ်နေတာ။ ကိုယ့်ရွာသူလည်းဖြစ်တယ်၊ မုဆိုးမ ရုပ်ဆိုးဆိုးကြီးဆိုတော့ မျက်စဉ်းလည်း ခပ်ပြီးရော မကြည့်မိအောင်တောင် ရှောင်နေရသေးသဗျာ။

နောက်တစ်ယောက်ကတော့ မဆိုးဘူးဗျ။ မထွေးခင်တဲ့၊ ကျွန်တော်နဲ့ ရွယ်တူလောက်၊ လုံးကြီးပေါက်လှပဲ။ အသားဖြူဖြူ ဝဝကစ်ကစ်နဲ့ဗျ၊ သူက မော်လမြိုင်ဘက်ကလို့ ပြောတာပဲ။ ကြည့်စရာဆိုလို့ သူ တစ်ယောက်ရှိတာပါဗျာ။

ကျွန်တော်လည်း မနေနိုင်လွန်းလို့သာ အဲဒီနေ့က မျက်စဉ်း ခပ်ပြီး ထွေးခင်နားသွားပြီး ရောနေလိုက်တာ။

အဝတ်ဖွတ်နေတဲ့ ထွေးခင်က သူ့နားလာပြီး ကျွန်တော် စကားလာပြောတော့ အမယ် ထဘီရင်လျားထားတာကို အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



ပုံထားတဲ့ မျက်နှာသုတ်ပဝါ အမြန်ယူပြီး ခြုံလိုက်သေးတယ်ဗျ။ ရယ်ချင်လိုက်တာဗျာ။

* * *

ဒီလိုနဲ့တော့ မဖြစ်သေးဘူး။

ထွေးခင်လည်း တစ်နေ့ကြည့်လိုက်တာနဲ့ ရီးသွားတယ်။

တန်ဖိုးရှိတဲ့ မျက်စဉ်းကို ထွေးခင်လို ကောင်မမျိုးအတွက်နဲ့ ဖြုန်းပစ်လို့ မဖြစ်သေးဘူး။

ခုဆို မျက်စဉ်းခပ်တာ နှစ်ခါရှိပြီ။ ပုလင်းသုံးပုံနှစ်ပုံရှိတဲ့ မျက်စဉ်းတွေက ဘယ်နှခါခပ်ရမှာလဲ။ တန်ဖိုးရှိရှိသုံးမှ ဖြစ်မယ်။

ဒါနဲ့ပဲ ကျွန်တော်ဟာ နောက်တစ်ပတ်လောက်ရှိတော့ အမေ့ဆီ လူကြုံနဲ့ ပိုက်ဆံပေးချင်လို့ ဘုန်းကြီးကျောင်း သွားပါရစေလို့ ဆရာကြီးကို အကြောင်းပြပြီး အပြင်တစ်ခေါက် ထွက်ခဲ့လိုက်တယ်။

အဲဒီတစ်ခေါက်ဟာ ကျွန်တော့်ဘဝအတွက် အပြောင်းအလဲ ဖြစ်ခဲ့တဲ့ တစ်ခေါက်။ ကျွန်တော့် ကြီးပွားတိုးတက်ရာလမ်းစအတွက် အကြံသစ် ဉာဏ်သစ်တွေရခဲ့တဲ့ တစ်ခေါက်ပါပဲဗျာ။

\+ \+ \+



မနက် (၇)နာရီလောက်ကတည်းက အိမ်ကထွက်လာလိုက်တာ ဆယ်နာရီထိုးလောက်ကျတော့ ကျွန်တော် ကန်တော်ကြီးစောင်းကို ရောက်သွားတယ်။

ကောင်မလေးတွေကို မျက်စိစားပွဲထိုင်၊ စိတ်အစာကျွေး၊ ပြီးတော့ အတွဲတွေချောင်းနဲ့ပေါ့ဗျာ။

အတွဲတွေ လိုက်ချောင်းရင်းနဲ့ တော်တော်ကြာတော့ ကျွန်တော် ငြီးငွေ့သွားတယ်။ အပေါ့သွားချင်တာနဲ့ လူရှင်းတဲ့ ချုံပုတ်တစ်ခုဘေးသွားပြီး အပေါ့အပါး သွားလိုက်တာပေါ့။

အဲဒီမှာပဲ မသင်္ကာစရာ လူတစ်ယောက်ကို ကျွန်တော် တွေ့လိုက်ရတာပဲ။

ကျွန်တော် အပေါ့သွားနေတဲ့ ချုံပုတ်ရဲ့ ခပ်လှမ်းလှမ်းမှာ ချုံပုတ်တစ်ခု ရှိသေးတယ်ဗျ။ အဲဒီ ချုံပုတ်ရဲ့တစ်ဖက်မှာ လူတစ်ယောက်ဟာ ဟိုကြည့် ဒီကြည့်နဲ့ ကြည့်ရင်းက ချုံပုတ်ခြေရင်းနားကို ကပ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကသာ ချုံကွယ်နေပေမယ့် မျက်စဉ်းတန်းခိုးကြောင့် သူ့ကို မြင်နေရတာလေ။ သူကတော့ ချုံပုတ်နှစ်ခုတောင် ခြားနေတဲ့ ကျွန်တော့်ကို မမြင်ဘူး။

ကျွန်တော်လည်း ဒီလူ့အမူအရာကို မသင်္ကာတာနဲ့ ချုံပုတ် အကွယ်ကမထဘဲ စောင့်ကြည့်နေလိုက်တယ်။ လူကတော့ သားသားနားနား ဝတ်ထားတာပဲဗျ။ ဘောင်းဘီနဲ့ ရှူးဖိနပ်အကောင်းစားနဲ့။ လက်ထဲမှာ မြွေရေခွံအိတ်တစ်ခုကို ကိုင်လို့ဗျ။ အတွဲချောင်းတာတော့ ဟုတ်ဟန်မတူဘူး။

သူက အနားမှာ လူရှင်းပြီဆိုတာ သေချာလို့ထင်တယ်။ ချုံပုတ်အောက်ခြေကို ဖြဲပြီး တစ်ခုခု ကုန်းရှာနေတယ်။ သိပ်မကြာလိုက်ပါဘူး။ အထုပ်တစ်ခုကို ဆွဲထုတ်လိုက်တာ တွေ့ရတယ်။

အဲဒီ အထုပ်ကိုယူပြီး သူ့လက်ထဲမှာပါတဲ့ မြွေရေခွံအိတ်ကို ချုံပုတ်ကြား ထိုးထည့်လိုက်တာ တွေ့လိုက်ရတယ်။

နောက်တော့ ဒီလူ သုတ်သုတ်- သုတ်သုတ်နဲ့ အဲဒီနားက ထွက်သွားရော။

သူထွက်သွားတာနဲ့ ကျွန်တော်လည်း အဲဒီနားသွားပြီး ဒီလူ ဘာတွေလုပ်ခဲ့တယ်ဆိုတာ လေ့လာကြည့်တာပေါ့။

ချုံပုတ်အောက်ခြေမှာ ကျောက်တုံး ခပ်ပြားပြားတစ်ခု ရှိနေတယ်ဗျ။ ဟိုလူ သူ့အထုပ်ကို ထားပစ်ခဲ့တာ ကျောက်ပြား





အောက်မှာပဲ ဖြစ်မှာပဲ။ ကျွန်တော်လည်း သတိနဲ့ကျောက်ပြားကို ခပ်ဖြည်းဖြည်း မ,ကြည့်လိုက်တဲ့အခါ တွေ့ပါပြီ၊ ဟိုလူကိုင်တဲ့ မြွေရေခွံအိတ်နဲ့အထုပ်။

ဒီတော့မှ အဲဒီလူဟာ သူ့အထုပ်နဲ့ ကျောက်ပြားအောက်မှာ နဂိုရှိတဲ့ အထုပ်ကို လဲယူသွားတယ်ဆိုတာ သဘောပေါက်လိုက်တယ်။

ကျွန်တော်လည်း မြွေရေခွံအိတ်ကိုဆွဲထုတ်ပြီး ထိပ်မှာ စုချည်ထားတဲ့ ကြိုးကို ဖြည်ကြည့်လိုက်တယ်။

အမယ်လေးဗျာ။

အများကြီး၊ အများကြီး။

ပိုက်ဆံတွေမှ အများကြီးပါလားဗျို့။

တစ်ထောင်တန်တွေချည်းပဲဗျ၊ တစ်ထောင်တန်အုပ်လိုက်တွေ၊ ကျွန်တော် အမြန်ရေကြည့်လိုက်တယ်။ ဆယ်အုပ်တောင်ပဲ။

တစ်အုပ်မှာ အရွက်တစ်ရာ၊ တစ်ထောင်တန် အရွက်တစ်ရာဆိုတော့ တစ်ထောင်နောက်မှာ သုညနှစ်လုံးတိုး၊ ထောင်၊ သောင်း၊ သိန်း၊ ဟိုက်… တစ်ထောင်တန် တစ်အုပ်ကို ငွေတစ်သိန်းဗျ၊ ဆယ်အုပ်ဆိုတော့ ငွေဆယ်သိန်းပါလား။

ကျွန်တော် ဘာမှ စဉ်းစားမနေတော့ဘူး၊ မြွေရေခွံအိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ချည်ပြီး အဲဒီနားက အမြန်ထွက်လာလိုက်တယ်။ ပန်းခြံထပ်က ကွမ်းယာဆိုင်မှာ ကြွပ်ကြွပ်အိတ်ကြီးကြီးတစ်လုံးဝယ်ပြီး မြွေရေခွံအိတ်ကို ထည့်လိုက်တယ်။

ကျွန်တော့်ရင်တွေ အရမ်းတုန်နေတယ်၊ ကျွန်တော့် လုပ်ရပ်ကို လူမြင်သွားမှာလည်း အရမ်းစိုးရိမ်နေတယ်။ ဒါပေမဲ့ ဘယ်သူကမှ သတိတောင် မထားမိပါဘူး။ ကျွန်တော့်ဟာ ကျွန်တော်သာ စိုးရိမ်နေတာ။

ဘာပဲဖြစ်ဖြစ် ဒီနေရာမှာတော့ ဆက်နေလို့တော့ မဖြစ်တော့ဘူး၊ အမြန်လစ်မှ။

ကျွန်တော်ဟာ ဘဘုန်းရဲ့ ဘုန်းကြီးကျောင်းကို ခြေလျင်ပဲ လျှောက်ခဲ့လိုက်တယ်။

* * *

ဘုန်းကြီးကျောင်းရောက်တော့ ဘဘုန်းကိုဝတ်ဖြည့်ပြီး လူရှင်းတဲ့ တစ်နေရာသွားပြီး ကျွန်တော် စဉ်းစားတယ်။

ကျွန်တော် လုပ်ခဲ့တဲ့ လုပ်ရပ်ဟာ တရားသလားဆိုတာပေါ့။ ဟိုလူဟာ ငွေဆယ်သိန်းလို တန်ဖိုးကြီးတဲ့ ငွေထုပ်ကို ဘာလို့ ချုံပုတ်အောက်မှာ ထားခဲ့ရတာလဲ၊ သူလဲယူသွားတဲ့ အထုပ်ကကော ဘာလဲ။





ဒီမှာတင် ကျွန်တော် သဘောပေါက်လိုက်တယ်။ စုံထောက်ဇာတ်ကားတွေထဲက လူဆိုးတွေ ပစ္စည်းအချိန်းအချက်လုပ်သလိုမျိုးဖြစ်မှာဗျ။ ဟိုလူယူသွားတဲ့ အထုပ်ဟာ တရားမဝင်တဲ့ ပစ္စည်းမျိုးဖြစ်လိမ့်မယ်၊ ဘိန်းဖြူလိုပေါ့ဗျာ။ လူချင်းတွေ့ပြီး အလဲအလှယ်လုပ်ကြရင် မသင်္ကာမှာ၊ လူသိမှာစိုးလို့ ပစ္စည်းကို အချိန်းအချက်နဲ့ ချုံပုတ်အောက်မှာ ထားခဲ့ပြီး ပစ္စည်းနဲ့ငွေ လဲယူတာမျိုးဖြစ်မှာပေါ့။ ပစ္စည်းထားတဲ့ နေရာကလည်း အဖိုးတန်ပစ္စည်းရှိမယ်လို့ မထင်ရတဲ့ နေရာမျိုး၊ ချုံပုတ်အောက်က ကျောက်ပြားအောက်မှာ ငွေတွေ ပစ္စည်းတွေရှိမယ်လို့ ဘယ်သူက ထင်မှာလဲ၊ ငွေယူမယ့်လူ မလာခင်မှာ ကျွန်တော်က ငွေထုပ်ကို ယူလာမိတာပဲ။

တွေးကြည့်ရင် ဒါဟာ မရိုးသားတဲ့လုပ်ရပ်၊ ဥပဒေနဲ့ ဆန့်ကျင်တဲ့ အလုပ်ဆိုတာ ထင်ရှားနေပါတယ်။ ဒီလိုဆိုတော့ ကျွန်တော် ဒီငွေထုပ်ကို ယူခဲ့တာလည်း မတရားတာ မဟုတ်တော့ဘူးပေါ့၊ သူခိုးလက်က သူဝှက်လုဆိုတာမျိုးတော့ဖြစ်တာပေါ့ဗျာ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်လက်ထဲကို ငွေဆယ်သိန်းထုပ်ကြီး ရောက်နေပြီ။ ကျွန်တော် ဘာဆက်လုပ်ရမလဲ။ ငွေဆယ်သိန်းဆိုတဲ့ အချိုးအစားကြီးက ကျွန်တော့်ကို ခြောက်လှန့်နေတယ်၊ ကျွန်တော့်ရင်တွေဟာ ခုထိ တုန်နေတုန်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြာကြာ ငြိမ်ငြိမ်ဆိမ်ဆိမ် နေလိုက်တော့မှ ကျွန်တော့်စိတ်တွေဟာ တည်ငြိမ်သွားတယ်။

ဒီငွေထုပ်ကြီးကို အိမ်သယ်သွားလို့တော့ မဖြစ်ဘူး။ ကျွန်တော့်ကို မသင်္ကာစရာတွေ ဖြစ်လာလိမ့်မယ်၊ တစ်နေရာရာမှာ ခဏသိမ်းထားမှ ဖြစ်မှာ။

ကျွန်တော်ဟာ ဘုန်းကြီးကျောင်းထဲမှာပဲ ဝှက်ပစ်ခဲ့ဖို့ နေရာရှာရတယ်။ ကျောင်းထဲမှာတော့ ဘုန်းကြီးနဲ့ ဦးဇင်းတွေ နေ့လယ်ခင်း ခေတ္တခဏ ကျိန်းနေကြတဲ့အချိန်မို့ တိတ်ဆိတ်နေပါတယ်။

ကျောင်းဝင်းကြီးက အကျယ်ကြီးပါ။ သစ်ပင် ဝါးပင်တွေလည်း ပေါတယ်။ ကျွန်တော်ဟာ ကျောင်းအနှံ့ လိုက်ကြည့်ရင်းက ကျောင်းအုတ်နံရံရဲ့ဘေးက ညောင်ပင်ကြီးအောက်မှာ ဝှက်ထားဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီနေရာက ဘုန်းကြီးတွေနေတဲ့ ကျောင်းနဲ့လည်း ဝေးတယ်၊ လူအရောက်အပေါက်လည်း နည်းတယ်။

ကျွန်တော်ဟာ ပေါက်တူးတစ်လက်ကို တိတ်တိတ်ယူပြီး ညောင်ပင်အောက်က မြေကို တစ်တောင်လောက်တူး၊ ကြွပ်ကြွပ်အိတ်ကို မြှုပ်ထားလိုက်တယ်။ ကျွန်တော် အလုပ်လုပ်နေတုန်းမှာ ဘယ်သူမှ မလာဘူး၊ မမြင်ဘူးဆိုတာလည်း သေချာပါတယ်၊





ကျွန်တော်က မျက်စဉ်းတန်ခိုးကြောင့် ဟိုအဝေးထိ ဒိုးယိုပေါက် မြင်နေရတာလေ။

မြေကြီးကို လက်ရာမပျက်ပြန်ဖို့လိုက်တော့ ဘာမှမသိသာတော့ဘူး။

ကျွန်တော်လည်း အဲဒီနေ့က နေကုန်အောင် အပြင်မှာ မနေဖြစ်တော့ဘူး။ ကောင်မလေးတွေလည်း လိုက်မကြည့်အားတော့ဘူး။ စိတ်လှုပ်ရှားတာနဲ့ နေ့လယ် ၁၂ နာရီလောက်မှာပဲ အိမ်ပြန်လာလိုက်တယ်။

ခုဆို ကျွန်တော်ဟာ ငွေဆယ်သိန်းချမ်းသာတဲ့ လူတစ်ယောက် ဖြစ်သွားပြီလေ။ ကျွန်တော် ဘာဆက်လုပ်ရမလဲ။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဘာဆက်လုပ်ရမလဲ။

ကျွန်တော်ဟာ ငွေဆယ်သိန်းထုပ်ကြီး လက်ထဲရောက်ပြီးကတည်းက နေမရ၊ ထိုင်မရအိပ်လို့တောင် မပျော်နိုင်ဘဲ ဂဏှာမငြိမ် ဖြစ်နေရပါတယ်။

ဆယ်သိန်းဆိုတဲ့ ငွေဟာ ကျွန်တော့်အတွက် အများကြီးပါ။ ကျွန်တော့်လခက တစ်လမှ သုံးထောင်ပဲရတာ။ ဒီငွေတွေကို ကျွန်တော် ဘယ်လိုသုံးမလဲ။

သေချာတာကတော့ အမေ့ဆီ တချို့တစ်ဝက် ခွဲပို့ပေးရမယ်။ အမေ ဘယ်လောက်ဝမ်းသာမလဲ၊ *'ရှန်ကုန်ရောက် ကြီးပွားချမ်းသာ အမေ့တွေးရှုးဆေပ်'* ဆိုပြီး ကျွန်တော် စိတ်ကူးယဉ်ခဲ့တာတွေ ပြည့်တော့မှာပါ။ ဒါပေမဲ့ ခက်တာက အမေ့ဆီ အများကြီးပို့လိုက်ရင် ဒီငွေတွေ ဘယ်ကရတယ်ဆိုတာ ပြောရတော့မယ်၊ ကျွန်တော် ဘယ်လိုပြောမလဲ။ ပြီးတော့ အမေ့ဆီကို တစ်ခါ





ပို့ရင် ငွေတစ်ထောင်ကိုတောင် နှစ်လတစ်ခါ၊ သုံးလတစ်ခါမှ ပို့နိုင်တာ။ ပို့ရင် လူကြုံရှိရင်ရှိ၊ မရှိရင် စာတိုက်က ပို့ရတာဗျ။ ရွာမှာ စာတိုက်မရှိဘူး၊ စာတိုက်မှာ အလုပ်လုပ်တဲ့ ရွာကလူတစ်ယောက်က အမေ့ကို အကြောင်းကြားပေးမှ အမေမြို့တက်ပြီး ငွေကိုထုတ်ရတာ၊ ပြီး အမေက စာမတတ်ဘူး၊ လက်မှတ်ထိုးရမယ့်နေရာမှာ လက်ဗွေနှိပ်ပြီး ငွေထုတ်ရတာ။

စာတိုက်ကသာ ငွေပို့လိုက်ရင် စာတိုက်စာရေးက ငွေတွေ အများကြီး ကျွန်တော်ပို့ပေးတာ သိသွားလိမ့်မယ်။ မဖြစ်သေးပါဘူး။ ကိုယ်တိုင်သွားပြီး အမေ့ကို ငွေပေးရင်း နှုတ်ပိတ်ထားမှ ဖြစ်မယ်။ ကျွန်တော် အလုပ်တစ်ခုခုလုပ်လို့ အဆင်ပြေတယ်လို့ အမေ့ကို ပြောရမှာပေါ့။ အမေကရိုးတော့ ကျွန်တော်ပြောသမျှ ယုံမှာပါ။

* * *

လောလောဆယ် ဒီငွေတွေကို ကျွန်တော် သုံးချင်နေပြီ။

ဘုန်းကြီးကျောင်းထဲမှာ ဝှက်ခဲ့တဲ့ ငွေထုပ်ကြီးကိုလည်း စိတ်မချဘူး။ အခြေအနေ ပြန်ကြည့်ချင်သေးတယ်။

ဒါနဲ့ တစ်ညနေတော့ ဆရာကြီးမြို့ထဲ ဆေးခန်းအသွားမှာ ကျွန်တော် လစ်ထွက်ခဲ့တယ်။ ခွင့်တောင်း မနေတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက နေ့လယ်သုံးနာရီဆိုရင် ရွှေဘုံသာလမ်းက ဆေးတိုက်ကြီးမှာသွားတိုင်ပြီလေ။

ဒီတစ်ခါတော့ ကျွန်တော် မျက်စဉ်း ခပ်မနေတော့ပါဘူး၊ ထွက်ရတာလည်း ညနေ၊ အချိန်နှောင်းနေပြီဆိုတော့ မျက်စဉ်းခပ်မနေတော့ဘူး။ ဒီအချိန်မှာ မျက်စဉ်းခပ်ပြီး ကောင်မလေးတွေ လိုက်ကြည့်ဖို့ထက် ငွေထုပ်ကြီးက ကျွန်တော့်အတွက် ပိုအရေးကြီးတယ်လေ။

ဘုန်းကြီးကျောင်းရောက်လို့ လူရိပ်လူခြေကြည့်ပြီး ကျွန်တော်ဝှက်ထားခဲ့တဲ့ သစ်ပင်အောက် သွားကြည့်တော့ အခြေအနေကောင်းသားဗျ။ ဒါနဲ့ လူမသိအောင် တိတ်တိတ်ပြန်ဖော်ပြီး အထုပ်ထဲက ငွေစက္ကူတစ်ထုပ်ကို နှိုက်ယူလိုက်တယ်။ ပြီး အထုပ်ကို နဂိုအတိုင်း မသိသာအောင် ပြန်ဖုံးထားလိုက်တယ်။

ကျွန်တော့်လက်ထဲမှာ ငွေတစ်သိန်းထုပ် တစ်ထုပ်ပါလာပြီ။ အချိန်ကလည်း သိပ်မရှိဘူး။ အနီးဆုံးဖြစ်တဲ့ ယုဇနပလာဇာကို ကျွန်တော် သွားတယ်။ ငွေတစ်သိန်းနဲ့ ကျွန်တော့်မျက်စိထဲမှာ တည့်သမျှကို ဝယ်ပစ်လိုက်တယ်။

ဘောင်းဘီရှည်နှစ်ထည်၊ ဝေါ့ကင်းရှူးတစ်ရံ၊ ဂျာကင်အင်္ကျီတစ်ထည် ဝယ်လိုက်တယ်။ အားလုံး သောင်းကျော်တန်ချည်းပဲ။ ပြီးတော့ လက်ပတ်နာရီတစ်လုံး ဝယ်တယ်။ တစ်သောင်း





သုံးထောင် ပေးရတယ်။ အမျိုးအစားတွေ ဘာတွေ ကျွန်တော်မသိပါဘူး၊ ဈေးနှုန်းအသေ ရေးကပ်ထားတာဆိုတော့ ဈေးမှန်ဖြစ်မှာပဲဆိုပြီး ယုံယုံကြည်ကြည် ဝယ်ပစ်လိုက်တာပဲ။ လက်ထဲမှာ သုံးသောင်းကျော် လေးသောင်းလောက် ကျန်သေးတယ်ဗျ။

အမေ့အတွက်လည်း တစ်ခုခု ဝယ်ဦးမှ။ အမေနဲ့ အသုံးတည့်တာလည်း သိပ်မတွေ့ပါဘူး။ မွေးပွတာဘက်ကြီးတစ်ထည်ပဲ ဝယ်လိုက်ရတယ်။ နောက်ဆုံးတော့ ထွေးခင်ကို တစ်ခုခု လက်ဆောင်ပေးဖို့ သတိရလိုက်တယ်။ ဒါနဲ့ ထွေးခင်အတွက် ပါတိတ်တစ်ထည် ဝယ်လိုက်သေးတယ်။

တော်ပြီ။ ကျန်တဲ့ငွေကို ခြေစောင့် လက်စောင့် သိမ်းထားဦးမှ။

အပြန်ကျတော့ ကျွန်တော့်မှာ အထုပ်အပိုးတွေနဲ့ အိမ်ကို အဝင်ရခက်နေသေးတယ်။ တော်သေးတာပေါ့၊ ပစ္စည်းတွေကို ကြွပ်ကြွပ်အိတ်ကြီး တစ်အိတ်ထဲမှာ စုထည့်လာမိလို့၊ ရွာက လူကြုံပေးလိုက်တဲ့ ပစ္စည်းလိုလို ဘာလိုလိုနဲ့ ခပ်တည်တည်ပဲ ဖြတ်ဝင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ပစ္စည်းတွေပါလာတာကို ဘယ်သူမှ သတိမထားမိလိုက်ပါဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အခြေအနေပြောင်းသွားတာကို စသတိထား မိသွားတာက မောင်မြိုင်နဲ့ ထွေးခင်ဗျ။

ကျွန်တော်ကလည်း ကျွန်တော်ပါပဲလေ။ အဝတ်အစား အသစ်တွေရတာကို ထုတ်မဝတ်ဘဲ မနေနိုင်ဘူး။ လက်ပတ်နာရီ ကိုလည်း ဝယ်ထားပြီးမှတော့ မပတ်ဘဲမနေနိုင်ဘူးလေ။ လူတော သူတောထဲရောက်မှ ထုတ်ပတ်တာပါ။ တစ်နေ့လုံး ပတ်ထားတာ လည်း မဟုတ်ပါဘူး။ အဲဒါကို မောင်မြိုင်က မြင်သွားတယ်။ ဒီကောင်က စကတည်းက ကျွန်တော့်ကို မနာလိုနေတာ။ ကျွန်တော် ဘောင်းဘီအသစ်နဲ့ ဝေါကင်းရှူးနဲ့နေတာကိုလည်း ဒီကောင် မနာလိုဖြစ်နေမှာပေါ့၊ ဦးကျန့်ကြီးကို ပြောပြပုံရတယ်။

ဦးကျန့်ကြီးက ကျွန်တော်တို့လို အလုပ်သမားဆိုပေမယ့် အသက်လည်းကြီးတယ်၊ ဒီအိမ်မှာနေတာလည်း ကြာပြီဆိုတော့ ကျွန်တော်တို့ အထက်လူကြီးလို ဖြစ်နေတယ်။ ဦးကျန့်ကြီးက–

'ကျော်ကြီး၊ မင်း ဝတ်လှစားလှချည်လား၊ ဘယ်က ပိုက်ဆံတွေရသလဲကွ' တဲ့၊ တစ်နေ့ ကျွန်တော့်ကို မေးတယ်။

'အမေပို့ပေးတာပေါ့ဗျ၊ ရွာမှာ ဒီနှစ် ပဲတွေ တော်တော် ရတယ်လို့ ပြောတယ်'

ကျွန်တော်လည်း ပြီးစလွယ် ဖြေလိုက်တယ်။

နောက်တစ်ယောက်က ထွေးခင်။





ကျွန်တော်ကမြင့် သူ့ကို စေတနာနဲ့လည်း ပါတိတ်ဝယ် ပေးရသေးတယ်။ သူက သံသယကြီးနဲ့ မလှကြည်ကို ပြန်ပြော တယ်ဗျာ၊ ကျွန်တော်ကပဲ ခိုးဝှက်လာသလိုလို ဘာလိုလို။

တော်ပါပြီ၊ ဒီကောင်မလဲ။

မရှက်တမ်းပြောရရင် ကျွန်တော်ကလည်း ထွေးခင်ကို အကြံအဖန် လုပ်မလို့ဗျ၊ ကျွန်တော် ခုအရွယ်ထိ ရည်းစားမထား ဖူးသေးတော့ ထွေးခင်ကို ရည်းစားထားမလို့၊ လက်ဆောင်ပေး ပြီး သိမ်းသွင်းတော့၊ ဒါကို ကောင်မက လက်ဆောင်ရတာ ငြိမ်ငြိမ်မနေဘဲ ဟိုလျှောက်ပြော ဒီလျှောက်ပြော ပြောနေတယ်။ တော်ပါပြီ၊ နှုတ်မလုံတဲ့ ကောင်မမျိုး။

\+ \+ \+



www.burmeseclassic.com

www.burmeseclassic.com

ငွေတွေကို မြေကြီးထဲမှာ ဒီတိုင်းထားလို့တော့ မဖြစ်ဘူး၊ တစ်ခုခုတော့ လုပ်မှ၊ ဘယ်လိုလုပ်ရမလဲ စဉ်းစားရင်းနဲ့ ဘဏ်မှာအပ်ထားဖို့ အကြံရလိုက်တယ်။

ဘဏ်အပ်တယ်ဆိုတာလည်း ဘယ်လိုအပ်ရတယ်ဆိုတာ သိဦးမှ။ ဒါနဲ့ တစ်နေ့မြို့ထဲကို ထွက်ရပြန်တယ်။ အဲဒီနေ့ကတော့ ကျွန်တော် မျက်စဉ်းခပ်ခဲ့ပြန်ပါတယ်။ ဘဏ်အကြောင်းလည်း လေ့လာရင်း ကောင်မလေးတွေလည်း ကြည့်ရင်းဆိုပါတော့၊ ဟဲ… ဟဲ…

လုံခြုံတဲ့ သားရေအိတ်တစ်လုံး ယုဇနပလာဇာမှာ ဝင်ဝယ်ခဲ့ပြီး ဘုန်းကြီးကျောင်းထဲမှာ မြှုပ်ထားတဲ့ ငွေတွေကို အကုန်ထည့်ခဲ့လိုက်တယ်။ မြို့ထဲက ဘဏ်တစ်ခုမှာ ငွေစုစာအုပ်လုပ်ပြီး ငွေတွေ သွားအပ်ထားလိုက်တယ်။

'နာမည်ပြောပါ'





ဘဏ်စာရေးမလေးက မေးတော့-

'မိုးကျော်သူ'

ကျွန်တော်ဟာ ကျွန်တော် ပြောင်းထားတဲ့နာမည်ကို ပြောလိုက်တယ်။

'မှတ်ပုံတင် ပေးပါရှင်'

ကျွန်တော် မှတ်ပုံတင် ထုတ်ပေးလိုက်တော့ မှတ်ပုံတင်ထဲက ကျော်ကြီးဆိုတဲ့နာမည်ကို စာရေးမလေးက တွေ့သွားတယ်။

'မှတ်ပုံတင်ထဲကနာမည်နဲ့ပဲ အပ်လို့ရတယ်နော် အစ်ကို' တဲ့။ စာရေးမလေးက ပြုံးစေ့စေ့နဲ့ ပြောတယ်။

အဖေပေါ့ဗျာ၊ ကျွန်တော့်ကို တနင်္လာသားဆိုပြီး ကျော်ကြီးလို့ ပြီးစလွယ် နာမည်မှည့်ပေးခဲ့တာ။ ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် မိုးကျော်သူလို့ ပြောင်းချင်တာကို ကျောင်းတုန်းကလည်း ကြိုးစားခဲ့သေးတာ။ နာမည်ပြောင်းရတာလည်း မလွယ်ပါဘူး။

ဘာပဲဖြစ်ဖြစ် ဘဏ်ကိစ္စတော့ လွယ်လွယ်ကူကူပဲ ပြီးသွားတယ်။

ငွေအပ်ပြီးတော့ ဘဏ်ထဲကကို ပြန်မထွက်ချင်တော့ဘူး၊ ဘဏ်ဝန်ထမ်းတွေက မိန်းကလေး ခပ်များများ၊ မိန်းကလေးတွေကလည်း ငယ်ငယ်ရွယ်ရွယ်လေးတွေချည်းပဲ။ ကြည့်လို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာများ။ ကျွန်တော် မျက်စဉ်းခပ်ထားတာနော်။

မပြန့်ချင့် ပြန့်ချင်နဲ့ ငွေစုစာအုပ်ကလေးကို ကိုင်ပြီး ဘဏ်ထဲက ပြန်ထွက်မလို့ လှည့်အလိုက်မှာ-

'ဟာ…'

ကျွန်တော်ဟာ ကျွန်တော့်မျက်စိကို ကျွန်တော် မယုံနိုင်အောင် ဖြစ်သွားရတယ်။ သံတံခါးကြီးတစ်ချပ်နဲ့ ပိတ်ထားတဲ့ အခန်းထဲကို ကျွန်တော် လှမ်းမြင်လိုက်ရတယ်။ ငွေတွေ၊ ငွေတွေ။ အများကြီးပါပဲဗျာ။

ကျွန်တော်ဟာ ကျွန်တော့်မျက်လုံးရဲ့ အစွမ်းကို အရမ်းကို အံ့သြသွားမိပါတယ်။ ဆရာကြီး တီထွင်ထားတာက အလွှာတစ်လွှာထဲ ဖောက်မြင်ရရုံ ဖော်စပ်ထားတာပါ။ အလွှာတစ်လွှာဆိုတာလည်း အဝတ်အစားလို အလွှာလောက် ဖောက်မြင်ရရုံအာနိသင်ရှိဘာပါ။ အရင်ခပ်ခဲ့တဲ့ အကြိမ်တွေတုန်းကလည်း အလွန်ဆုံး ခပ်ထူထူသားရေပြားလောက်ကိုသာ ဖောက်မြင်ခဲ့ရတာပါ။

ခုတော့ ကျွန်တော်ဟာ မျက်စဉ်းကို ခပ်တာ ငါးခါရှိပြီမို့လား မသိဘူး။ ကျွန်တော့်ရဲ့ အမြင်အာရုံဟာ ပိုပိုပြီး စူးရှလာပါပြီ။ သက်သေအနေနဲ့ ဘဏ်က အလုံပိတ်အုတ်တိုက်ထဲမှာ ထည့်ထားတဲ့ ငွေတွေကို အုတ်နံရံရော၊ သံမဏိတံခါးကိုပါ ဖောက်မြင်နေရတာသာ ကြည့်တော့လေ။





ကျွန်တော်ဟာ မျက်စဉ်းအသုံးပြုထားတဲ့ ကျွန်တော့်မျက်စိအစွမ်းကြောင့် ပျော်လည်း ပျော်သွားတယ်၊ လန့်လည်း လန့်သွားတယ်။ ဆရာကြီးက အကြိမ်ကြိမ်ခပ်ရင် အကြိမ်ကြိမ်တောင်မဟုတ်ပါဘူး၊ တစ်ကြိမ်ထက်ပိုခပ်ရင် မျက်လုံးကို အန္တရာယ်ဖြစ်စေနိုင်တယ်လို့ ပြောထားတာ မဟုတ်လား။ ကျွန်တော့်မျက်လုံးတွေ ခုလို မြင်နိုင်စွမ်းတိုးတက်လာတာ ကောင်းတဲ့ နိမိတ်မှ ဟုတ်ပါ့မလား။ *ကွယ်ခါနီးလို့ ဆေးစွမ်းကို အစွမ်းကုန်ပြနေတာများလား။*

ဘာပဲဖြစ်ဖြစ် ခုမှတော့ မထူးတော့ဘူး။ ဒီမျက်စဉ်းကို အသုံးပြုပြီး ကျွန်တော် ကြီးပွားချမ်းသာအောင် ကြံတော့မယ်ဗျာ။

* * *

အပြန်လမ်းမှာ ကျွန်တော်ဟာ လမ်းဘေးဝဲယာက အိမ်တွေ၊ အဆောက်အအုံတွေကို လှည့်ကြည့် အကဲခတ်ရင်း ပြန်လာခဲ့တယ်။ အိမ်တွေထဲမှာ လူတွေ စားသောက်နေတာ၊ အိပ်နေတာ၊ အလုပ်လုပ်နေတာတွေကအစ ကျွန်တော် မြင်နေရတယ်။ အိမ်ထဲက ပရိဘောဂတွေ၊ ပစ္စည်းတွေကိုလည်း နံရံတွေဖောက်ပြီး မြင်နေရတယ်။ အဲဒီကတစ်ဆင့် ဗီရိုထဲမှာ ထည့်ထားတဲ့ ပစ္စည်းတွေကိုတောင် မြင်နေရသေးသဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ အရာဝတ္ထုတွေကို ဖောက်မြင်ရတဲ့ ကျွန်တော့် အမြင်အာရုံအကြောင်းကို နည်းနည်းရှင်းပြဖို့တော့ လိုမယ်။ နံရံကို ဖောက်မြင်နေရတယ်ဆိုပေမယ့် မျက်စိထဲမှာ နံရံကြီးပျောက်သွားတာမျိုး မဟုတ်ဘူး။ ဒီလိုသာဆို နံရံမရှိဘူးထင်ပြီး ဝင်တိုက်ကုန်မှာပေါ့။ ကျွန်တော်မြင်ရပုံက နံရံကို ပလတ်စတစ်နဲ့ လုပ်ထားတဲ့ ပုံစံမျိုး။ နံရံကိုလည်း နံရံမှန်းသိနေ မြင်နေရတယ်။ အတွင်းဘက်ကိုလည်း ဖောက်မြင်နေရတယ်။ လူတွေကို အဝတ်အစားမပါဘဲ မြင်ရပုံကလည်း ဒီအတိုင်းပဲ။ ဝတ်ထားတဲ့ အဝတ်အစားကို အရောင်အသွေးကအစ သိနေတွေ့နေရပါတယ်။ အဲဒါကိုဖောက်ပြီး အတွင်းက ကိုယ်လုံးတီးကိုပါ နှစ်မျိုးလုံးတွဲ မြင်နေရတာပဲ။

ခုလို ကျွန်တော့်အမြင်အာရုံတွေ တဖြည်းဖြည်း ပိုစူးရှလာတာကို မျက်စဉ်းတီထွင် ဖော်စပ်တဲ့ ဆရာကြီးကိုယ်တိုင်တောင် တွေးမိမယ် မထင်ဘူး။

ကျွန်တော်ကတော့ မျက်စဉ်းခပ်ထားတဲ့အချိန်မှာ နတ်မျက်စိကို ရထားသလိုပါပဲ။ နောင်ဆို မျက်စဉ်းမခပ်ဘဲနဲ့တောင် ဆေးအရှိန်နဲ့ အမြင်အာရုံ ဆက်ရသွားမလား မသိဘူး။ စမ်းကြည့်ရမှာပဲ။

✦ ✦ ✦



နောက် နှစ်ရက်သုံးရက်နေတော့ ဆရာကြီးက ကျွန်တော့်ကို ခေါ်တယ်ဆိုလို့ ကျွန်တော် ဆရာကြီးနဲ့ သွားတွေ့ရတယ်။

ဆရာကြီးက ကျွန်တော့်ကို သေချာကြည့်ပြီး မေးတယ်။

'ကျော်ကြီး၊ မင်းခုတစ်လော ငွေတွေ တော်တော်သုံးတယ်ဆိုပါလား၊ အဝတ်အစားတွေကလည်း အသစ်တွေ ဝယ်ဝတ်လို့ဆို၊ ဒီပိုက်ဆံတွေ မင်း ဘယ်ကရသလဲ'

'ဟာ… ကျွန်တော် မခိုးပါဘူး၊ ဆရာကြီးရ'

'သြော်… ဒီကောင်ဟာ ခက်တော့တာပဲ၊ မင်းကို ဘယ်သူက ခိုးတယ်လို့ စွပ်စွဲလို့လဲ၊ ငါက ဘယ်က ပိုက်ဆံတွေရလို့ သုံးနိုင်ဖြုန်းနိုင်သလဲ မေးနေတာ'

'မောင်မြိုင်ပြောတာတွေ မယုံနဲ့ ဆရာကြီး၊ ဒီကောင်က ကျွန်တော့်ကို မနာလိုနေတာ'



www.burmeseclassic.com

www.burmeseclassic.com



'ကျော်ကြီး၊ ငါမေးတာက တခြား၊ မင်းဖြေတာက တခြား၊ မင်းလို ပေါချာချာကောင်လို့ လူတကာ ပြောလည်း ပြောစရာပဲ၊ ဘယ့်နှယ် မဆီမဆိုင် မောင်ဖြိုင့်ကို ဆွဲထည့်နေရတာလဲ'

'ရွာမှာ ဒီနှစ်ပဲတွေအောင်လို့ အမေက လူကြုံနဲ့ ကျွန်တော့်ကို ပိုက်ဆံတွေပို့ပေးလိုက်တာပါ ဆရာကြီး'

'စကတည်းက ဒီလိုဖြေရင် ပြီးနေပြီ၊ မအေးကြည်က လည်း ဒီငပေါကို ဘာလို့ငွေတွေ အများကြီးပို့ပေးနေပါလိမ့်'

ဆရာကြီးက သူ့ဟာသူ ညည်းညူသလိုမျိုး ပြောနေတယ်။

ကျွန်တော့်ကိုများ ပေါတောတောကောင်၊ ပေါချာချာကောင်နဲ့၊ ဟင်း... ဒီကောင်က ငွေဆယ်သိန်းတောင် လက်ထဲမှာ ပိုင်နေပြီဆိုတာ သိရင် သူတို့တွေ ဖျားသွားကြမယ်။

'ဒါနဲ့ ခရစ္စမတ်ညက မင်းကို သိမ်းခိုင်းတဲ့ ဟိုမျက်စဉ်းတွေ မင်း ဘာလုပ်သေးသလဲ ကျော်ကြီး'

ဆရာကြီးက မျက်စဉ်းအကြောင်း မေးလိုက်တော့ ကျွန်တော့်မှာ လန့်သွားတာပဲ။ မနည်းဣန္ဒြေဆောင်ပြီး မျက်နှာသေလေးနဲ့ နေလိုက်ရတယ်။

'ဓာတ်ခွဲခန်းထဲက စားပွဲပေါ်မှာပဲ ပြန်တင်ထားခဲ့ပါတယ်





ဆရာကြီး'

'မင်း အဲဒီမျက်စဉ်းတွေ ခွဲယူထားတာမျိုး လုပ်ထားသလား'

'ဟာ... ဆရာကြီးကလည်း မျက်စဉ်းက နှစ်ခါခပ်ရင် မျက်စိကွယ်မှာဆို၊ ကျွန်တော်က ဘာလုပ်ဖို့ ယူထားရမှာလဲ'

ကျွန်တော်က မျက်နှာသေလေးနဲ့ အတည်ပေါက်ပြောလိုက်တော့ ဆရာကြီးတွေသွားတယ်။

'မင်းက ဦးနှောက်မရှိတဲ့ကောင်ဆိုတော့ ထင်ရာတွေလျှောက်လုပ်မှာစိုးလို့ပါကွာ'

ခုလို မေး[illegible]ထောက်တော့ ဆရာကြီးဟာ မျက်စဉ်းတွေကို သွန်ပစ်လိုက်ပြီးလို့ပဲ ဖြစ်မယ်။ မသွန်ရသေးရင် မျက်စဉ်းကို ပြန်စစ်ကြည့်တာနဲ့ ကျွန်တော် လဲယူထားတာ သိမှာပေါ့။ မျက်စဉ်းတွေကို မစစ်ဆေးဘဲ သွန်ပစ်လိုက်လို့သာ သူ့စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေတာဖြစ်မှာ။

ဆရာကြီးက ကျွန်တော် ငွေတွေဖြုန်းနိုင်တာနဲ့ မျက်စဉ်းနဲ့ကို ဆက်စပ် စဉ်းစားကြည့်နေပုံရတယ်။ တကယ်တော့ ကျွန်တော့်ဟာကျွန်တော် ကံအကြောင်းသင့်လို့သာ ငွေတွေရခဲ့တာလေ။ ဒါကို မျက်စဉ်းကြောင့်လို့ စွပ်စွဲဖို့တော့ ခက်သားပဲ။

'အေး.... အေး... ပိုက်ဆံတွေကို သိပ်လည်း မဖြုန်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ တကယ်ဆို မင်းကတောင် အမေကို ပို့ရဦးမှာ၊ ကျန်သေးရင် စုထား၊ ကြားလား'

'ဟုတ်ကဲ့ပါ ဆရာကြီး'

* * *

ဆရာကြီး ခေါ်တွေ့ပြီးနောက်ပိုင်းမှာ ကျွန်တော့်ဘဝ ရှေ့ရေးအတွက် ကျွန်တော် စဉ်းစားရပြီ။

ရွာက အမေပိုက်ဆံပို့တယ်လို့ ဖြီးလိုက်တာနဲ့ လောလော ဆယ် ယုံပေမယ့် စုံစမ်းကြည့်ရင် မဟုတ်တာ ပေါ်သွားနိုင်တယ်။ ဘဘုန်းကျောင်းကို သွားမေးတာနဲ့ သိသွားနိုင်တယ်။ ဘဘုန်းနဲ့ ဆရာကြီးနဲ့က သူငယ်ချင်းလေ။

ပြီးတော့ အမေဟာ ကျွန်တော့်ကို ငွေပို့ဖို့နေနေသာသာ သူ့ဟာသူတောင် မနည်းရှာစားနေရတာပါ။ အမေ ရန်ကုန်ကို ဘုရားဖူးလာရင်း ဆရာကြီးနဲ့တွေ့လို့ မေးလိုက် မြန်းလိုက်ရင် လည်းကျွန်တော်လိမ်ထားတာ ပေါ်သွားနိုင်တယ်။ ဆရာကြီးက ကျွန်တော်တို့ရွာသားဆိုတော့ ရွာနဲ့က အမြဲအဆက်အစပ်ရှိနေတာ လေ။ တစ်ချိန်ချိန်တော့ ကျွန်တော်လိမ်တာ ပေါ်မှာပဲ။

ကျွန်တော့်မှာလည်း ခုဆို ငွေတွေသိန်းချီ ရှိနေပြီ။ ကိုယ့် ဟာကိုယ် လုပ်ကိုင် ရင်းနှီးစားလို့ရနေပြီ။ ဘာလို့ သူများအိမ်





မှာ အခိုင်းအစေ လုပ်နေတော့မှာလဲ။

ကျွန်တော် ဆရာကြီးအိမ်မှာ ဆက်နေလို့ မဖြစ်တော့ဘူး။

ဒါပေမဲ့ လောလောဆယ်တော့ ထွက်သွားလို့ မဖြစ်သေး ဘူး၊ သဘာဝကျအောင် အကြောင်းတစ်ခုခုပြမှ ဖြစ်မယ်။

ကျွန်တော့်ဘဝရှေ့ရေးအတွက် ကျွန်တော် စဉ်းစားရပါပြီ။

ကျွန်တော် ဘာဆက်လုပ်ရမလဲ။

* * *

ဒါနဲ့ပဲ ကျွန်တော်ဟာ နောက်တစ်ပတ်အကြာမှာ ရွာကို ခဏပြန်ပါရစေလို့ ခွင့်တောင်းပြီး ဆရာကြီးအိမ်ကနေ ထွက်ခဲ့ တယ်။

တကယ်တော့ ရွာအထိ ကျွန်တော် မပြန်ပါဘူး။

*ကျွန်တော့်မှာ အကြံရှိနေပြီ။*

ရွာကိုပြန်မယ်ဆိုတာ ဟန်ဆောင်ပြောခဲ့တာ။ ရွာကို တကယ် မပြန်ရုံမဟုတ်သေးဘူး။ ရန်ကုန်မြို့ထဲမှာပဲ ကျွန်တော် တည်းခိုနေခဲ့တာပါ။

ကျွန်တော် ဘဏ်မှာအပ်ထားတဲ့ ငွေထဲက သုံးသောင်း ကို ပြန်ထုတ်လိုက်တယ်။

ပြီးတော့ မြို့ထဲက တည်းခိုခန်းတစ်ခုထဲမှာ တည်းခိုနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ကျွန်တော့်မှတ်ပုံတင်က နယ်မှတ်ပုံတင်ဆိုတော့ နယ်ကလာတဲ့ ညည့်သည်ဟန်ဆောင်ပြီး လွယ်လွယ်ပဲ တည်းခိုနေလိုက်ပါတယ်။

ပထမတစ်နေ့မှာ ကျွန်တော်ဟာ မြို့ထဲက စိန်ရွှေရတနာဆိုင်တွေကို လိုက်ကြည့်တယ်။ မျက်စဉ်းပုလင်းကို ကျွန်တော်ယူလာခဲ့ပါတယ်။ မြို့ထဲထွက်လည်တော့ မျက်စဉ်း ခပ်ခဲ့တယ်။ ခုတစ်ခါခပ်တာက ကောင်မလေးတွေကို ကြည့်ဖို့ အဓိကမဟုတ်တော့ပါဘူး။ ကျွန်တော့်မှာ အကြံရှိနေပြီလေ။

ကျွန်တော်ဟာ နှစ်ရက်တိတိ ရတနာဆိုင်တွေကို လိုက်လေ့လာလိုက်တယ်။ မျက်စဉ်းခပ်ပြီး လေ့လာတာမို့ ရတနာဆိုင်တွေကို အတွင်းအပြင်ထဲထဲဝင်ဝင် သိသွားပါတယ်။

နောက်ဆုံးတော့ ..... လမ်းထဲက နာမည်သိပ်မရှိတဲ့ ရတနာဆိုင်တစ်ဆိုင်ကို ကျွန်တော် ရွေးလိုက်တယ်။ ကျွန်တော့်မှာ အကြံရှိနေပြီလေ။

✧ ✧ ✧



ည(၉)နာရီလောက်မှာ တည်းခိုခန်းက ထွက်လာခဲ့တယ်။

နိုက်ကလပ်ကို သွားမှာမို့ အပြန်နောက်ကျမယ်ဆိုတဲ့ အကြောင်း ညည့်ကြိုစာရေးကို ပြောထားခဲ့လိုက်တယ်။

ကျွန်တော်ဟာ ပေါ့ပေါ့ပါးပါးနဲ့ အမှောင်ထဲမှာ မမြင်လွယ်တဲ့ အနက်ရောင်ဝတ်စုံကို ဝတ်ထားပါတယ်။ ကျွန်တော့်လက်ထဲမှာတော့ အိတ်ခပ်လတ်လတ်တစ်လုံး ပါတယ်။ အိတ်ထဲမှာ စူး၊ ဆောက်တန်ဆာပလာနဲ့ မှန်ဖြတ်စိန်သွားတစ်ခု ပါလာခဲ့ပါတယ်။

ညဆယ်နာရီလောက်အထိ ကျွန်တော်သတ်မှတ်ထားတဲ့ ရတနာဆိုင်အနားက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း အချိန်ဖြုန်းလိုက်တယ်။

ဆယ်နာရီကျော်တော့ လက်ဖက်ရည်ဆိုင်လည်း ပိတ်ဖို့ပြင်တယ်။ အဲဒီ ပတ်ဝန်းကျင်က သီးခြားရပ်ကွက်လည်းဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



အစိုးရရုံးတွေများတဲ့ အပိုင်းမို့ ညပိုင်းမှာ လူသိပ်မစည်တော့ဘူး။

ကျွန်တော်ဟာ လက်ဖက်ရည်သောက်ရင်းက ပတ်ဝန်းကျင်ကို အကဲခတ်နေခဲ့တာပါ။ ကျွန်တော် ထိုင်နေတဲ့ စားပွဲကနေ ရတနာဆိုင်ကို တည့်တည့်မြင်နေရတယ်။ ရှိးရှိးလူဆိုရင်တော့ ဘယ်မြင်ရမှာလဲ။ ကျွန်တော်က စူပါပါဝါမျက်စည်း ခပ်ထားတာလေ။

ရတနာဆိုင်က နှစ်ထပ် အဆောက်အဦပါ။ အောက်ထပ် ရတနာအရောင်းခန်းမ။ အပေါ်ထပ်မှာ လူနေပါတယ်။ အပေါ်ထပ်ကို အိမ်အပြင်ကနေ တက်လို့ရတဲ့ လှေကားတစ်ခုရှိသလို အောက်ထပ်ရတနာဆိုင်ကနေ နှစ်ရက်ဆက်တိုက် ကျွန်တော်လေ့လာထားပြီးသား။ ကျွန်တော် ဝင်မယ့်အပေါက်ကိုလည်း ကြည့်ထားပြီးသား။

ရတနာဆိုင်က လမ်းထောင့်မှာရှိတာ။ ဆိုင်ရဲ့ တစ်ဖက်ဘေးက လေးထပ်တိုက်ကြီး။ တိုင်အောက်ဆုံးထပ်က ဘယာဆေးရောင်းတဲ့ဆိုင်၊ ဘယာဆေးဆိုင်က ညနေဆိုပိတ်ပြီး ဆိုင်ရှင်တွေပြန်ကြတယ်။ ဆိုင်ထဲမှာ လူမအိပ်ဘူး။

အပေါ်ထပ် သုံးထပ်မှာတော့ ဒုတိယထပ်က ကုမ္ပဏီရုံးခန်း။ လူမနေဘူး။ အပေါ်ဆုံးနှစ်ထပ်မှာပဲ လူနေတယ်။ ဒီအချိန်ဆို ကိုယ့်အခန်းထဲမှာကိုယ် ရှိနေကြပြီ။ အိပ်တဲ့လူလည်း အိပ်





သောက်ပြီ။

လေးထပ်တိုက်ရဲ့ ဒီဘက်အဆောက်အဦက အစိုးရရုံး၊ ညစောင့်ဒလဝမ် တစ်ယောက်ပဲရှိတယ်။ ပတ်ဝန်းကျင်ကတော့ တိတ်ဆိတ်နေတာပဲ။ လူသူ နည်းပါးတယ်ဆိုပါတော့။

ဆယ်နာရီကျော်တာနဲ့ လက်ဖက်ရည်ဆိုင်လည်း ပိတ်လိုက်တယ်။ ကျွန်တော်လည်း ဆိုင်ကထလာခဲ့လိုက်တယ်။

မယောင်မလည်နဲ့ ရတနာဆိုင်ရှေ့က ဖြတ်လျှောက်ခဲ့တယ်။ အားလုံးအိုကေပဲ၊ တိတ်တိတ်ဆိတ်ဆိတ်ပဲ။

တစ်ပြကျော်ကျော်လောက်အထိ ဏုန္ဒြေမပျက် လမ်းလျှောက်လာလိုက်တော့ လမ်းထိပ်မှာ ပတ္တရောင်လှည့်လာတဲ့ ရဲသုံးယောက်နဲ့ဆုံတယ်။ သူတို့က ရတနာဆိုင်ရှိတဲ့ဘက်ကို လျှောက်သွားကြတာ။ ဒီအတိုင်းဆို နောက်တစ်နာရီကြာတဲ့အထိ ရဲတွေ ဒီဘက်ပြန်ရောက်လာမှာ မဟုတ်တော့ဘူး။ သူတို့ ကမ်းနားလမ်းဘက်ပတ်ပြီးမှ ဒီလမ်းဘက် နောက်တစ်ခါ ပြန်ပတ်ရင်တောင် အနည်းဆုံး တစ်နာရီခွဲလောက်ကြာမယ်။ ဒီအချိန်အတွင်းမှာ ကျွန်တော် လုပ်စရာတွေကို အပြီးလုပ်မှ။

* * *

ရတနာဆိုင်ဘက်ကို နောက်တစ်ခေါက် ပြန်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သံတိုင်ကို လွှနဲ့ဖြတ်တိုက်တာကတော့ တော်တော်လေးကြာသွားတယ်။ အသံမထွက်အောင် အဝတ်နဲ့ပတ်ပြီး ဖြည်းဖြည်းချင်းဖြတ်ရတာကိုး။

ဘာပဲဖြစ်ဖြစ် နာရီဝက်လောက်ကြာတော့ သံတိုင်နှစ်တိုင်ကို တီခနဲပြတ်အောင် ဖြတ်ပစ်လိုက်နိုင်တယ်။ သံတိုင်နှစ်တိုင်ကို တစ်ဖက်ကို တစ်နေရာဖြတ်လိုက်တာနဲ့ ကျန်တဲ့တစ်ဖက်ကို မြှုပ်ထားတဲ့ အပေါက်ထဲက ဆွဲနုတ်လိုက်ရုံပါပဲ။

ကျွန်တော့်ကိုယ်က ပိန်ပိန်သွယ်သွယ်မို့ သံတိုင်နှစ်ချောင်းလည်း ဆွဲနှုတ်ပြီးရော အလွယ်တကူ အထဲကိုဝင်လိုက်နိုင်တယ်။

ကျွန်တော် ရတနာဆိုင်အတွင်းဘက်ထဲကို ရောက်သွားပါပြီ။

ပထမဆုံး ကျွန်တော်ဟာ အပေါ်ထပ်ကိုတက်တဲ့ လှေကားရဲ့ တံခါးမကြီးကို အောက်ကနေ ပိတ်ပစ်လိုက်တယ်။ မတော်တဆ အပေါ်ထပ်က လူနိုးလာလို့ အောက်ဆင်းလာရင် ချက်ချင်း အောက်ထပ်ကို ဝင်မလာနိုင်အောင်လို့ပါ။

ပြီးတာနဲ့ ကျွန်တော် စိတ်ကူးထားတဲ့အတိုင်း လက်စွပ်တွေချည်း ပြထားတဲ့ မှန်ကောင်တာရှိရာကို လျှောက်သွားလိုက်တယ်။ ဆိုင်အတွင်းဘက်ဟာ မှောင်ပိန်းနေပါတယ်။ သာမန်လူအတွက်တော့ ဓာတ်မီးထိုးကြည့်မှ မြင်ရမယ်။ ကျွန်တော်ကတော့





စူပါ ပါဝါမျက်စဉ်းတန်ခိုးကြောင့် ဆိုင်အတွင်းဘက်မြင်ကွင်းကို နေ့ခင်းအတိုင်း ရှင်းရှင်းလင်းလင်းကြီး မြင်နေရလို့ ဘာမှ အခက်အခဲ မရှိပါဘူး။

လက်စွပ်တွေပြထားတဲ့ မှန်ကောင်တာရှေ့ ရောက်ပြီ။

မျက်စဉ်းအစွမ်းကြောင့် အမြင်အားကောင်းလို့ ဖောက်ထွင်းရာမှာ ချွေးတွေရွှဲနစ်နေပါတယ်။ သူတစ်ပါးအိမ်ရာကျော်နင်းပြီး ခိုးဝှက်ရတဲ့အလုပ်ကို တစ်ခါမှမလုပ်ဖူးတော့ ကြောက်နေ၊ စိတ်လှုပ်ရှားနေမိတယ်။ ကျွန်တော့်ရင်ခုန်သံကို ကျွန်တော်ပြန်ကြားနေရတယ်။

အထဲကိုရောက်နေပေမယ့် ပစ္စည်းတွေယူဖို့က မလွယ်သေးဘူး။ မှန်ကောင်တာကို ဖောက်ရဦးမယ်။

ကျွန်တော်ဟာ မှန်ဖြတ်စိန်သွားကို အိတ်ထဲက ထုတ်ယူလိုက်တယ်။ အသင့်ပါလာတဲ့ စက္ကူတိတ်ကို အပေါ်နဲ့ အောက်နှစ်တန်း တန်းပြီး ကပ်လိုက်တာပါ။ ဒါမှ မှန်ဖြတ်ပြီးတဲ့အခါမှာ မှန်ဟာ ပြုတ်ကျမသွားဘဲ တိတ်မှာကပ်နေမှာလေ။

ကျွန်တော်က တိတ်ကပ်ထားတဲ့ ရေိယာအတွင်းဘက်ကနေပြီး မှန်ဖြတ်စိန်သွားနဲ့ ဖိဆွဲလိုက်တယ်။ မှန်ဟာ အဝိုင်းပုံစံအတိုင်း ပြတ်ထွက်သွားတယ်။ တိတ်နဲ့ကပ်ထားလို့ ပြုတ်ကျမသွားပါဘူး။ တိတ်မှာကပ်လျက်နဲ့ တွဲလဲကြီးဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မှန်ဖြတ်သွားကို တိတ်ကန္တာပြီး ကြမ်းပြင်ပေါ် အသာချလိုက်တယ်။ ဘာအသံမှ မထွက်ဘဲ မှန်ကောင်တာမှာ အပေါက်ကြီး ဖြစ်သွားပါပြီ။

ဆယ်လက်မလောက် အကျယ်ရှိတဲ့ မှန်ပေါက်ကနေ အတွင်းဘက် လက်စွပ်တွေကို နှိုက်ယူလိုက်တယ်။

လက်စွပ်တွေ၊ လက်စွပ်တွေ။ ရတနာအမျိုးမျိုးကို ရွှေနဲ့ ကွင်းပြီးလုပ်ထားတဲ့ လက်စွပ်ပုံစံမျိုးစုံ။ ရွှေအသားနဲ့ချည်း လုပ်ထားတဲ့ လက်စွပ်တွေကလည်း အများကြီး။

ကျွန်တော်ဟာ လက်နဲ့တစ်ဆုပ်ပြီး တစ်ဆုပ်နှိုက်လို့ လက်စွပ်တွေကို ကျွန်တော် ယူလာတဲ့အိတ်ထဲ ပြောင်းထည့်လိုက်ပါတယ်။ မှန်ကောင်တာထဲမှာ လက်စွပ်တွေ တစ်ကွင်းမှ မကျန်တော့မှ အိတ်ကို စုချည်လိုက်တယ်။ လက်စွပ်တွေနဲ့ အလေးချိန်က အစိတ်သားကျော်ကျော် သုံးဆယ်သားလောက်ရှိမယ် ထင်ပါရဲ့။

တော်ပြီ။

ယူမယ်ဆိုရင် ဆိုင်တစ်ဆိုင်လုံးကို ပစ္စည်းတွေကို ဓိမ်ပြေနပြေ အားလုံး ယူလို့ရပါတယ်။ ဒါပေမဲ့ လောဘကို ကျွန်တော် သတ်လိုက်တယ်။ စကတည်းက လက်စွပ်ပဲယူမယ်လို့ ကျွန်တော် သန္နိဋ္ဌာန်ချခဲ့တာ။ ကျွန်တော့် အဓိဋ္ဌာန်ကို ကျွန်တော် မပြင်ဘူး။ သူတစ်ပါးပစ္စည်းကိုလည်း ကုန်စင်အောင် မယူချင်ဘူး။ အခု





ကျွန်တော်ခိုးခဲ့တဲ့ အချိုးအစားလောက်ဟာ ဆိုင်ရှင်တွေအတွက်တော့ ဘဝပျက်အောင် မနစ်နာတန်ကောင်းပါဘူး။ သူတို့အတွက်သိပ်ပြီး မနစ်နာလောက်စေတဲ့ အချိုးအစားဟာ ကျွန်တော့်အတွက်တော့ တစ်ဘဝထူထောင်ဖို့ ဖူလုံနေပြီပဲ။ တော်ပါပြီ။

* * *

ကျွန်တော့်အတွက် ဘာအနှောင့်အယှက် အခက်အခဲမှ မတွေ့ခဲ့ပါဘူး။ မျက်စဉ်းဟာ ကျွန်တော့်ကို အခက်အခဲ အကျဉ်းအကျပ်အားလုံးထဲက ကယ်တင်ခဲ့တယ်။ အပြန်လမ်းမှာ ပတ္တရောင်ရဲတွေ လာနေတာကို သုံးလေးပြလောက်ကတည်းက ကျွန်တော် မြင်နေရတယ်။ ဒီတော့ ကျွန်တော့်မှာ ရှောင်ဖို့လွယ်နေတာပေါ့။

တည်းခိုခန်း ပြန်ရောက်တဲ့အထိ အဆင်ပြေလို့။ ပြန်ရောက်တော့ ည (၁၂)နာရီ။

တည်းခိုခန်းက ညစောင့်ကို အတော်နှိုးယူရတယ်။ အိပ်ချင်မူးတူးနဲ့ တံခါးထဖွင့်ပေးတဲ့ ညစောင့်ဟာ ကျွန်တော့်ကို သေချာတောင် မကြည့်ပါဘူး။ ကျွန်တော် အထဲရောက်တာနဲ့ သူလည်း တံခါးပြန်ပိတ်ပြီး ပြန်အိပ်သွားပါတယ်။

ကျွန်တော့်လုပ်ရပ်မှုတွေကို ဘယ်သူကမှ မသိလိုက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရိပ်တောင် မရိပ်မိလိုက်ဘူး။

အခန်းထဲရောက်တာနဲ့ ပါလာတဲ့ လက်ဝတ်ရတနာတွေကို သေချာတောင် ကြည့်မနေဘဲ အဝတ်စနဲ့ အထပ်ထပ် ရစ်ပတ်ထုတ်ပိုးထားလိုက်တယ်။ လက်ဆွဲအိတ်ရဲ့ အောက်ဆုံးမှာ ကပ်ထည့်ထားလိုက်တယ်။

ကျွန်တော်ဟာ သူခိုးတစ်ယောက် ဖြစ်သွားပါပြီ။ ပထမတစ်ခါ ရခဲ့တဲ့ ငွေဆယ်သိန်းဟာ ကျွန်တော့်ရဲ့ မကောင်းတဲ့ ပယောဂမပါဘဲ ကံစွပ်ပြီး ရခဲ့တာပါ။ ဒုစရိုက်သမားတွေ အချိန်းအချက်လုပ် ဝှက်ထားခဲ့တဲ့ငွေမို့ ကျွန်တော့်မှာ ဘာအပြစ်မှ မရှိဘူးလို့ ယူဆလို့ရပါတယ်။

ခုတော့ ကျွန်တော်ကိုယ်တိုင် ဒုစရိုက်သမား ဖြစ်သွားပြီ။ သူခိုးဖြစ်သွားပြီ။

ကျွန်တော့်နားထဲမှာ ဘာဘုန်းဆုံးမခဲ့တဲ့ စကားတွေ၊ အမေဆုံးမခဲ့တဲ့ စကားတွေ၊ ဆရာကြီး ဆုံးမခဲ့တဲ့စကားတွေကို ပြန်ကြားယောင်နေတယ်။ သူတစ်ပါးပစ္စည်းခိုးမိခဲ့ပြီးမှ ကံကြီးထိုက်မှာ လန့်နေမိတယ်။

ကျွန်တော်ဟာ အခန်းထဲမှာ ဘုရားစင်မရှိပေမယ့် ခေါင်းရင်းဘက်ကို လက်အုပ်ချီ စောင့်ကြောင့်ထိုင်ပြီး ဘုရားရှေ့မှာ သစ္စာတိုင်တည်လိုက်ပါတယ်။





"တပည့်တော်သည် မိခင်ကြီးအား လုပ်ကျွေးကျေးဇူးဆပ်လို၍ ယခုကဲ့သို့ ခိုးယူရခြင်းဖြစ်ပါသည်။ တပည့်တော့်သည် ဆင်းရဲသူ ဆင်းရဲသားများထံမှ မည်သည့်အခါမှ ခိုးယူခြင်းမပြုရန် ကတိသစ္စာပြုပါသည်။ ချမ်းသာကြွယ်ဝသူများထံမှ ခိုးယူသည့်အခါတွင်လည်း ၎င်းတို့အတွက် ထိခိုက်နစ်နာခြင်း မရှိလောက်သည့် အချိုးအစားလောက်သာ ခိုးယူပါမည်။ ခိုးယူရရှိသည့်ငွေများဖြင့် မိခင်ကြီးအား လုပ်ကျွေးပြုစုပါမည်။ အလှူဒါနများလည်း ပြုလုပ်ပါမည်။ ဤသစ္စာစကားအတိုင်း လိုက်နာပါက တပည့်တော်သည် အန္တရာယ်ကင်း ဘေးရှင်းပါစေသတည်း။ ကတိသစ္စာကို ချိုးဖောက်ခဲ့ပါက ပြစ်ဒဏ်သင့်ပါစေသတည်း"

ဘုရားရှေ့မှာ လေးလေးနက်နက် သစ္စာပြုပြီး ဦးသုံးကြိမ်ချလိုက်ပါတယ်။

* * *

နောက်တစ်နေ့မနက်မှာ အဲဒီတည်းခိုခန်းက ကျွန်တော်ထွက်ခဲ့တယ်။

အိမ်ကိုတော့ ပြန်လို့မဖြစ်သေးဘူး။ ဆရာကြီးအိမ်က ထွက်လာတာ သုံးရက်ပဲရှိသေးတယ်။ နယ်ကို တကယ်ပြန်မယ်ဆိုရင် အသွားအပြန်နဲ့ ငါးရက်လောက်ကြာမှာ သဘာဝကျမှာ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ကျွန်တော်ဟာ တခြား တစ်နေရာမှာ နှစ်ရက်လောက် ပြောင်းနေဖို့ ဆုံးဖြတ်လိုက်တယ်။

ဘဏ်က ငွေတစ်သိန်း ဝင်ထုတ်လိုက်တယ်။

ဒီတစ်ခါတော့ တော်တော်သားသားနားနားနဲ့ တန်ဖိုးကြီးကြီးပေးရတဲ့ ဟိုတယ်ကြီးတစ်ခုမှာ ကျွန်တော်ဝင်တည်းနေလိုက်ပါတယ်။

ဟိုတယ်မှာပဲ စားသောက်သုံးဖြုန်းပြီး ပျော်ပျော်နေပစ်လိုက်တယ်၊ နိဗ္ဗာန်ရောက်နေတဲ့ အတိုင်းပါပဲဗျာ။

✧ ✧ ✧



ငါးရက်ပြည့်တဲ့နေ့မှာ ကျွန်တော်တို့ ဒေသထွက်ပစ္စည်းတချို့ကို ဈေးကဝင်ဝယ်ပြီး ဆရာကြီးအိမ်ကို ပြန်လာခဲ့တယ်။

ရွာက လက်ဆောင်ပေးလိုက်တဲ့ ပစ္စည်းတွေဆိုပြီး ဝယ်လာတဲ့ဟာတွေကို ပေးလိုက်တော့ ဘယ်သူကမှ သံသယ မဝင်ကြဘူး။

ဒါပေမဲ့ ရွာနဲ့ဆက်သွယ်မိတဲ့ အချိန်မှာ ကျွန်တော် ရွာကိုပြန်မရောက်ကြောင်း သိသွားနိုင်တယ်။

ပြီးတော့ ကျွန်တော့်မှာ ငွေတွေသိန်းပေါင်းများစွာ ချမ်းသာနေပြီ။ လက်ထဲမှာ မထုခွဲရသေးတဲ့ ရွှေထည်တွေ အစိတ်သား၊ သုံးဆယ်သားလောက်ကလည်း ရှိသေးတယ်။ ဒါတွေကို လောလောဆယ် ထုခွဲလို့လည်း မဖြစ်သေးဘူး။ ရတနာဆိုင်က အမှုတိုင်ထားရင် ရဲကလိုက်လို့ သဲလွန်စ ရသွားနိုင်တယ်။ ရန်ကုန်မှာလည်း ထုခွဲလို့မဖြစ်ဘူး။ အချိန်တော်တော်ကြာမှ တခြားမြို့တစ်မြို့မှာ သွားရောင်းမှဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကြောင်းတွေရှိနေတော့ ကျွန်တော် ဒီအိမ်မှာ ဆက်နေလို့ ဘယ်ဖြစ်တော့မှာလဲ။ ကျွန်တော့်မှာ ငွေရှာဖို့နည်းလမ်းလည်း ရနေပြီ။ တစ်လသုံးထောင်နဲ့ သူများအိမ်မှာ အခိုင်းအစေလုပ်နေဖို့ လိုတော့ဘူး။

ကျွန်တော်ဟာ မောင်မြိုင်တို့၊ ဦးကျန်ကြီးတို့လို ငတုံး မဟုတ်တော့ဘူး။ ကျွန်တော်ဟာ လူစွမ်းလူစရှိတဲ့လူ၊ ငွေကိုရှာနိုင်ဖွေနိုင်တဲ့လူ ဖြစ်လာပြီလေ။

ပြန်ရောက်ရောက်ချင်း ညနေမှာပဲ ကျွန်တော် ဆရာကြီးနဲ့ ဝင်တွေ့လိုက်တယ်။

'ဆရာကြီး၊ ခု တစ်ခေါက် ကျွန်တော် ရွာပြန်တော့ အမေ ကောင်းကောင်းမမာဘူး ဆရာကြီး'

'ဟော… ဟုတ်လား၊ မအေးကြည် ဘာရောဂါဖြစ်နေသတုန်း'

'ဟို… ဟို… နှလုံးရောဂါ ဆရာကြီး'

ကြိုစဉ်းစားထားတဲ့ ရောဂါမရှိလို့ ပါးစပ်ထဲတွေ့တဲ့ရောဂါ တစ်ခုပဲ ပြောလိုက်ရတယ်။

'ဟင်… သူငွေးရောဂါပါလား၊ မအေးကြည် အသက်ဘာရှိဦးမှာတုန်း၊ ငါတို့ထက် အပုံကြီးငယ်တာပဲ၊ ရှိလှငါးဆယ်ကျော်ပေါ့'





'ဟုတ်ကဲ့ ဆရာကြီး၊ အဲဒါ အမေ့ကို တစ်ယောက်တည်း ပစ်ထားလို့ မဖြစ်တော့ဘူး၊ ကျွန်တော် ရွာပြန်မှ ဖြစ်တော့မယ်'

'အင်း'

ဆရာကြီးက ကျွန်တော့်စကားကို စဉ်းစားနေတယ်။

'ရွာမှာ မင်းဘာလုပ်စားမလဲကွဲ့ ကျော်ကြီးရဲ့'

'ဒီလိုပဲ လယ်ယာလုပ်ငန်းပေါ့ ဆရာကြီးရယ်၊ ကျွန်တော်တို့က လယ်သမား ချောင်းသမားတောသားတွေကိုး'

'အင်း… ငါလည်း ဒီရွာက ထွက်လာတာပါကွယ်၊ အင်းပေါ့လေ၊ ဘာတတ်နိုင်မတုန်း၊ မင်းက ဆယ်တန်းလည်း မအောင်တော့ မင်းဘဝတက်လမ်းအတွက် ငါလည်း ဘာမှလုပ်မပေးနိုင်ဘူး၊ မအေးကြည်လည်း သားသမီးဆိုလို့ မင်းတစ်ယောက်ပဲရှိတာဆိုတော့ ပြန်ပေါ့ကွာ'

'ဟုတ်ကဲ့၊ ဒါဆို မနက်ဖြန်ပဲ ပြန်ပါရစေတော့ ဆရာကြီး၊ ဆရာကြီးကို ကျွန်တော် ကန်တော့ခဲ့ပါတယ်'

'ဟော… ချက်ချင်းကြီးပါလား'

'အမေ့ကို စိတ်မချလို့ပါ'

'အေး… အေး… ရတနာသုံးပါးကို မမေ့နဲ့၊ အမေကို ပြုစုမယ်ဆိုတဲ့ ရည်ရွယ်ချက်က ကောင်းပါတယ်၊ ရွာမှာ လိမ်လိမ်မာမာနေ၊ အလုပ်ကိုကြိုးစား၊ ကြားလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ ဆရာကြီး'

'နေဦး၊ နေဦး'

ဆရာကြီးက ထိုင်ရာမှထသွားပြီး အခန်းထဲဝင်သွားတယ်။ ပြန်ထွက်လာတော့ ငွေတစ်သောင်း လက်ထဲမှာပါလာတယ်။

'ရော့… မုန့်ဖိုးယူသွား၊ အကုန်သုံးမပစ်နဲ့နော်၊ မအေးကြည်အတွက် ဆေးဝယ်ဖို့ထားဦး၊ ငါလည်း ဆေးလေးဘာလေး မနက်မှ စီစဉ်ပေးလိုက်ပါဦးမယ်'

* * *

မနက်ကျတော့ ဘဘုန်းကျောင်းကိုဝင်ပြီး အကျိုးအကြောင်း ဝင်လျှောက်လိုက်တယ်။ ရွာကိုပြန်တော့မယ်ဆိုတော့ ဘဘုန်းက အံ့သြနေတယ်။

'အမေကို ပြုစုဖို့ပြန်မယ်၊ ဟုတ်စ၊ ကြားသားမိုးကြိုး၊ နင့်ဟာ ဟုတ်ရဲ့လား ကျော်ကြီးရယ်'

'အမေလည်း အသက်ကြီးပြီလေ ဘဘုန်းရဲ့'

'အမယ်လေး… သိတတ်နေလိုက်တာ၊ ငါ မင်းသတင်း ...ဝင့်နားထောင်နေတာပ'

'ကျွန်တော် လူကြီးဖြစ်နေပါပြီ ဘဘုန်းရ'





'အေး… အေး… ဒါဆိုလည်းပြီးရော၊ ရွာမှာ ကောင်းကောင်းနေ၊ တုပ်ပွားတို့လို ထန်းရည်သမား ဖြစ်မသွားနဲ့ဦး၊ အပေါင်းအသင်းလည်း ကြည့်ပေါင်းဟဲ့၊ ကြားလား'

'ဟုတ်ကဲ့၊ အဲ… တင်ပါ့ဘုရား'

* * *

ဘဏ်မှာအပ်ထားတဲ့ ငွေအားလုံးကိုထုတ်ယူလိုက်တယ်။

ရွာအပြန်လမ်းမှာ ကျွန်တော်ဟာ ငွေဆယ်သိန်းနဲ့ ရွှေထည်တွေပိုက်ပြီး ဝင့်ဝင့်ကြွားကြွား ပြန်လာနိုင်ခဲ့ပါပြီ။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းကျတော့ ကျွန်တော့်အခြေအနေဟာ ရွာမှာ နေလို့ မဖြစ်တော့ဘူး။ တောရွာဒေသမှာလည်း ကျွန်တော် မနေ တတ်တော့ဘူး။

ကျွန်တော် ဆိုင်းမဆင့် ဗုံမဆင့် ပြန်ရောက်လာတော့ အမေ အံ့ဩနေတယ်။

'ဟဲ့… ကျော်ကြီး၊ နင် အလည်ပြန်လာတာလား၊ အထုပ် အပိုးတွေ များလှချည်လား၊ အပြီးပြန်လာတာလားဟဲ့'

'ကျုပ် အပြီးပြန်လာတာ အမေ'

'ကျော်ကြီးရယ်၊ ရန်ကုန်မှာ အေးအေးသက်သာ မနေ ဘူး၊ ဒီမှာဆို နင် တောအလုပ်တွေ လုပ်ရမှာဟဲ့၊ နင်ပျင်းပုံနဲ့ လုပ်နိုင်လို့လား'

'အမေကလည်း ဘာသိလို့တုန်း၊ အခု ကျုပ်ကောင်းစား လာပြီဗျ'





'ဟော'

'လာ… အမေ'

အမေ့ကို တိုးတိုးတိတ်တိတ် အိမ်တွင်းခန်းဘက် ခေါ် သွားရတယ်။

ကျွန်တော်က သားရေအိတ်ကိုဖွင့်ပြီး ငွေစက္ကူတစ်ထောင် တန်တွေ ပြလိုက်တော့ အမေ အံ့ဩသွားတယ်။

'ဟယ်… ကျော်ကြီး၊ နင်… နင်'

'အမေကလည်း ကျုပ်ကို တစ်မျိုးထင်ဦးမလို့လား၊ ကျုပ် ခိုးလာတာ မဟုတ်ပါဘူးဗျ'

'ဒါဖြင့် ဒါလောက်များတဲ့ ပက်ဆပ်တွေ ဘယ်ကရ သတုန်း ကျော်ကြီးရဲ့၊ ငါ ရင်တုန်လိုက်တာဟယ်'

'အမေက ကိုယ့်သားကောင်းစားတာကို ဝမ်းသာမယ် မရှိဘူး၊ မဟုတ်တာ တွေးဖို့ပဲ'

'ဩော်… ကျော်ကြီးရယ်၊ နင်က လူကပေါတောတော၊ ဘဝင်က ခပ်မြင့်မြင့်နဲ့ ပေါက်တတ်ကရတွေ လျှောက်လုပ်လာမှာ စိုးလို့ပါဟဲ့'

'ဒီမယ်၊ ဒါ ကျုပ် ရန်ကုန်မှာ အိမ်ပွဲစားလုပ်လို့ ရလာ တဲ့ပိုက်ဆံတွေ'

'နင်က အိမ်ပွဲစားလုပ်တယ်၊ ဆရာကြီးက ခိုင်းလိုက်လား'



www.burmeseclassic.com

www.burmeseclassic.com



'အမေက ဆရာကြီးပဲ အားကိုးနေ၊ ဆရာကြီးက အိမ်ထဲကတောင် မထွက်နိုင်းဘဲ ကျုပ်ကို ခိုင်းထားတာ၊ ဒါတွေက ဆရာကြီးမရှိတုန်း ကျုပ်ဟာကျုပ် အပြင်ထွက်ပြီး စီးပွားရှာထားတာတွေဗျ၊ ကျုပ် ခုပိုက်ဆံတွေ တော်တော်စုမိပြီ၊ ဆရာကြီး အိမ်မှာလည်း နေစရာမလိုတော့ဘူး၊ ကိုယ့်ဟာကိုယ် လုပ်ကိုင်စားလို့ရနေပြီ၊ အဲဒါကြောင့် ရန်ကုန်က အပြီးပြန်လာတာ'

'နင်က ရွာမှာ အိမ်ပွဲစားလုပ်မလို့လား'

'တောမှာ ဘယ်လိုလုပ် ပွဲစားအလုပ်ဖြစ်မှာလဲဗျ၊ အမေကလည်း တခြားစီးပွားရေး လုပ်မှာပေါ့၊ ကျုပ် ဒီရွာမှာနေမှာလဲ မဟုတ်ဘူး၊ မြို့ပေါ် ပြောင်းနေကြမယ်၊ အမေလည်း လိုက်ခဲ့'

'အမယ်လေး… နေချင်ပေါင်တော်၊ ကိုယ်မွေးတဲ့ ကိုယ့်ရွာမှာပဲ ပျော်တယ်'

'အမေကလည်း အမြင်မကျယ်လိုက်တာဗျာ၊ တောမှာနေလို့ ကြီးပွားစရာလမ်း မရှိဘူးဗျ၊ ကဲ… ကဲ… ဒါတွေ နောက်မှဆွေးနွေးမယ်၊ ပိုက်ဆံတွေကို သိမ်းလိုက်ဦး အမေ၊ ကျုပ်မှာ ပိုက်ဆံတွေ အများကြီးပါလာတာကို သူများတွေ လျှောက်မပြောနဲ့ဦး၊ ကျုပ် အမေ့အတွက် အဝတ်အစားတွေ အများကြီးဝယ်လာတယ်ဗျ'

ကျွန်တော်က အမေ့အတွက် ပါလာတဲ့ လက်ဆောင်တွေ





လည်း ထုတ်ပေးလိုက်ရော အမေဟာ မျက်ရည်တွေကျပြီး ကျုပ်ကိုတွေတွေကြီး စိုက်ကြည့်နေတော့တာပဲ။

'ငါ့သားလေး၊ ကျော်ကြီး၊ ရှူးပေါ်ပေါ်နဲ့ဆိုပေမယ့် အမေကိုတော့ သိတတ်ရှာသား၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေတော်'

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့ကျတော့ ကျွန်တော် မြို့ပေါ်ကို ထွက်ခဲ့တယ်။ ငွေတွေကိုလည်း ဘဏ်မှာအပ်ထားဖို့ ယူလာခဲ့တယ်။

ကျွန်တော်တို့ရွာက ခရိုင်အဆင့်ရှိတဲ့ မြို့ကြီးနဲ့ (၇)မိုင်ပဲ ဝေးတာပါ။ မြို့ကလည်း အညာမှာ မန္တလေးပြီးရင် အစည်ကားဆုံးမြို့ကြီး။

ဘဏ်မှာ ငွေအပ်ရင်းနဲ့ မြို့ပေါ်မှာ အလုပ်အကိုင်လေး ဘာလေးစုံစမ်းရင်းနဲ့ပေါ့။ ကျွန်တော် ပါလာတဲ့ ရွှေထည်တွေကိုတော့ အမေ့ကို မပြောဘူး။ အမေ့အလစ်မှာ အိမ်အောက်မှာ အိုးတစ်လုံးနဲ့ထည့်ပြီး မြေကြီးထဲ မြှုပ်ထားလိုက်တယ်။ ရွှေတွေသာမြင်ရင် အမေ ရူးသွားနိုင်တယ်။

မြို့ကဘဏ်မှာ ငွေတွေအပ်ပြီးတော့ ကျွန်တော် မြို့ထဲကို လျှောက်ကြည့်တယ်။ ရှစ်တန်းက ဆယ်တန်းအထိ ဒီမြို့မှာပဲနေခဲ့တာမို့ မြို့က ကျွန်တော်နဲ့ သိပ်မစိမ်းပါဘူး။ ကျွန်တော့်





သူငယ်ချင်းနှစ်ယောက်တောင် ဘဏ်မှာ အလုပ်လုပ်နေတာ ပြန်တွေ့သေးတယ်။

မြို့ထဲမှာ လှည့်ပတ်ကြည့်ပြီးတော့ ကျွန်တော် ကျောင်းနေတုန်းက နေခဲ့တဲ့ ဘုန်းကြီးကျောင်းကို ဝင်လည်တယ်။ တွေ့တဲ့လူတိုင်းက သားသားနားနားဖြစ်နေတဲ့ ကျွန်တော့်ကိုကြည့်ပြီး အံ့ဩနေကြတယ်လေ။

အဲဒီနေ့က စက်ဘီးတစ်စီးဝယ်ပြီး ကျွန်တော် ရွာကိုပြန်လာခဲ့လိုက်တယ်။

နောက်နေ့တွေမှာ ကျွန်တော့်အတွက် ခွင်တစ်ခုကို မျက်စိတွေ့ခဲ့ပါတယ်။ ရွှေဆိုင်တစ်ဆိုင်ပဲပေါ့။

ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့်မှာရှိတဲ့ လက်စွပ်တွေထဲက သုံးကွင်းကို အမေလစ်တုန်း အိုးထဲကထုတ်ပြီး မြို့ကအဲဒီ ရွှေဆိုင်မှာ သွားရောင်းလိုက်တယ်။ ငွေလိုချင်လို့ ရောင်းတာထက် ရွှေဆိုင်ရဲ့ အနေအထား အခြေအနေကို အကဲခတ်ချင်လို့ ဆိုင်ထဲကြာကြာဝင်ရအောင် ကြံတာပါ။

အိုကေပဲ၊ အနေအထားက ကျွန်တော့်အတွက် အဆင်ပြေတယ်။

ဆိုင်ကဈေးရဲ့ အပြင်ဘက် လမ်းမတန်းဆိုင်ပါ။ ဖောက်ဝင်ဖို့က လွယ်လွယ်လေး။



www.burmeseclassic.com

www.burmeseclassic.com



ညပိုင်းမှာ ရုပ်ရှင်ကိုးနာရီခွဲပွဲကြည့်ရင်း ကျွန်တော် အချိန်ဖြုန်းလိုက်တယ်။ ရုပ်ရှင်ပြီးခါနီးမှ မျက်စဉ်းကို ခပ်လိုက်တယ်။

ရုပ်ရှင်ပြီးလို့ လူခြေတိတ်ချိန်မှာ ကျွန်တော့် ဈေးဘက်ကို ရောက်သွားတယ်။ စက်ဘီးကိုတော့ ဈေးနားက မြောင်းကြီးကို ဖြတ်ထိုးထားတဲ့ တံတားအောက်မှာ ဝှက်ပစ်ခဲ့တယ်။

ဆိုင်က ဈေးကိုပတ်ပတ်လည်ကာပြီး ဆောက်ထားတဲ့ ဈေးတန်းလျား ဆိုင်တန်းပါ။ ဆိုင်တွေမှာ လူနေခွင့်မရှိဘူး။ ဈေးပိတ်တာနဲ့ ဆိုင်ပိတ် သော့ခတ်ပြီးပြန်ပဲ။ ကျွန်တော့်အတွက် ဈေးစောင့်ကို စောင့်ကြည့်ရုံပဲ။

(၁၁)နာရီလောက်မှာ ဈေးစောင့်တစ်ယောက် ရောက်လာပြီး ဈေးပတ်ဝန်းကျင်ကို ကြည့်တယ်။ ပြီးတော့ သူအိပ်နေကျ ဈေးထောင့်က ခုံတန်းလျားလေးပေါ် သွားအိပ်နေတယ်။

ဈေးစောင့်နဲ့ ကျွန်တော် ကိုက် (၁၀၀)လောက် ကွာပေမယ့် သူ အိပ်ပျော်သွားတာကို ကျွန်တော့်မျက်လုံးအစွမ်းနဲ့ မြင်နေရပါတယ်။

ကျွန်တော်ဟာ ပတ္တာရောင်တွေ လာမလာ အကဲခတ်ပြီး လူသူရှင်းပြီဆိုတာနဲ့ လုပ်ငန်းစလိုက်တယ်။

ဆိုင်ဖောက်ဝင်တာ၊ မှန်ကောင်တာကို အသံမမြည်အောင် ဖောက်တာတွေကတော့ အတွေ့အကြုံရှိပြီးသားမို့ ကျွန်တော့်အတွက်





မခက်ပါဘူး။

ဒါပေမဲ့ တကယ်တမ်းကျတော့ မှန်ကောင်တာထဲမှာ ရွှေထည်ပစ္စည်း သိပ်မရှိဘူး။ ဆိုင်ရှင်တွေက အကုန်သိမ်းယူသွားတာကိုး။

ကျွန်တော်လည်း ရှိသမျှ နည်းနည်းကျန်တာကိုပဲ သိမ်းကြုံးယူခဲ့ရတော့တယ်။ ဒါတောင် (၇)ကျပ်သား (၈)ကျပ်သားလောက်တော့ ရလိုက်ပါသေးတယ်။

* * *

ကျွန်တော် ဆိုင်ထဲက ပြန်ထွက်မယ်လုပ်တော့ စက်ဘီးသုံးစီးနဲ့ ရဲသုံးယောက် ပတ္တာရောင်လှည့်လာတာကို ဆိုင်တံခါးကနေ ဖောက်မြင်လိုက်ရလို့ မထွက်သေးဘဲ ငြိမ်နေလိုက်ရတယ်။

ရဲတွေက ဈေးထောင့်မှာ အိပ်ပျော်နေတဲ့ ညစောင့်ကို နှိုးသွားတဲ့ အသံကိုလည်း ကြားရတယ်၊ မြင်လည်းမြင်နေရတယ်။

ညစောင့်က အိပ်ရာကနိုးလာပြီး မီးမွှေးပြီး မီးလှုံနေသေးလို့ ကျွန်တော့်မှာ မြန်မြန်လစ်ထွက်ခဲ့ရတယ်။

မြောင်းထဲမှာ ဝှက်ထားခဲ့တဲ့ စက်ဘီးကိုယူပြီး ကျွန်တော်လည်း [illegible]ကို [illegible]နှင်းပြန်လာခဲ့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညက လပြည့်ညပါ။

လက သာနေတယ်။

ရွာအပြန်လမ်းဟာ လသာသာနဲ့ သိပ်စိတ်ကြည်နူးဖို့ ကောင်းတာပဲ။

ဒါပေမဲ့ မြို့အထွက်နားကတော့ ကြောက်စရာကောင်းတယ်ဗျ။ မြို့အထွက်မှာ ညောင်ပင်အုပ်ကြီးတွေ ရှိတယ်။ ညောင်မုတ်ဆိတ်ကြီးတွေ။ ညောင်ပင်ကြီးတွေဟာ တစ်ပင်နဲ့တစ်ပင် ယှက်ပြီး ရွာအပြန်လမ်းကို အုပ်မိုးထားတယ်။

လသာပေမယ့် ညောင်ပင်အောက်မှာ မှောင်မည်းနေတာပဲ။ အဝေးကကြည့်ရင် ကိုင်းညွတ်နေတဲ့ ညောင်ကိုင်းကြီးတွေကနေ တွဲကျနေတဲ့ ညောင်မုတ်ဆိတ်တွေဟာ တကယ်ပဲ မုတ်ဆိတ်ဖွားဖွား မကောင်းဆိုးဝါးကောင်တွေ မတ်တတ်ရပ်နေသလား ထင်ရတယ်။

သရဲတော့ ကျွန်တော် ကြောက်တယ်ဗျ။

ငယ်ငယ်က ကြားဖူးတဲ့ သရဲဇာတ်လမ်းတွေဟာ ကြောက်စရာတွေချည်းပဲ။ သစ်ပင်ကြီးကြီးအော[illegible]ရင် ကျွန်တော် ဘယ်တော့မှ ညပိုင်းဖြတ်မသွားဘူး။ သရဲတွေဟာ သ[illegible]ကြား မှာထိုင်ပြီး လင်းကွင်းလောက်ရှိတဲ့ မျက်လုံးကြီးတွေနဲ့ ကြည့်နေတတ်တယ်တဲ့၊ သရဲတွေရဲ့ လျှာကြီးတွေဟာလည်း မြေကြီးပေါ်ထိ





တွဲကျနေအောင် ရှည်တယ်တဲ့၊ သရဲတွေဟာ သစ်ပင်အောက် ဖြတ်သွားတဲ့လူတွေကို လျှာရှည်ရှည် နီနီရဲရဲကြီးတွေနဲ့ လိုက်တို့တယ်တဲ့၊ အမယ်လေးဗျာ… တွေးရင်း ကြောက်လိုက်တာ။

ကျွန်တော်ဟာ ညောင်ပင်အုပ်နားရောက်တော့ အပင်တွေပေါ်ကို မော့မကြည့်ဖြစ်အောင် သတိထားပြီး စက်ဘီးကို ဒလကြမ်း နင်းလာခဲ့လိုက်ရတယ်။

ဖူး…။

ညောင်ပင်အုပ်က လွတ်မှ သက်ပြင်းချနိုင်တော့တယ်။

ရှေ့မှာတော့ သစ်ပင်ကြီးကြီးမားမား မရှိတော့ပါဘူး။

လမ်းရဲ့ညာဘက်ခြမ်းတော့ ထုံးဖြူဖြူနဲ့ စေတီလေးတစ်ဆူဟာ လရောင်အောက်မှာ ထင်းနေတယ်။ မြို့အပြင်က စေတီမို့ လျှပ်စစ်မီးတွေ ဘာတွေ မရှိပါဘူး၊ လသာညမို့သာ လရောင်နဲ့ စေတီဖွေးဖွေးကို ဖူးရတာ။

စေတီလေးက လမ်းမကနေခွဲထွက်ပြီး ကိုက်တစ်ရာ လောက် လျှောက်ဝင်မှ ရောက်တယ်။

စေတီလေးကို တွေ့လိုက်တော့ ကျွန်တော်လည်း စက်ဘီးကိုရပ်ပြီး စက်ဘီးပေါ်ကဆင်း မတ်တတ်ရပ်ရင်း စေတီကို လက်အုပ်ချီဖူးလိုက်တယ်။

အဲဒီတုန်းမှာပဲ စောင်းသံကို ကျွန်တော် ကြားလိုက်ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ စောင်းသံ။

ဒီလိုအချိန်မျိုးကြီးမှာ ဘယ်သူက မြို့အပြင်ဘက်လာပြီး စောင်းတီးနေပါလိမ့်။

ကျွန်တော် ကြက်သီးမွေးညင်းတွေ ထသွားတယ်။

စောင်းသံဟာ စေတီလေးဘက်ကနေ ထွက်လာတာပါ။

လူသူမနီးတဲ့ ဒီတောလမ်းထဲမှာ ဘယ်ကလူရှိရမှာလဲ။ စောင်းသံဟာလည်း မကောင်းဆိုးဝါးတွေ လှည့်စားတာနေမှာ။

ကျွန်တော်ဟာ ကြောက်ကြောက်နဲ့ စက်ဘီးကို အမြန်ပြန်ခွပြီး နင်းခဲ့လိုက်တော့တယ်။

* * *

ရွာပြန်ရောက်တော့ အမေတောင် ဆွမ်းချက်ဖို့ အိပ်ရာကနိုးနေပြီ။

'ဟဲ့… ကျော်ကြီး၊ အချိန်မတော်ကြီး နင်ဘယ်က ပြန်လာတာလဲ'

'ရုပ်ရှင်ဝင်ကြည့်လို့ နောက်ကျသွားတာ အမေ'

'နင်နောက်ကျတဲ့ အချိန်ကလည်းဟယ်၊ လင်းကြက်တောင်တွန်နေပြီ၊ ဘုန်းကြီးကျောင်းမှာ ဝင်အိပ်နေလိုက်ရောပေါ့ဟယ်'





'ဘုန်းကြီးဆူမှာစိုးလို့ပေါ့ အမေရ'

'ရွာအပြန်လမ်းက မြေကကြမ်းကကြမ်းသနဲ့၊ လမ်းမှာသရဲကုတ်ချီးစားနေမှဖြင့်ဟယ်'

အမေ့စကားကြောင့် စေတီနားက စောင်းသံကို ပြန်ကြားယောင်ပြီး ကြက်သီးတောင် ထသွားတယ်။

ကျွန်တော်လည်း အမေ စကားရှည်နေမှာစိုးတာနဲ့ စောင်ခေါင်းမြီးခြုံပြီး အိပ်ပစ်လိုက်ရော။

အင်း… ရွာမှနေပြီး ဒီလိုမျိုး လုပ်ရှားနေလို့တော့ မဖြစ်ဘူး၊ တစ်ခုခုကြံမှ။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်၊ ကျွန်တော် တစ်ခုခုကြံမှ ဖြစ်တော့မယ်။

ဒီရွာမှာနေပြီး ဒီအလုပ်လုပ်စားနေရင် ကြာရင် ရိပ်မိသွားလိမ့်မယ်။ ပြီးတော့ ကျွန်တော် ရှာဖွေထားတဲ့ ငွေတွေကို ဘယ်လိုဖြုန်းမလဲ။ ကျွန်တော့်မှာ ငွေတွေ တော်တော်ရှိနေပြီ။

ရွှေထည်တွေ ထုခွဲလိုက်ရင် အနည်းဆုံး သိန်းသုံးဆယ်လောက် ထွက်လာဦးမယ်။

ကျွန်တော့် နဂိုစိတ်ကူးအတိုင်း မြို့ပေါ်ပြန်ပြောင်းပြီးနေမှ ဖြစ်တော့မှာပါ။

* * *

မြို့ပေါ်တက်ပြီး စုံစမ်းတော့ ကံအားလျော်စွာပဲ ဈေးနဲ့ မနီးမဝေးမှာ ရောင်းဖို့ အိမ်သေးသေးလေး တစ်လုံးရှိနေတာကို သွားတွေ့တယ်။





အိမ်က သိပ်မကြီးပေမယ့် အထပ်နှစ်ထပ် ပါတယ်။ ရောင်းဈေးသိန်းနှစ်ဆယ်တဲ့၊ ဒါနဲ့ ကျွန်တော် ဝင်စုံစမ်းကြည့်တော့ ပွဲစားမပါရင် ပွဲခ နှစ်သိန်းလျှော့ယူမယ်တဲ့။ (၁၈)သိန်းပေါ့။

အဲဒီအိမ်လေးကို ဝယ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။

ရွှေထည်တချို့ကို မန္တလေး တက်ရောင်းလိုက်ပါတယ်။

လိုတဲ့ငွေအနည်းအကျဉ်းကို ဘဏ်ကထုတ်လိုက်တော့ ကျွန်တော့်မှာ အိမ်ဝယ်ဖို့ (၁၈)သိန်းပြည့်သွားတယ်။

ဒါနဲ့ အဲဒီအိမ်လေးကို ဝယ်ဖြစ်လိုက်တယ် ဆိုပါတော့။

ကြည့်စမ်း၊ လူ့ကံဟာ ဆန်းကြယ်လိုက်တာ။ ဒါကြောင့် ကံထမ်းလာတာ မမြင်ရဘူးလို့ ပြောတာဖြစ်မှာ။ သူများအိမ်မှာ အခိုင်းအစေလုပ်ပြီး ခိုကပ်နေရတဲ့ ကျွန်တော်ဟာ လပိုင်းအတွင်းမှာ အိမ်ပိုင်ယာပိုင်နဲ့ ဖြစ်သွားပြီ။ လက်ထဲမှာလည်း ငွေတွေ သိန်းချီရှိနေပြီ။ နောက်လည်း ဆက်ရှာနိုင်ဦးမှာပဲ။

တကယ်တော့ ဒါတွေဟာ ဆရာကြီး ဒေါက်တာဖေသက်ကြည်ရဲ့ ဗျုက်စဉ်းအစွမ်းကြောင့်ပါ။ ဗျုက်စဉ်းကို တီထွင်ခဲ့တဲ့ ဆရာကြီးကိုယ်တိုင်ကတော့ ဒါတွေကို သိမယ်တောင် မထင်ဘူး။

ခုဆို ဗျုက်စဉ်းဟာ ပုလင်းရဲ့တစ်ဝက်ပဲ ကျန်တော့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ ကျွန်တော်ငှားထားတဲ့ တိုက်ခန်းလေးရှေ့မှာ မျက်မှန်ဆိုင်လေးတစ်ဆိုင် ဖွင့်လိုက်ပါတယ်။ ကျွန်တော့်မှာ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ထားမှ သဘာဝကျမှာလေ။

တိုက်ခန်းကို ကန့်ပြီး မျက်မှန်ထည့်ဖို့ မှန်ပုံးသုံးခုဝယ်လိုက်တယ်။ နံရံမှာလည်း မျက်မှန်တင်ဖို့ချိတ်ဖို့ သစ်သားစင်ကလေးတွေ ရိုက်လိုက်တယ်။ နံရံကို ဆေးလေးကြည့်ကောင်းအောင်သုတ်ပြီး မျက်မှန်တွေ ချိတ်လိုက်တော့ ဆိုင်လေးဟာ တော်တော် ကြည့်ကောင်းသွားတယ်။

ဆိုင်ရှေ့မှာ 'မိုးကျော်သူ မျက်မှန်ဆိုင်' ဆိုပြီး ပလတ်စတစ်ပြားနဲ့၊ အလူမီနီယံဘောင်နဲ့ ဆိုင်းဘုတ်ကလေး တပ်လိုက်တယ်။

ကျွန်တော့်ဆိုင်မှာ အလုပ်ရှုပ်တဲ့ ပါဝါမျက်မှန်တွေဘာတွေ တင်မရောင်းပါဘူး။ နေကာမျက်မှန်တွေကိုပဲ အလုပြီး ရောင်းတာ။ ဈေးနှုန်းတွေကိုလည်း အသေကပ်ထားလိုက်တယ်၊ တစ်ခွန်းဆိုင်ပေါ့၊ ကျွန်တော်က ဈေးမရောင်းတတ်တော့ ဒီလိုမှပဲ အဆင်ပြေမှာကိုး။ ကူစရာ လူငှားလည်း ရှာစရာမလိုတော့ဘူး။ မျက်မှန်မရောင်းရလည်း အရေးမကြီးဘူး။ ဆိုင်ကရုပ်ပြပဲ။

ကျွန်တော်က အမေ့ကို မြို့ပေါ်မှာ တိုက်ခန်းနဲ့ဘာနဲ့ လာနေဖို့ခေါ်ပေမယ့် အမေက မနေဘူးဗျ။





'ဟော့အေး… ငါ့တော့မှာပဲ ငါပျော်တယ်၊ မြို့ပေါ်မှာ မနေတတ်ပါဘူးဟယ်၊ မျက်စိရှုပ်ကရှုပ်နဲ့'

ဒါနဲ့ပဲ အမေ့ကို ရွာကအိမ်ကလေးကို ဒါ့ထက်ကောင်းအောင် ပြင်ဆောက်ပေးလိုက်ပါတယ်၊ ရွာက ကျွန်တော်တို့တဲကလေးဟာ ပျဉ်ထောင်သွပ်မိုးကလေး ဖြစ်သွားပြီ။

ခုတော့ ကျွန်တော့်ကို ရူးတူတူး ပေါတောတောကောင်လို့ သဘောထားခဲ့တဲ့ တစ်ရွာလုံးဟာ ကျွန်တော့်ထက် အထင်ကြီးလာကြပြီ။ ရွာများသွားရင် ဟိုလူကနှုတ်ဆက်၊ ဒီလူကနှုတ်ဆက်နဲ့၊ လက်ဖက်ရည်သောက်ဖို့ ဟိုအိမ်ကဖိတ်၊ ဒီအိမ်ကဖိတ်နဲ့၊ ရွာကျောင်းဘုန်းကြီးက အစပေါ့။

မြို့ပေါ်တက်လာရင်လည်း ကျွန်တော့်မျက်မှန်ဆိုင်လေးကို ဝင်လည်ကြသေးတယ်ဗျား။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ မြို့ပေါ်မှာ တည်တည်ခန့်ခန့် နေနေရပြီမို့ ကိုယ့်မြို့မှာကိုယ်တော့ ဖောက်ထွင်းမှု မကျူးလွန်တော့ဘဲ အေးအေးဆေးဆေး နေခဲ့ပါတယ်။ ကျွန်တော့်မှာ အပူတပြင်း ငွေရှာစရာလည်း သိပ်မလိုတော့ဘူး။ လက်ရှိပစ္စည်း ဥစ္စာတွေက ကျွန်တော်တစ်ယောက်အတွက် ဖူလုံတယ်။

မိန်းမယူရင်သာ အဆင်သင့်ဖြစ်ဖို့ ဒီထက်နည်းနည်းပို ရှာထားဖို့ လိုမယ်။ မိန်းမရပြီးရင်တော့ ခိုးတဲ့ဝှက်တဲ့အလုပ် ကျွန်တော် မလုပ်တော့ပါဘူး။ မတော်တဆ မိန်းမက ရိပ်မိသွားရင် ကျွန်တော့်ကို အထင်သေးသွားလိမ့်မယ်။ အမယ်... ပြောသာ ပြောနေရတယ်၊ ကျွန်တော် ကြိုက်တဲ့ မိန်းမကို မတွေ့သေးဘူးဗျ။

ကျွန်တော်ဟာ လေးငါးလအတွင်းမှာ ဖောက်ထွင်းမှု နှစ်မှု ကျူးလွန်ခဲ့ပါတယ်။ ကျွန်တော်တို့မြို့မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့မြို့နားက ရထားလမ်းရှိတဲ့ မြို့ကလေးမှာရယ်၊





မန္တလေးမှာရယ်ပါ။ အားလုံးအောင်မြင်ခဲ့တယ်။ ဖောက်ထွင်းခဲ့တာလည်း ရွှေဆိုင်ချည်းပဲ။

ဘာလိုလိုနဲ့ ကျွန်တော်ဟာ ရွှေဆိုင်တွေကိုချည်း ရွေးဖောက်တဲ့ ဖောက်ထွင်းရေးသမားတစ်ယောက် ဖြစ်နေကပါရောလား။ နောက်ဆုံးတစ်ခေါက်မှ မန္တလေးထိတက်ပြီးတောင် ခွင်ကျယ်လိုက်သေးတယ်။

ကျွန်တော် ကျူးလွန်ခဲ့တဲ့ ဒုစရိုက်မှုတွေအတွက် ရက်လွန်းလို့ ဖောက်ထွင်းမှု ကျူးလွန်ပုံ အသေးစိတ်ကိုတော့ ရေးမပြတော့ပါဘူး။

ကျွန်တော် ဘုရားမှာ သစ္စာဆိုထားခဲ့တာကိုတော့ မမေ့ခဲ့ပါဘူး။ လူတစ်ဖက်သား စည်းစိမ်ယုတ်လျော့အောင် အကုန်လုံး မယူပါဘူးဆိုတာလေ။ ကျွန်တော့်တစ်နိုင် ရွှေထည်ပစ္စည်းအသေးတွေကိုပဲ ယူတယ်။

ရတဲ့ငွေနဲ့လည်း အမေ့ကို ကျေးဇူးဆပ်တယ်။

အလှူအတန်းလည်း လုပ်ပါတယ်။

ရွာက မတတ်နိုင်တဲ့ မိဘတွေရဲ့ ကလေးတွေကို ရှင်အပါးနှစ်ဆယ် ရှင်ပြုပေးခဲ့တယ်။

ရွာမူလတန်းကျောင်း တိုးချဲ့ဖို့လည်း ငွေတစ်သိန်းအလှူငွေထည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှူဦးကျောင်းက ဥပုသ်ရေပ်ကြီး ပျက်စီးနေတာကိုလည်း အသစ်ပြန်ဆောက်ပေးနေဆဲပါ။ လေးငါးသိန်းလောက်ကုန်မယ်တဲ့၊ ကုန်ကျစရိတ်မှန်သမျှ ကျွန်တော် ထုတ်ပေးနေတယ်။

✧ ✧ ✧



မျက်စဉ်းကို အသုံးမပြုဘဲ နားထားတာ အတော်ကြာတော့ သုံးကြည့်ချင်စိတ် ပေါက်လာပြန်တယ်။ အဖိုးတန်တဲ့ မျက်စဉ်းကို ကောင်မလေးတွေကြည့်ရုံအတွက်တော့-

ကျွန်တော့်မှာ ငွေကြေးလည်း တော်တော်ပြည့်စုံနေပြီမို့ သူတစ်ပါးပိုင်ပစ္စည်းကိုလည်း မခိုးဝှက်ချင်တော့ဘူး။ ပိုင်ရှင်မရှိတဲ့ဟာမျိုးကိုတော့ မျက်စဉ်းသုံးပြီး စွန့်စားကြည့်ချင်သေးတယ်။ ပိုင်ရှင်မရှိတဲ့ ဥစ္စာဆိုတာ စစ်အတွင်းက မြှုပ်နှံထားတဲ့ပစ္စည်းတို့၊ သိုက်တို့လိုဟာမျိုးကို ပြောတာပါ။

ဒီလိုတွေးမိတာလည်း တခြားကြောင့် မဟုတ်ဘူး။

နောက်ဆုံး မျက်စဉ်းတစ်ခါခပ်တုန်းက ကျွန်တော်ဟာ မြေကြီးထဲက အရာတွေကို ဖောက်မြင်ခဲ့ရလို့ပဲ။ ဟုတ်တယ်၊ မန္တလေးမှာ ဖောက်ထွင်းတုန်းက ဟိုတယ်တစ်ခုမှာ တည်းနေတော့ ဟိုတယ်အောက်ဆုံးထပ်မှာ တည်းတာလေ။ ရွှေဆိုင်ဖောက်ဖို့ မျက်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းကို ကြိုပြီးခပ်တယ်။ အောက်ကိုငုံ့ကြည့်လိုက်တော့ မြေအောက်မှာ မြှုပ်ထားတဲ့ လျှပ်စစ်မီးကြိုးတွေ၊ ရေပိုက်လိုင်းတွေကို မြင်လိုက်ရတယ်ဗျ။

ကျွန်တော်ဟာ ဝမ်းလည်း ဝမ်းသာ၊ လန့်လည်းလန့်သွားတယ်။ ကျွန်တော့်မျက်စိအာရုံ တိုးတက်လာသလို၊ မျက်စိကွယ်ဖို့လည်း နီးလာပြီဆိုတာ တွေးမိလို့ပါ။

လမ်းတစ်လျှောက်လုံး အောက်ငုံ့ကြည့်သွားတော့ မြေကြီးထဲက ကြွက်တွေ၊ မြေအောက်က ပစ္စည်းအဟောင်းအမြင်းတွေကို မြင်နေရတယ်။

ဆရာကြီး မျက်စဉ်းဟာ အလွှာတစ်လွှာ ဖောက်မြင်ရတဲ့အစွမ်းက စလိုက်တာ နံရံတွေ၊ အုတ်တံတိုင်းတွေ ဖောက်မြင်ရတဲ့အထိ တိုးတက်လာရာက ခုတော့ မြေအောက်က အရာတွေကိုပါ မြင်လာရပြီ။

ဆရာကြီးရဲ့ သတိပေးစကားကိုလည်း ကျွန်တော် မမေ့ပါဘူး၊ မျက်စဉ်းကို တစ်ကြိမ်ထက် ပိုသုံးရင် မျက်စိကို ဒုက္ခပေးလိမ့်မယ်ဆိုတာလေ။ ခုထိတော့ ဒုက္ခမပေးတဲ့အပြင် မျက်စဉ်းအစွမ်းဟာ တစ်စတစ်စ တိုးတက်လာနေတာပဲ။ ဒါပေမဲ့ ဆရာကြီးလို ပညာရှင်တစ်ယောက်ရဲ့ စကားကို ပယ်ရှားလို့ ဘယ်ဖြစ်မှာလဲ။ တစ်နေ့မှာတော့ ဆရာကြီးပြောတဲ့အတိုင်း ကျွန်တော်





ကြုံရမှာပါ။

တရားတော်အတိုင်းဆိုရင်လည်း ကျွန်တော် လုပ်ခဲ့တဲ့ မကောင်းမှုတွေရဲ့ဒဏ်ကို ကျွန်တော် ပြန်ခံရမယ်လေ။ ယောက်ျားပဲလေ၊ လုပ်ရဲရင်ခံရဲရမှာပေါ့၊ ဝဋ်ပြန်ခံရတဲ့အခါ သက်သာအောင်ခုကတည်းက အရှုအတန်းကောင်းမှုကုသိုလ်တွေ လုပ်နေရတာပါ။

* * *

ပိုင်ရှင်မဲ့ပစ္စည်းဆိုလို့ ကျွန်တော် တွေးမိတာက တခြားမဟုတ်ပါဘူး။

ကျွန်တော်တို့မြို့မှာ ချစ်တီးတိုက်ပျက်ကြီးတစ်လုံး ရှိတယ်ဗျ။ ချစ်တီးတွေခေတ်ကုန်လို့ အိန္ဒိယပြန်ခါနီးတော့ ချစ်တီးကြီးဟာ နေမကောင်းဖြစ်ပြီး ချက်ချင်း ပြန်မထနိုင်ဘူးတဲ့။ ဒါနဲ့ ထုပ်ပိုးပြီးသား ပစ္စည်းတွေကို မြေအောက်မှာမြှုပ်ပြီး နေကောင်းအောင် ဆေးကုနေရသတဲ့။ ကံဆိုးချင်တော့ ချစ်တီးကြီးဟာ ရောဂါကျွမ်းပြီး မြန်မာပြည်မှာပဲ သေသွားတယ်။ ကုလားပြည် မပြန်ဖြစ်လိုက်ဘူး။

ချစ်တီးရဲ့ ပစ္စည်းတွေဟာလည်း မြေအောက်မှာ ဒီတိုင်းကျန်နေရစ်ခဲ့တယ်တဲ့။ ပစ္စည်းတွေကို ရှာကြတဲ့ သတင်းတွေငယ်ငယ်ကတည်းက ကျွန်တော် ကြားခဲ့ဖူးပါတယ်၊ တွေ့တယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မကြားရဘူး။ ကျွန်တော်က မြေအောက်မှာရှိတယ်ဆိုတဲ့ ချစ်တီးပစ္စည်းတွေကို ရှာကြည့်ချင်တာ။

ခက်တာက ကျွန်တော် သရဲကြောက်တတ်တာပဲ။

ချစ်တီးကြီးဟာ သရဲဖြစ်ပြီး သူ့တိုက်ကြီးမှာ စောင့်နေတယ်လို့လည်း နာမည်ကြီးတယ်။

ကျွန်တော် ငယ်ငယ်က မြို့က ဘုန်းကြီးကျောင်းမှာ နေပြီး ကျောင်းလာတက်တော့ မနက်အရုဏ်ဆွမ်းခံထွက်တိုင်း ချစ်တီးတိုက်ကြီးရှေ့က ဖြတ်ပြန်ရတာလေ။ ချစ်တီးသရဲကြီးဟာ တိုက်ရှေ့မှာ မားမားကြီး ထွက်ရပ်နေတတ်တယ်ဆိုလို့ ကိုရင်တွေရော၊ ကျောင်းသားတွေရော ချစ်တီးတိုက်ပျက်ကြီးရှေ့ရောက်ရင် ပြေးရတာ အမော။ ချစ်တီးသရဲကြီးဟာ ခုထိရှိသေးသလား မသိဘူး။ သရဲနဲ့တွေ့မှာတော့ ကျွန်တော် ကြောက်တယ်။

ဘာပဲဖြစ်ဖြစ် မြေအောက်ကပစ္စည်းကို စွန့်စားရှာကြည့်ချင်သေးတာကြောင့် တစ်နေ့မှာ ချစ်တီးတိုက်ထဲကို သွားရှာဖို့ ဆုံးဖြတ်လိုက်ပါတယ်။

✧ ✧ ✧



လမိုက်ညတစ်ညမှာ ချစ်တီးတိုက်ကြီးရှိရာကို စက်ဘီးလေးနဲ့ ကျွန်တော် ထွက်လာလိုက်ပါတယ်။

သွားခါနီး မျက်စဉ်းခပ်တော့ မျက်စဉ်းဟာ ပုလင်းရဲ့ သုံးပုံတစ်ပုံလောက်ပဲ ကျန်တော့တာ တွေ့ရတယ်။

မြို့ပြင်ဖက် အစပ်နားက ချစ်တီးခြံကျယ်ကြီးဟာ လူသူမနေထိုင်တာကြာလို့ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ပြည့်နှက်နေတယ်။ ချစ်တီးတိုက်အိုကြီးဟာ ညအမှောင်ထဲမှာ ထီးထီးကြီးရပ်လို့၊ တိုက်အိုကြီးဟာ ဆွေးမြည့်ပျက်စီးပြီး တစ်ဖက်ကိုတောင် ယိုင်နေပါပြီ။ အပေါ်ထပ်ဟာ ပြိုကျပျက်စီးနေပြီး ကြမ်းပြင်တွေနံရံတွေ မရှိတော့ဘူး။ အမိုးတစ်ခြမ်းပဲ ရှိတော့တယ်။

လမိုက်ညအမှောင်ထဲက စိတ်ချောက်ချားစရာ တိုက်အိုကြီးကို မျက်စဉ်းအစွမ်းနဲ့ အလုံးစုံ မြင်တွေ့နေရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ စိတ်ချောက်ချားလာလို့ လှည့်ပြန်ဖို့တောင် စိတ်ကူးလိုက်သေးတယ်။ နောက်မှ ရောက်ပြီးမှ မထူးပါဘူးဆို ပြီး အားတင်းဝင်ခဲ့ရတယ်။ ချစ်တီးသရဲကြီးလည်း ခုလောက်ဆို ကျွတ်သွားလောက်ပါပြီ။

စက်ဘီးလေးကို အသာနင်းရင်း ခြံပျက်ကြီးထဲ ဝင်လာ ခဲ့တယ်။ ချိုင့်တွေ ဂမူတွေ ဖွစာတက်နေတာမို့ စက်ဘီးကို တော် တော် ဂရုစိုက်နင်းရပါတယ်။ လူမရှိတဲ့ခြံမို့ ကျွန်တော့်စက်ဘီးကို ဝှက်ထားခဲ့စရာ မလိုတော့ဘူး။ ကျွန်တော်က ခြံအလယ်က တိုက်ပျက်ကြီးရဲ့ အဝင်ဝအထိ စက်ဘီးကို နင်းသွားလိုက်တယ်။

တိုက်ဝရောက်လို့ စက်ဘီးပေါ်က ဆင်းမယ်ပြင်တော့ တိုက်ထဲက လူတစ်ယောက် ထွက်လာတာတွေ့လိုက်လို့ ကျွန်တော် အံ့ဩသွားရပါတယ်။ လူတစ်ယောက်က ဒီတိုက်ထဲကို အချိန် မတော်ကြီး ဘယ်လိုရောက်နေတာပါလိမ့်။ တိုက်ထဲကထွက်လာ တာ ကုလားဝဝကြီးဗျ၊ ဗိုက်ကြီးမှ ရွဲနေတာပဲ၊ ကတုံးရိတ်ထား တာ ခေါင်းကြီးကလည်း ပြောင်လက်နေတယ်။

ကုလားကြီးက ကျွန်တော့်ကိုကြည့်ပြီး-

'အလို... ဘယ်ကသူငယ်လဲဟ'

'ကျွန်တော်၊ ကျွန်တော် အပေါ့သွားချင်လို့ ဝင်လာတာ ပါ'





ကျွန်တော်က ပါးစပ်ထဲတွေ့သလို ပြောမိပြောရာ ပြောချ လိုက်တယ်။

'ကျွန်တော်တို့ရွာက ကိုဖိုးလုံးတို့ ဒီဘက်ကိုပြောင်းလာ တယ်ဆိုလို့ လာရှာတာပါ'

ကျွန်တော်က သဘာဝကျအောင် ဆက်ပြောလိုက်မိတယ်။

အဲဒီတုန်းမှာပဲ တိုက်ထဲက နောက်ထပ်ကုလားကြီးတစ် ယောက် ထပ်ထွက်လာပါတယ်။ နောက်ထွက်လာတဲ့ ကုလားကြီး ကလည်း အရင်ကုလားကြီးအတိုင်းပဲ၊ ဗိုက်ရွှဲရွှဲ ကတုံးပြောင်ပြောင် နဲ့၊ အရင်ကုလားကြီးနဲ့ ရုပ်ချင်းက ချွတ်စွပ်ပဲ။

'သူက ဘယ်သူလဲဟေ့'

'အပေါ့သွားချင်လို့ ဝင်လာတာပါ၊ သူ့မိတ်ဆွေကို လာ ရှာတာတဲ့'

နောက်ထွက်လာတဲ့ ကုလားကြီးရဲ့ အမေးကို အရင် ကုလားကြီးက ဖြေလိုက်တယ်။

'ဟို... ဟို... ဒီအနားမှာ ကိုဖိုးလုံးတို့ မိသားစုကို တွေ့မိသလား ခင်ဗျာ'

'မသိပါဘူးကွယ်၊ ခုခေတ်လူတွေကို ငါတို့မသိတော့ ပါဘူး'

အရင်ကုလားကြီးက ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကုလားကြီးကပါ ဝင်ပြောပြန်ပါတယ်။

'ဟုတ်တယ်ကွဲ့၊ ခုခေတ်လူတွေကို ငါတို့မသိကြတော့ဘူး၊ ငါတို့က သေပြီးတာ အနှစ်ငါးဆယ်ကျော်ပြီလေ'

'အောင်မယ်လေးဗျ'

ကျွန်တော်ဟာ စူးစူးဝါးဝါးအော်ဟစ်ရင်း စက်ဘီးကို ဒလကြမ်းနင်းပြီး ထွက်ပြေးခဲ့ပါတော့တယ်။ စက်ဘီးပေါ်က ဆင်းမိတာ တော်သေးတာပေါ့။

စက်ဘီးကို ခွလျက်ရပ်ထားမိလို့သာ နင်းပြေးနိုင်ခဲ့တာ။ စက်ဘီးပေါ်ကဆင်းမိရင် စက်ဘီးပေါ် ပြန်တက်ဖို့ အားတောင် ကျွန်တော့်မှာရှိမှာ မဟုတ်တော့ဘူး။

သရဲ၊ သရဲ၊ ချစ်တီးသရဲကြီးတွေ။

ကြောက်လွန်းလို့ ကျွန်တော့်အသားတွေဟာ တဆတ်ဆတ်တုန်ယင်နေတယ်။ စက်ဘီးကို မနားတမ်း နင်းလာလိုက်တာ လမ်းမီးတိုင်တွေရှိတဲ့ နေရာရောက်မှ နားမိတော့တယ်။

ကြည့်စမ်း၊ ကျွန်တော့်တစ်ကိုယ်လုံးလည်း သေးတွေရော၊ ချေးတွေပါ ပေကျံကုန်ပြီ။ ကြောက်လွန်းလို့ ထွက်ကျလာတဲ့ ချေးတွေ၊သေးတွေပါ။ တစ်ကိုယ်လုံးဟာ ချေးနံ့သေးနံ့တွေ နံစော်နေတာပဲ။ လမ်းပေါ်မှာ လူမရှိလို့သာ တော်သေးတာပေါ့ဗျာ။

ကျွန်တော်လည်း စက်ဘီးကို အမြန်ပြန်နင်းပြီး အိမ်





အရောက် ခပ်သုတ်သုတ် ပြန်ခဲ့ရတော့တယ်။ လမ်းမှာ သမ္ဗုဒ္ဓေ ဂါထာကို ရွတ်လာတာ အလွဲလွဲအမှားမှားနဲ့။

အိမ်ရောက်တော့ ချေးတွေ သေးတွေပေနေတဲ့ အဝတ်အစားတွေ ချွတ်ပစ်ပြီး ရေချိုးပစ်လိုက်ရတယ်။ ရေချိုးပြီးတာနဲ့ ဘုရားစင်ရှေ့ထိုင်ပြီး ဘုရားထိုင်ရှိခိုးလိုက်မှ စိတ်မှာ နည်းနည်း လုံခြုံသွားတော့တယ်။

ကြောက်လိုက်တာဗျာ။ ချစ်တီးကြီးဟာ သရဲဖြစ်နေတာ ခုထိ မကျွတ်သေးပါလား။ သရဲမှ နှစ်ကောင်တောင်၊ ချစ်တီးသရဲကြီးဟာ နှစ်ကောင်တောင်ပွားနေပြီ။

အလိုလေး… ကြည့်စမ်း၊ မျက်စဉ်းအစွမ်းအစဟာ တစ်ဆင့် ထပ်တိုးပြန်ပါရော။ နာနာဘာဝ သရဲတစ္ဆေတွေကိုတောင် မြင်နေရနိုင်ပြီ။

+ + +



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ကျတော့ ရွာကို ကျွန်တော် ထွက်ခဲ့တယ်။

ရွာဦးဘုန်းကြီးကျောင်းက ဘုန်းကြီးဆီက ပရိတ်ရေလေး၊ အဆောင်လက်ဖွဲ့လေး တောင်းရအောင်လို့ပေါ့။ ခုဆို မျက်စဉ်း အစွမ်းဟာ နာနာဘာဝတွေကို မြင်ရတဲ့အထိ တိုးတက်လာပြီဆို တော့ ကျွန်တော့်မှာ အန္တရာယ်ကင်း အဆောင်လက်ဖွဲ့တွေ ရှိနေမှ ဖြစ်တော့မယ်။

နောက်တစ်ခါ မျက်စဉ်းခပ်လို့ ခုလိုပဲ သရဲတွေ မြင်နေရရင် ကျွန်တော့်မှာ ကြောက်လို့သေရလိမ့်မယ်။ မျက်စဉ်းကလည်း ဆက်သုံးဖြစ်နေဦးမှာလေ။

ရွာဦးဘုန်းကြီးက ဂါထာမန္တရားတွေလည်း တတ်တယ်။ အဆောင်လက်ဖွဲ့တွေလည်း ကျွမ်းပါတယ်။ ကျွန်တော် အန္တရာယ်ကင်း အဆောင်တစ်ခုခုပေးပါလို့လျှောက်တော့ ဘုန်းကြီးက





အဆောင်တစ်ခုကို ကျွန်တော့်လည်ပင်းမှာ သူကိုယ်တိုင် ဆွဲပေးပါတယ်။

'ထဘီတန်းအောက် မဝင်နဲ့၊ အသုဘအိမ်သွားရင် ဖြတ်သွားဖို့မမေ့နဲ့'

အပြန်မှာ ပရိတ်ရေတစ်ပုလင်း စွန့်လိုက်ပါသေးတယ်။

ဘုန်းကြီးကျောင်းက ပြန်လာတော့ ကျွန်တော့်မှာ အမေ့အိမ်ကို တော်တော်နဲ့ပြန်မရောက်ဘူး။ လမ်းမှာ ဟိုလူကဖိတ် ဒီလူကဖိတ်နဲ့ လက်ဖက်ရည်ကြမ်းသောက်ဖို့ ခေါ်ကြတော့ မကောင်းတတ်လို့ ခဏတဖြုတ် ဝင်ဝင်စကားပြောရသေးတယ်။

ရွာဥက္ကဋ္ဌကြီးကတောင် ကျွန်တော့်ကိုဧည့်ခံနေသေးတယ်။

'မော်တော်ဆိုင်ကယ်လေးတစ်စီး ဝယ်ထားလေ မောင်ကျော်ကြီးရဲ့၊ ရွာကို စက်ဘီးနဲ့လာရတာ ပင်ပန်းပါတယ်ကွယ်'

ဥက္ကဋ္ဌကြီးပြောမှ ကျွန်တော်လည်း သတိရတယ်။

တကယ်တော့ ဆိုင်ကယ်ဝယ်မစီးတာလည်း ကျွန်တော့်မှာ အကြောင်းရှိတယ်လေ။ ဖောက်ထွင်းဖို့သွားတဲ့နေရာမှာ စက်ဘီးက ဝှက်ရလွယ်တယ်၊ အသံမမြည်ဘူး။ ဘာပဲဖြစ်ဖြစ် ဟိုသွားဒီသွားစီးဖို့တော့ မော်တော်ဆိုင်ကယ်လေးတစ်စီး ဝယ်ထားဦးမှပါ။

အမေ့အိမ်ပြန်ရောက်တော့ ညနေစောင်းနေပြီ။ အမေက ထမင်းစားပြီးမှ ပြန်ဆိုတော့ ထမင်းကျက်အောင် စောင့်ပြီး [illegible]နေ



www.burmeseclassic.com

www.burmeseclassic.com

၄.

လေးငေ.

ကျွန်ုပ်

စောင်းသံရှင်ကို သိငေ့

လော၊.

www.burmeseclassic.com

www.burmeseclassic.com

စောင်းသံရှင်ကို အေးအေးဆေးဆေးမှ ရှာကြည့်ဖို့ ကျွန်တော်စိတ်ကူးခဲ့ပေမယ့် မနေနိုင်ဘူး။ စောင်းသံလေးဟာ ကျွန်တော့်နားထဲမှာ စွဲနေတယ်။ စောင်းသံရှင်ကို မြင်ချင် တွေ့ချင်စိတ်ဟာ ကျွန်တော့်ရင်မှာ တားမရအောင် ဖြစ်နေတယ်။

ဒါနဲ့ပဲ ကျွန်တော်ဟာ နောက်တစ်နေ့ညမှာ စေတီလေးရှိရာကို ထွက်လာခဲ့ပါတယ်။ မျက်စဉ်းကိုလည်း ခပ်ခဲ့ပါတယ်။

အဲဒီညဟာ လပြည့်နေ့ညပါ။

လရောင်ကြောင့် လမ်းတစ်လျှောက်လုံးဟာ မနေ့ကထက်တောင် လင်းနေသေးတယ်။

စေတီလေးနားကို ကျွန်တော်ရောက်တော့ စောင်းသံကို ကြားလိုက်ရပြန်တာပဲ။

ကျွန်တော်လည်း မနေ့ကလို စောင်းသံရှင် ပျောက်သွားမှာစိုးလို့ စက်ဘီးကို စေတီခြေရင်းအထိ ယူမသွားတော့ဘူး။





စေတီနားက ချုံပုတ်တစ်ခုနားရောက်တော့ စက်ဘီးကို ရပ်ပြီး စက်ဘီးပေါ်က ဆင်းလိုက်တယ်။ စက်ဘီးကိုသော့ခတ်ပြီး ချုံပုတ်ထဲမှာ လှဲထားခဲ့လိုက်ပါတယ်။

စောင်းသံက ပျောက်မသွားဘူး၊ ဆက်ပြီး ထွက်လာနေတုန်းပဲ။

စောင်းသံဟာ စေတီပေါ်က ထွက်လာနေတာ အသေအချာပဲ။ ကျွန်တော်ဟာ ခြေသံမကြားအောင် တိတ်တိတ်လျှောက်ပြီး စေတီနား ကပ်သွားလိုက်တယ်။ စေတီခြေရင်းက သစ်ပင်ကြီးနားရောက်တော့ သစ်ပင်ကိုကွယ်ပြီး စေတီရင်ပြင်ဆီကို လှမ်းကြည့်လိုက်တယ်။

*ဟာ…*

ကျွန်တော့်အသည်းနှလုံးတွေဟာ ရင်ထဲက ခုန်ပျံထွက်သွားသလား ထင်လိုက်ရတယ်။ စောင်းတီးနေတာ မိန်းကလေးတစ်ယောက်ပါ။ လှလိုက်တဲ့ မိန်းကလေးဗျာ။

စောင်းသံရှင်မိန်းကလေးဟာ စေတီရင်ပြင်ပေါ်မှာ စေတီကို ကျောပေးပြီး ထိုင်နေတယ်။ သူဟာ စောင်းကို စိတ်ပါလက်ပါတီးနေလိုက်တာ ပတ်ဝန်းကျင်ကိုတောင် သတိထားမိပုံ မရပါဘူး။ သူဟာ စောင်းတီးရင်း ကောင်းကင်ကိုမော့ပြီး လမင်းကြီးဆီ မော့ကြည့်နေပါတယ်။ သူ့ကိုကြည့်ရတာ လွမ်းစရာကောင်းလှတဲ့



www.burmeseclassic.com

www.burmeseclassic.com



သည် အသင်လူသား'

သူ့စကားကြောင့် ကျွန်တော် ကြက်သီးမွေးညင်းတွေ ထသွားရပါတယ်။

'ဒါဖြင့်… မင်း… မင်းက ဥစ္စာစောင့်ပေါ့'

'မှန်ပေတယ်၊ အကျွန့်အနီးမှာရှိရင် အသင့်အတွက် အန္တရာယ်ရှိပါတယ်၊ ပြန်ပေတော့ လူသား'

သည်တော့မှ ကျွန်တော်ဟာ မျက်စဉ်းခပ်လာလို့ သူ့ကို မြင်တွေ့နိုင်တာကို သိလိုက်ရတော့တယ်။ မနေ့ညက မမြင်ခဲ့ရတာဟာ မျက်စဉ်းခပ်မထားမိလို့ကိုး။

ကျွန်တော်ဟာ သူ့ကို ဥစ္စာစောင့်မှန်းသိလိုက်ရပေမယ့် ကြောက်မသွားပါဘူး။ သူက အရမ်းကိုလှတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေတယ်လေ။

'ကိုယ်… ကိုယ် မင်းရဲ့စောင်းသံလေးကို စွဲလမ်းလို့ လာကြည့်တာပါ၊ မင်းကို မိတ်ဆွေဖွဲ့ပါရစေ၊ မင်းနာမည်က ဘယ်သူလဲဟင်'

'အကျွန့်နာမည်က မြနှန်းမုံလို့ ခေါ်ပါတယ်'

'မြနှန်းမုံ'

ကျွန်တော်က သူ့နာမည်လေးကို အထပ်ထပ် ရွတ်ကြည့်နေမိတယ်။





'အရင်က ဒီနားမှာ ဥစ္စာစောင့်ရှိတယ်လို့ မကြားမိပါဘူး၊ မင်းတို့သိုက်က ဒီနားမှာပဲလား'

'အသင် ဘယ်ကြားဖူးမလဲ၊ နှန်းမုံတို့သိုက်က ဟိုး သိပ်ဝေးလံတဲ့ အခြားတစ်နေရာမှာပါ၊ နှန်းမုံဟာ သိုက်ဆရာကြီး ဖမ်းဆီးခေါ်ဆောင်လာလို့ ဒီနေရာကို ရောက်နေရခြင်း ဖြစ်ပါတယ်'

'ဟင်… သိုက်ဆရာက ဖမ်းထားတယ်'

'ဟုတ်ပါတယ်၊ တော်ကြာ သိုက်ဆရာကြီး ရောက်လာရင် အသင့်ကိုပါ အန္တရာယ်ပြုနေပါ့မယ်၊ ပြန်ပါတော့ရှင်'

'ဒီလိုဆိုရင် ကိုယ် မင်းကို ကူညီပါရစေ ဥစ္စာစောင့်မလေးရယ်၊ သိုက်ဆရာလက်ထဲကနေ မင်းကို ဘယ်လိုကယ်ဆယ်ရမလဲဟင်'

'မဖြစ်နိုင်ပါဘူး၊ သင်ဟာ သာမန်လူသားတစ်ဦးမျှသာဖြစ်ပါတယ်၊ သင် မတတ်နိုင်ပေဘူး၊ အို… ဒါပေမဲ့ သင် အကျွန့်ကို မြင်ရတယ်နော်၊ ဟုတ်ပါဘိ၊ အဘယ့်ကြောင့် သင် အကျွန့်ကို မြင်နိုင်သလဲ အသင်လူသား'

ကျွန်တော်က ပြုံးလိုက်မိတယ်။ မျက်စဉ်းအစွမ်းကြောင့် မြင်ရတယ်ဆိုတာတော့ ပြောမပြလိုက်တော့ဘူး။

'သင့်မှာ အစွမ်းအစတစ်ခုတော့ ရှိပေမယ်၊ ဒါကြောင့် သာ ဘုံဘဝချင်းခြားနားတဲ့ အကျွန့်ကိုမြင်ရပေတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'လပြည့်နေ့၊ ဟာ… အဝေးကြီးပါလား၊ တစ်လတောင် စောင့်ရဦးမယ်၊ မလုပ်ပါနဲ့ နန်းမုံရယ်၊ မနက်ဖြန် လာခဲ့ပါလား ဟင်'

ကျွန်တော်က ခပ်ချွဲချွဲလေး ပြောလိုက်တယ်။ မြနန်းမုံ ဟာ စကားပြောရင်း ကျွန်တော့်အပေါ် ဆက်ဆံရေး ပျော့ပြောင်း လာတာကို သိလိုက်ရလို့ပါ။ ကြည့်ပါလား၊ သူ့ကိုယ်သူ အကျွန် အကျွန်လို့ ပြောနေရင်းက နန်းမုံလို့ သူ့နာမည် သူသုံးပြီး ပြော နေပြီ။

မြနန်းမုံက တွေသွားတယ်။

'ကောင်းပြီလေ၊ မနက်ဖြန် လာခဲ့ပါ့မယ်၊ ဒီနေရာကပဲ စောင့်ပါ။ သင့်ကို ခင်မင်လို့ လာခဲ့ပါ့မယ်၊ ခုတော့ ပြန်ပါတော့၊ သိုက်ဆရာကြီးလိုက်လာရင် ကိုယ်ကျိုးနည်းရပါလိမ့်မယ်'

'မနက်ဖြန် နန်းမုံအကြောင်းတွေကို ပြောပြနော်'

'ပြောပြပါ့မယ်၊ အခုတော့ ပြန်ပေဦးတော့ အသင်လူသား ရယ်'

ကျွန်တော်ဟာ နန်းမုံဘေးက မခွာချင်တာနဲ့ လည်တပြန် ပြန် လှည့်ကြည့်ရင်း ပြန်လာခဲ့ပါတော့တယ်။

✦ ✦ ✦



နောက်တစ်နေ့ညမှာ စေတီလေးနားရောက်တော့ စောင်း သံကြားလို့ မြနန်းမုံရောက်နှင့်နေပြီဆိုတာ သိလိုက်ရတယ်။

ကျွန်တော်ဟာ မြနန်းမုံကို မြင်ရဖို့အတွက် မျက်စဉ်းကို ခပ်ခဲ့ရပါသေးတယ်။

ဒီတစ်ခါတော့ မက်ဘီးကို ဝှက်မထားခဲ့တော့ဘဲ စေတီ ခြေရင်းရောက်တဲ့အထိ နင်းသွားလိုက်ပါတယ်။

စေတီပေါ်ကို ကျွန်တော်တက်သွားတော့ နန်းမုံက စောင်း ကောက်လေးကို ဘေးချလိုက်ပြီး ကျွန်တော့်ကို ပြုံးပြတယ်။

'အသင် စီးနင်းလာတဲ့ စီးတော်ယာဉ်က ဆန်းလှချည့်၊ ဘာအမျိုးအစားဖြစ်ပါသလဲ အမောင်'

သူက အမောင်လို့ ကျွန်တော့်ကို သုံးနှုန်းလိုက်တော့ အမောင်ဆိုတဲ့ စကားသံလေးဟာ ကျွန်တော့်နားထဲ စိမ့်ဝင်သွား တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ့်နှယ်လဲ၊ စက်ဘီးစီးရတာ ပျော်ရဲ့လား နန်းမုံ'

'အသည်းယားစရာပါပဲ၊ ထိုင်ခုံသေးသေးလေးမှာ ထိုင်ရတာ စိတ်ကျဉ်းကျပ်လှတယ်၊ ပြီးတော့ စက်ဘီးဟာ လူက အားစိုက်နင်းနေရတာဆိုတော့ ပင်ပန်းတာပေါ့၊ နန်းမုံတို့ရဲ့ ကော်ဇောပျံကတော့ ဒီလိုမဟုတ်ပါ၊ သိပ်ပြီး ငြိမ့်ငြောင်းတာပါပဲ အမောင်'

'ကော်ဇောပျံ၊ ကော်ဇောပျံအကြောင်း ပြောပြပါဦး နန်းမုံ'

'ကော်ဇောပျံက ကျယ်လည်းကျယ်တယ်၊ ထိုင်ရတာ သက်တောင့်သက်သာ ရှိတာပေါ့၊ လေထဲမှာသွားတာဆိုတော့ကာ ငြိမ့်ငြိမ့်ငြောင်းငြောင်းလည်းရှိတယ်၊ တိမ်တိုက်တွေကြားထဲထိ စီးနင်းပြီး အောက်က ရှုခင်းတွေကို ငုံ့ကြည့်ရတာ သိပ်လှတာပဲ၊ သိပ်ပျော်စရာကောင်းတာပဲ အမောင်'

'ဟုတ်လား'

'နောက်ပြီး ကော်ဇောပျံက မောင်းနှင်စရာ မလိုဘူး၊ လိုရာခရီးကို အမိန့်ပေးလိုက်ရုံနဲ့ သူ့ဟာသူ ပျံသန်းသွားတာဆိုတော့ သက်သာတာပေါ့'

'နန်းမုံတို့ရဲ့ ကော်ဇောပျံကြီးပေါ်တင်ပြီး ကိုယ့်ကိုခေါ်သွားပါလားဟင်'

'အို… အမောင်ရယ်'





ကျွန်တော့်စကားကြောင့် မြနန်းမုံဟာ မျက်နှာညှိုးနွမ်းသွားပါတယ်။

'ကော်ဇောပျံကြီးနဲ့ အမောင့်ကို ခေါ်ချင်ပါတယ် အမောင်၊ ဒါပေမဲ့ နန်းမုံကိုယ်တိုင် သိုက်နန်းနဲ့ဝေးရာကို ရောက်နေရလို့'

နန်းမုံက စကားကို မပြောနိုင်ဘဲ ငိုချလိုက်ပါတယ်။

'အို… မငိုပါနဲ့ နန်းမုံရယ်၊ ကိုယ့်စကားမှားသွားရင် ခွင့်လွှတ်ပါ၊ နန်းမုံကို သိုက်ဆရာကြီးက ဘာလို့ ဖမ်းခေါ်ထားတာလဲဟင်၊ ကိုယ့်ကို ပြောပြမယ်ဆို'

'နန်းမုံတို့သိုက်က ရွှေငွေရတနာတွေကို လိုချင်လို့ ဖမ်းချုပ်ထားတာပေါ့ အမောင်၊ နန်းမုံနဲ့ နန်းမုံရဲ့အစ်မတို့ ကော်ဇောပျံကြီးကို စီးနင်းနေတုန်း နန်းမုံကို ကော်ဇောပျံပေါ်က လိမ့်ကျအောင် သူ့ရဲ့ဆေးကြိမ်လုံးကြီးနဲ့ မြေကြီးပေါ်ရိုက်ပြီး စီရင်လိုက်လို့ နန်းမုံ ကော်ဇောပျံပေါ်က လိမ့်ကျကျန်ရစ်ခဲ့တာပါ'

'ဩော်… နန်းမုံမှာ အစ်မရှိသေးတာကိုး'

'ရှိပါတယ်၊ နန်းမုံအစ်မက မြပန်းရုံတဲ့၊ ခုဆို အစ်မမြပန်းရုံတစ်ယောက်တည်း သိုက်နန်းထဲမှာ ပျင်းရိနေပေရော့မယ်'

'သိုက်ဆရာကြီးကို သူလိုချင်တဲ့ ရွှေငွေရတနာတွေ ပေးလိုက်ရင် နန်းမုံကို ပြန်လွှတ်ပေးမှာလားဟင်'

'ရွှေငွေရတနာတွေကို ပေးလို့ မဖြစ်ပါဘူး အမောင်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ နန်းမုံတို့ပိုင်တဲ့ ပစ္စည်းတွေလည်း မဟုတ်ပါဘူး၊ နောင်သာသနာအတွက် ထားတဲ့ ဘုရားပိုင်ပစ္စည်းများသာ ဖြစ်ပါတယ်၊ နန်းမုံတို့မှာ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ရမယ့် တာဝန် ရှိပါတယ်'

'ဒါဖြင့် သိုက်ဆရာကြီးက နန်းမုံကို ဓားစာခံအနေနဲ့ ပြန်ပေးဆွဲထားတာပေါ့နော်'

'အမောင်ပြောတဲ့ စကားကို နန်းမုံ နားမလည်ပါ'

ခုခေတ် စကားအသုံးအနှုန်းတွေကို နန်းမုံ နားမလည်ရှာဘူးကိုး။

'ဒါဖြင့် ကိုယ်က နန်းမုံကို ဘယ်လိုကယ်တင်နိုင်မှာလဲဟင်'

'နန်းမုံရဲ့အစ်မတော် မြပန်းရုံကို တွေ့အောင်ရှာပြီး နန်းမုံ ဒီနေရာမှာရှိနေကြောင်း သတင်းပေးနိုင်ရင်တော့ နန်းမုံ လွတ်မြောက်မယ့်လမ်း ရှိပါတယ်'

'နန်းမုံက ကိုယ့်သိုက်ရှိတဲ့ နေရာကို မမှတ်မိဘူးဆိုတော့ သိုက်ကို ဘယ်လိုရှာရမလဲကွယ်'

'နန်းမုံတို့ရဲ့သိုက်ဟာ ရေတံခွန်ကြီးတစ်ခုရဲ့အောက်မှာ ရှိပါတယ် အမောင်'

'ရေတံခွန်ကြီး'





'ဟုတ်ပါတယ်၊ သိုက်ရှိတဲ့ ရေတံခွန်ကို တွေ့အောင်ရှာနိုင်ရင်တော့ သိုက်ထဲကို ဝင်နိုင်တဲ့နည်းလမ်းကို နန်းမုံပြောနိုင်ပါတယ်'

'ဘယ်လိုဝင်ရမှာလဲ နန်းမုံ'

'ရေတံခွန် စီးကျနေတဲ့ ကျောက်နံရံကြီးမှာ မောင်းတံလေးတစ်ခု ထွက်နေပါတယ်၊ ကျောက်မောင်းတံလေးပါ အမောင်၊ ကျောက်မောင်းတံလေးကို အောက်ဘက်ကို ဆွဲချလိုက်ရင် ရေတံခွန်ပေါ်က စီးကျနေတဲ့ ရေတွေဟာ ရပ်တန့်သွားပါလိမ့်မယ်၊ အဲဒီအခါမှာ ရေတံခွန်အောက်မှာ ကျောက်လိုဏ်ခေါင်းကြီးတစ်ခုကို တွေ့ရပါလိမ့်မယ်၊ ကျောက်လိုဏ်ခေါင်းထဲ ဝင်သွားရင် လမ်းနှစ်သွယ် ကွဲထွက်သွားတာကို တွေ့ရပါလိမ့်မယ်'

'ဟင်'

'ဘယ်ဘက်ကို သွားတဲ့လမ်းကို မလိုက်ပါနဲ့ အမောင်၊ အမှောင်ထဲမှာ အသူတစ်ရာနက်တဲ့ ချောက်ထဲကျပြီး သေသွားပါလိမ့်မယ်'

'အို'

'ညာဘက်ကိုသွားတဲ့ လမ်းအတိုင်း လိုက်သွားပါ၊ ရွှေတွေနဲ့ ဆောက်လုပ်ထားတဲ့ မုခ်ဝကြီးတစ်ခု တွေ့ပါလိမ့်မယ်၊ မုခ်ဝရှေ့က အစ်မမြပန်းရုံရဲ့ နာမည်ကိုသာ အော်ခေါ်လိုက်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



'အစ်မတော် ထွက်လာပါလိမ့်မယ်၊ အစ်မတော်ကို အကျိုးအကြောင်း ပြောပြရင် နန်းမုံကို ကယ်တင်နိုင်ပါလိမ့်မယ်'

နန်းမုံကို ကယ်တင်ဖို့အတွက် ရေတံခွန်ကို အရင်ရှာရပါလိမ့်မယ်၊ သိုက်ရှိတဲ့ အရပ်ကို နန်းမုံက မမှတ်မိဘူးဆိုတော့ တစ်နိုင်ငံလုံးက ရေတံခွန်ရှိတဲ့ အရပ်တွေကို ခရီးထွက်ပြီး လိုက်ရှာရုံပေါ့။

'နန်းမုံ ပြောတာတွေကို သေချာမှတ်မိရဲ့လား အမောင်'

'မှတ်မိပါတယ် နန်းမုံ၊ ရေတံခွန်ဘေးက ကျောက်နံရံမှာ ကျောက်မောင်းတံလေးတစ်ခု ရှိတယ်၊ ကျောက်မောင်းတံလေးကို အောက်ဘက်ဆွဲချလိုက်ရင် ရေတံခွန်ကရေတွေ ရပ်သွားလိမ့်မယ်၊ ကျောက်လိုဏ်ခေါင်းကြီး ပေါ်လာတဲ့အခါ လိုဏ်ခေါင်းထဲဝင်ပြီး ညာဘက်လမ်းချိုးအတိုင်း လိုက်သွားရမယ်၊ အဲဒီလို မဟုတ်လား နန်းမုံ'

'မှန်ပါတယ် အမောင်'

'နန်းမုံတို့သိုက်နန်းကို ရှာတွေ့လို့ သိုက်ဆရာကြီးလက်ထဲက နန်းမုံလွတ်မြောက်သွားရင် ကိုယ်နဲ့ ခုလို တွေ့ခွင့်ဘယ်ရတော့မလဲနော်'

'သိုက်ကိုပြန်ရောက်ပြီး အစောင့်အရှောက်တာဝန်ကို ထမ်းဆောင်ရမှာပေါ့ အမောင်'





'နန်းမုံကို သိုက်ဆရာကြီး လက်ထဲက ကယ်ချင်ပါရဲ့၊ နန်းမုံနဲ့ မတွေ့ရတော့မှာကို စိုးရိမ်မိတယ် နန်းမုံ'

'ဘာဖြစ်လို့လဲ အမောင်ရယ်'

'ချစ်လို့ပေါ့၊ နန်းမုံကို ချစ်လို့ပေါ့ နန်းမုံ'

ကျွန်တော်က အခွင့်ရတုန်း ဥစ္စာစောင့်မလေးကို ရည်းစားစကား ပြောလိုက်ပါတယ်။

'အို… မသင့်တော်ပါဘူး အမောင်၊ ဘဝချင်းမတူ ခြားနားကြပါတယ်'

'ဘဝချင်းမတူလည်း တူအောင်လုပ်ရုံပေါ့၊ ကိုယ့်ကိုပါ လိပ်ပြာနှုတ်ပြီး နန်းမုံတို့သိုက်ကို ခေါ်သွားပါတော့ နန်းမုံရယ်'

'အို… ဒီလိုလုပ်လို့ မရပါ အမောင်၊ နန်းမုံတို့ကို ချုပ်ကိုင်ထားတဲ့ သိုက်ချုပ်ဘိုးတော် မယ်တော်များ ရှိပါသေးတယ်၊ သူတို့ရဲ့ ခွင့်ပြုချက်ရမှသာ ပေါင်းသင်းဖို့ အခွင့်အရေး ရှိပေလိမ့်မယ် အမောင်'

'ဒါဖြင့် နန်းမုံကရော အမောင့်ကို ချစ်ရဲ့လား၊ ပြောပါဦး'

နန်းမုံက ရှက်သွားပြီး ကျွန်တော့်ရင်ခွင်ထဲမှာ ခေါင်းငုံ့ဝင်နေလိုက်တယ်။

'ချစ်လိုက်တာ နန်းမုံရယ်၊ အမောင် နန်းမုံနဲ့ မခွဲနိုင်တော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အို… အမောင်၊ ခုမှ သတိရတယ်၊ နန်းမုံ စောင်းတီးပြီး တေးချင်းတစ်ပုဒ်ဆိုဦးမှ ဖြစ်မယ်၊ နန်းမုံရဲ့စောင်းသံကို မကြားရရင် သိုက်ဆရာကြီးက သံသယဝင်ပြီး လိုက်လာလိမ့်မယ် အမောင်'

နန်းမုံက ဘေးမှာချထားတဲ့ စောင်းလေးကို ပြန်ကောက်ပြီး စောင်းတီးလို့ သီချင်းတစ်ပုဒ်ကို ဆိုလိုက်ပါတယ်။

ကျွန်တော်ဟာ နန်းမုံရဲ့ ချစ်စရာကောင်းတဲ့ မျက်နှာလေးကို လရောင်အောက်မှာ ငေးကြည့်ပြီး တေးသံကြားမှာ နစ်မျော နေမိတော့တယ်။

သီချင်းဆိုပြီးတာနဲ့ နန်းမုံက ပြောပါတယ်။

'ပြန်ပေဦးတော့ အမောင်၊ သိုက်ဆရာကြီး လိုက်လာလို့ မတော်တဆ အမောင်နဲ့ ဆုံနေပါဦးမယ်'

'မနက်ဖြန်လည်း လာခဲ့ဦးမယ်၊ နန်းမုံလည်း လာခဲ့နော်'

✦ ✦ ✦



နန်းမုံနဲ့ ချစ်သူဘဝရောက်ကြပြီး တစ်ပတ်လောက်အကြာမှာ ဆရာကြီး ဒေါက်တာဖေသက်ကြည် ကွယ်လွန်သွားတဲ့ သတင်းကို ကြားရပါတယ်။

ရောဂါအထွေအထူးမရှိဘဲ အသက်ကြီးလို့ မီးစာကုန်ဆီခမ်းပြီး ကွယ်လွန်သွားတာပါ။

ဆရာကြီး ကွယ်လွန်သွားပြီဆိုတော့ မျက်စဉ်းကများ တစ်စုံတစ်ခု ဒုက္ခပေးခဲ့ရင် ကျွန်တော့်အတွက် အားကိုးစရာ လူမရှိတော့ပါဘူး။ ဆရာကြီးမှာ မျက်စဉ်းကြောင့် ဖြစ်လာတဲ့ အန္တရာယ်ကို ကာကွယ်နိုင်တဲ့ နည်းလမ်းရှိချင်ရှိမယ်၊ မရှိချင်လည်းမရှိဘူး၊ ဘာပဲဖြစ်ဖြစ် ဆရာကြီးသာ အသက်ရှင်လျက်ရှိနေသေးရင် ဆရာကြီးဆီက အကူအညီတစ်ခုခု တောင်းနိုင်သေးတာပေါ့။

မျက်စဉ်းကိုတော့ ကျွန်တော်ဟာ မကုန်မချင်း ဆက်သုံးနေမိဦးမှာပဲ။ နန်းမုံနဲ့ ချိန်းတွေ့တဲ့နေရာမှာ နန်းမုံကို မြင်တွေ့နိုင်ဖို့အတွက် ဒီမျက်စဉ်းဟာ အဓိကမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ နန်းမုံကို မြင်ရတဲ့အမြင်ကို ပြောပြရဦးမယ်။ နန်းမုံကိုလည်း မျက်စဉ်းခပ်ထားပြီးမှ ကြည့်တာမို့ ရိုးရိုးလူတွေကို မြင်ရတဲ့အတိုင်း အဝတ်အစားတွေကို ဖောက်ပြီး မြင်နေရပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ နန်းမုံကိုကြည့်တဲ့အခါ မျက်နှာကိုပဲ ကြည့်တယ်။ ကျွန်တော် နန်းမုံကို ချစ်တဲ့အချစ်ဟာ သန့်စင်ပါတယ်၊ တဏှာရာဂ မပါပါဘူး။

မျက်စဉ်းဟာ အခုဆိုရင် လက်တစ်ဆစ်ပဲ ကျန်ပါတော့တယ်။ ကျွန်တော့်မှာ နန်းမုံတို့သိုက်နန်းကို ရှာပေးဖို့တာဝန်က ရှိသေးတယ်၊ အဲဒီအတွက် မျက်စဉ်းကို ချန်ထားရဦးမယ်။ ချစ်စခင်စမှာ နန်းမုံနဲ့လည်း မခွဲချင်သေးဘူး။ သိုက်ကိုလိုက်ရှာရင် တစ်နိုင်ငံလုံးက ရေတံခွန်ရှိတဲ့ နေရာတွေကို ခရီးထွက်ပြီး ရှာရမှာလေ။

နန်းမုံတို့သိုက်ကို ရှာဖို့အတွက်ကော၊ နန်းမုံနဲ့ခွဲရမယ့်အတွက်ပါ ရင်မောမိသေးတယ်၊ မျက်စဉ်းကလည်း သိပ်မကျန်တော့ဘူး။

* * *

နန်းမုံနဲ့ ကျွန်တော်ဟာ နေ့စဉ်ရက်ဆက် ချိန်းတွေ့ခဲ့ကြပါတယ်။





ကျွန်တော်တို့နှစ်ယောက် စေတီရှိတဲ့ တောင်ကုန်းလေးကို ပတ်ပြီး စကားဘီးစီးကြတယ်။ ပြီးတော့ နန်းမုံစောင်းတီးတာကို နားထောင်တယ်။

'အမောင်နဲ့ နေရတာ ပျော်ရဲ့လား နန်းမုံ'

'ပျော်ပါတယ် အမောင်၊ သို့ပေတဲ့ သိုက်နန်းကိုလည်း လွမ်းမိတယ်၊ အစ်မတော် မြယန်းရုံကိုလည်း လွမ်းတယ်၊ နန်းမုံတို့ရဲ့သိုက်ကို ဘယ်တော့သွားရှာပေးမှာလဲ အမောင်'

နန်းမုံက မေးလိုက်တော့ ကျွန်တော် လန့်သွားတယ်။ သိုက်ကိုလိုက်ရှာရင် နန်းမုံနဲ့ ခွဲရဦးမယ်၊ မျက်စဉ်းကလည်း သိပ်မကျန်တော့ဘူး။

'အမောင်နဲ့ တစ်ခါတည်းသာ လိုက်ခဲ့ပါတော့ နန်းမုံ၊ နန်းမုံနဲ့ နှစ်ယောက်အတူ သိုက်ကို လိုက်ရှာကြပါစို့၊ သိုက်ဆရာကြီးဆီက ထွက်ပြေးကြရအောင် နန်းမုံ'

'ဘယ်ဖြစ်မှာလဲ၊ လူတွေလို နန်းမုံနေလို့ မဖြစ်ပါ အမောင်'

ဟုတ်သားပဲ၊ ကျွန်တော်ကသာ မျက်စဉ်းအစွမ်းနဲ့ နန်းမုံကို မြင်နေရတာ။ ဥစ္စာစောင့်တစ်ယောက်ကို လူတွေကြားထဲ ခေါ်သွားလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ။

'တစ်ခုတော့ရှိတယ် အမောင်၊ နန်းမုံတို့ဟာ မြေသို



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ညတိုင်းမှာ ကော်ဇောပျံကြီးစီးပြီး ကမ္ဘာအနှံ့ လျှောက်လည်ကြပါတယ်၊ လာမယ့် ပြာသိုလပြည့်ညမှာ အစ်မ မြပန်းရုံစီးလာမယ့် ကော်ဇောပျံဟာ ဒီနားကိုရောက်လာခဲ့ရင် လှမ်းခေါ်လိုက်လို့ ရပါတယ်'

'ဟင်… ဟုတ်လား'

'ဒါပေမဲ့ ပြာသိုလပြည့်ညတိုင်းမှာ နန်းမုံတို့ကော်ဇောပျံနဲ့ ခရီးလှည့်ကြတာကို သိထားတဲ့ သိုက်ဆရာကြီးက အဲဒီညတော့ နန်းမုံကို အပြင်ပေးထွက်မယ် မထင်ဘူး၊ နန်းမုံကို ဖမ်းဆီးခဲ့ရာမှာလည်း ပြာသိုလပြည့်ညက နန်းမုံတို့ ကော်ဇောပျံစီးနေတုန်းသူ့အတတ်နဲ့ နန်းမုံကို ကော်ဇောပျံပေါ်က လိမ့်ကျအောင်လုပ်ပြီးဖမ်းဆီးခဲ့တာလေ၊ နန်းမုံကတော့ ပြာသိုလပြည့်ညကျရင် မိုးကောင်းကင်ပေါ် မော့ကြည့်ပြီး ကော်ဇောပျံနဲ့ အစ်မပန်းရုံကိုတွေ့လိုတွေ့ငြား ရှာကြည့်ရမှာပါပဲ အမောင်'

'နန်းမုံတို့ဟာ ဥစ္စာစောင့်ဘဝကို ဘယ်လိုရောက်နေကြတာလဲဟင်'

'နန်းမုံတို့ညီအစ်မဟာ မိအို ဖအိုတွေကို ဂီတပညာနဲ့လုပ်ကိုင်ကျွေးမွေးနေခဲ့တာပါ၊ နန်းမုံတို့ ညီအစ်မ စောင်းလက်သံနဲ့ဖျော်ဖြေရင် နားထောင်ရတဲ့ ပရိသတ်ကြီးဟာ နှစ်သက်လွန်းလို့အသပြာများ ချီးမြှင့်ကြပါတယ် အမောင်၊ တစ်နေ့တော့ နန်းမုံတို့





အရပ်ဒေသကို ဘုရင်ကြီးဟာ တိုင်းခန်းလှည့်လည်လာပါတယ်'

'ဟင်'

'နန်းမုံတို့ညီအစ်မလည်း တာဝန်အရ ဘုရင်မင်းမြတ်ကိုပျော်တော်ဆက် ဖျော်ဖြေရပါတယ်၊ ဘုရင်မင်းမြတ်က နန်းမုံတို့ညီအစ်မကို သဘောကျတော်မူပြီး တော်ကောက်ဖို့ ကြံစည်ပါတယ် အမောင်'

နန်းမုံက အတိတ်ဖြစ်ရပ်တွေကို သတိရလာဟန်နဲ့ ဆွေးဆွေးမြည့်မြည့်လေး ပြောပြနေပါတယ်။

'နန်းမုံတို့ညီအစ်မဟာ ဘုရင်နဲ့ မောင်းမမိသံဘဝကို မလိုလားလို့ သတင်းကြားကြားချင်းညမှာပဲ ဇာတိရပ်ရွာက ထွက်ပြေးခဲ့ပါတယ်၊ ဒါပေမဲ့ ဘုရင့်စစ်သည်တော်တွေက သိရှိသွားပြီးလိုက်လံ ဖမ်းဆီးကြရာမှာ ရေတံခွန်နားမှာ ဖမ်းဆီးမိသွားပါတယ်'

'ဟာ'

'ဘုရင်ကြီးက အမျက်ထွက်တော်မူပြီး သတ်စေအမိန့်ပေးလို့ နန်းမုံတို့ညီအစ်မနှစ်ယောက်စလုံးကို ရေတံခွန်ဘေးမှာပဲ တံကျင်လျှိုပြီး သတ်ဖြတ်ခဲ့ကြပါတယ်'

'အို… ရက်စက်လှချည်လား'

'သက်ဦးဆံပိုင် ဘုရင်ဟာ ဒီမျှနဲ့ အားမရသေးဘဲ မင်းမိန့်ထုတ်ပြန်လို့ ရေတံခွန်အောက်က သိုက်နန်းမှာ အစောင့်အရှောက်



www.burmeseclassic.com

www.burmeseclassic.com



များအဖြစ် တာဝန်ချထားခဲ့ပါတယ် အမောင်'

'ဖြစ်ရလေ နန်းမုံရယ်'

'အရိုမတွေ့ယျ မြတ်စွာဘုရား ပွင့်တော်မူတဲ့အခါကျမှ နန်းမုံတို့ ကျွတ်လွတ်ခွင့်ရပါလိမ့်မယ် အမောင်ရယ်'

'အဲဒါ ဘယ်ခေတ်က ဖြစ်ခဲ့တာလဲ၊ နှစ်ပေါင်းဘယ်လောက်ကြာပြီလဲ နန်းမုံ'

'အင်း… ကြာလှပါပြီ၊ နန်းမုံလည်း မမှတ်မိတော့ပါဘူး အမောင်ရယ်'

နန်းမုံတို့ရဲ့ဘဝဟာ သနားစရာပါလား။

'ဥစ္စာစောင့်ဘဝမှာရော ပျော်ရဲ့လား နန်းမုံ၊ အမောင့်ကိုပါ လိပ်ပြာနှုတ်ပြီး သိုက်ကို ခေါ်သွားပါတော့ နန်းမုံရယ်'

'နန်းမုံလည်း အမောင်နဲ့ မခွဲနိုင်တော့ပါဘူးလေ၊ ဟော… အမောင်၊ ညဥ့်လည်း အတော်နက်လှပြီ၊ ပြန်ပေတော့ အမောင်၊ သိုက်ဆရာကြီး လိုက်လာရင် အမောင့်ကို တွေ့သွားဦးမယ်'

'တွေ့… တွေ့ နန်းမုံရယ်၊ နန်းမုံကို မတရားဖမ်းဆီးထားတဲ့ သိုက်ဆရာကို အမောင် ရင်ဆိုင်လိုက်တော့မယ်'

'အမယ်လေး… မလုပ်ပါနဲ့ အမောင်၊ ဟိုက သူ့ဆေးကြိမ်လုံးကြီးနဲ့ ရိုက်လိုက်လို့ အမောင် လိပ်ပြာလွင့်သွားပါလိမ့်မယ်၊ နန်းမုံနဲ့ မပေါင်းလိုက်ရဘဲနေပါ့မယ် အမောင်ရယ်၊ ပြန်ပါနော်'





နန်းမုံက တောင်းပန်တော့လည်း ကျွန်တော် ပြန်လာခဲ့ရပါတော့တယ်။

သိုက်ဆရာကြီးဆိုတာ ဘယ်လိုလူကြီးလဲ၊ နန်းမုံနဲ့ ချစ်ကြိုက်နေပေမယ့် သူ့ကို ဖမ်းချုပ်ထားတဲ့ သိုက်ဆရာကြီးကို ကျွန်တော် တစ်ခါမှ မမြင်ဖူးသေးဘူး။ ဒါနဲ့ သိုက်ဆရာကြီးကို မြင်ဖူးအောင် ချောင်းကြည့်ဖို့ အကြံရလိုက်တယ်။

ကျွန်တော်ဟာ လမ်းမကြီးနား ရောက်တာနဲ့ ပြန်လှည့်လာခဲ့ပြီး တစ်ခါက စက်ဘီးဝှက်ခဲ့တဲ့ ချုံပုတ်ထဲမှာပဲ စက်ဘီးကို ဝှက်လိုက်ပါတယ်။ စေတီကို လှမ်းမြင်ရတဲ့ သစ်ပင်ကြီးတစ်ပင်ရဲ့ အကွယ်ကနေပြီး ချောင်းကြည့်နေလိုက်ပါတယ်။

နန်းမုံဟာ မပြန်သေးဘဲ စောင်းတီးနေတုန်းပဲ။

ခဏကြာတော့ စေတီနောက်ဘက်ကနေ အဘိုးကြီးတစ်ယောက် တက်လာတာကို မြင်ရတယ်။

အဘိုးကြီးက နန်းမုံကို ဆူပြောနေတာကို မြင်လိုက်ရတယ်။ အဲဒါ ဆရာကြီးပဲ ဖြစ်မှာပါပဲ၊ သိုက်ဆရာကြီးဟာ ဖျင်ကြမ်းတိုက်ပုံအင်္ကျီကြီးနဲ့၊ ဆံထုံးကြီးထုံးလို့၊ ဆံထုံးထုံးထားတဲ့ ဆံပင်တွေဟာ ဖြူဖွေးနေတာပဲ၊ လက်ထဲမှာလည်း ဆေးကြိမ်တုတ် အကြီးကြီးတစ်ချောင်းကို ကိုင်ထားတယ်။ အဲဒါ နန်းမုံပြောတဲ့ ဆေးကြိမ်လုံးကြီး နေမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သိုက်ဆရာကြီးက နန်းမုံကို လက်ကနေဖမ်းဆွဲခေါ်လိုက်ပြီး ထိုင်ရာက ထခိုင်းတယ်။ ပြီးတော့ နန်းမုံကို ကြမ်းကြမ်းတမ်းတမ်း ဆွဲခေါ်သွားပါလေရော။

နန်းမုံဟာ သနားစရာ သိုက်ဆရာကြီးနောက်က ပါသွားရှာတယ်။ နန်းမုံနဲ့ သိုက်ဆရာကြီး စေတီနောက်ဘက်က တောတန်းလေးထဲ ဝင်သွားတဲ့အထိ ကျွန်တော် ချောင်းကြည့်နေမိပါတယ်။

ကျွန်တော်ဟာ နန်းမုံကို မတရားချုပ်နှောင်ထားတဲ့ သိုက်ဆရာကြီးနဲ့ ချက်ချင်း ရင်ဆိုင်ပစ်လိုက်ချင်ပေမယ့် နန်းမုံ သတိပေးထားလို့ စိတ်ကို ချုပ်တီးထားလိုက်ရတယ်။

တစ်နေ့နေ့ညတော့ သိုက်ဆရာကြီးနဲ့ ကျွန်တော် တွေ့ကြသေးတာပေါ့။

✦ ✦ ✦



နောက်တစ်နေ့ မနက် အိပ်ရာကထတော့ ထိတ်လန့်ချောက်ချားဖို့ကောင်းတဲ့ အဖြစ်တစ်ခုနဲ့ ရင်ဆိုင်လိုက်ရပါတယ်။

ကျွန်တော့်မျက်လုံးတွေအတွက် အန္တရာယ်ကျရောက်ဖို့ အစပျိုးပြီဆိုတာကိုလည်း ကျွန်တော် သိလိုက်ပါပြီ။

ကျွန်တော် အရောင်ကန်းသွားပါပြီ။

အိပ်ရာက ထထချင်း ကျွန်တော် အရောင်ကန်းနေတာကို သတိမထားမိသေးဘူး။ တီဗီကို ဖွင့်ကြည့်လိုက်မှ သတိထားမိတာ။

တီဗီမြင်ကွင်းမှာ ပေါ်လာတဲ့ အရုပ်တွေဟာ ဆေးရောင်စုံနဲ့ မဟုတ်ဘဲ အဖြူအမည်းတွေ ဖြစ်နေပါတယ်။ တီဗီတစ်ခုခု ဖြစ်နေတယ်မှတ်ပြီး တီဗီခလုတ်တွေကို ဟိုလှည့်ဒီလှည့် လှည့်ကြည့်သေးတယ်။

နောက်မှ သတိရပြီး-



www.burmeseclassic.com

www.burmeseclassic.com



နံရံပေါ်က ပိုစတာတွေ၊ ပြက္ခဒိန်တွေနဲ့ ဆိုင်ခန်းထဲက မျက်မှန်တွေကို လျှောက်ကြည့်မှ ကျွန်တော် သဘောပေါက်သွားတယ်။ ပစ္စည်းပစ္စယတွေ အားလုံးရဲ့ အရောင်တွေကို ကျွန်တော် မမြင်ရတော့ပါဘူး။ ကျွန်တော် အရောင်ကန်းသွားပါပြီ။

အရောင်ကန်းတယ်ဆိုတာ ဘာကိုကြည့်ကြည့် အဖြူနဲ့ အမည်းပဲ မြင်ရတော့ပြီး အရောင်တွေကို ခွဲခြားပြီး မမြင်နိုင်တော့တာကို ပြောတာပါ။ မျက်စိဆရာဝန်ကြီးအိမ်မှာ နေဖူးလို့ ကျွန်တော် ကြားဖူးနားဝရှိပြီးသားပါ။ ရှေးတုန်းက ရုပ်ရှင်ကားကြီးတွေ တီဗီမှာပြန်ပြရင် ကြည့်ရသလိုမျိုးပေါ့၊ အရာဝတ္ထုအားလုံးကို ရုပ်လုံးပေါ်အောင် မြင်နေရပေမယ့် အရောင်မပါဘူးလေ။ မီးပွိုင့်ကို ရောက်ရင်လည်း မီးပွိုင့်က အရောင်လက်နေတာသာ မြင်ရမယ်။ အနီ၊ အစိမ်း၊ အဝါဆိုတာ ခွဲခြားနိုင်မှာ မဟုတ်တော့ဘူး။

အရောင်ကန်းတယ်ဆိုတာ အဲဒီလိုပါ။

ကျွန်တော် လန့်သွားတယ်။ ကြောက်လည်း ကြောက်သွားတယ်။ မျက်စဉ်းရဲ့ ဘေးထွက်ဆိုးကျိုးတွေဟာ ကျွန်တော့်မှာ စဖြစ်လာပြီ။

တစ်နေ့လုံး ကျွန်တော် စိတ်မရှင်တော့ဘူး။

မကြာခင်မှာ ကျွန်တော့်မျက်စိ ကွယ်ရပါတော့မယ်။

ကျွန်တော်ဟာ မျက်စိမကွယ်ခင် လုပ်သင့်တာတွေ လုပ်





ထားဖို့ သတိရလိုက်တယ်။ ကျွန်တော့်မှာ သံယောဇဉ်တွယ်တာစရာလူဆိုလို့ အမေပဲ ရှိပါတယ်။ အမေ့ကိုတော့ အကြောင်းစုံ ပြောပြမှ ဖြစ်မယ်။

ဒါနဲ့ပဲနေ့လယ်ခင်းမှာ ရွာကို ကျွန်တော် ထွက်လာခဲ့ပါတယ်။

* * *

ရွာကိုရောက်တော့ အမေ့ကို တိုးတိုးတိတ်တိတ် ကျွန်တော့်အကြောင်းတွေ ပြောပြလိုက်တယ်။

ဆရာကြီးရဲ့ မျက်စဉ်းကို ခိုးထားပြီး ယူသုံးမိတာကနေ ကန်တော်ကြီးစောင်းမှာ မသမာသူတွေ ဝှက်ထားခဲ့တဲ့ ငွေဆယ်သိန်းကို ရခဲ့တဲ့အထိ အမှန်အတိုင်း ပြောပြလိုက်တယ်။

ရွှေဆိုင်တွေကို ဖောက်ထွင်းခဲ့တဲ့ အကြောင်းတော့ အမေ စိတ်မကောင်းဖြစ်မှာစိုးလို့ ပြောမပြတော့ပါဘူး။

"မျက်စဉ်းကို သုံးရင်းသုံးရင်းနဲ့ အခု ကျွန်တော့်မျက်လုံးတွေ ထိခိုက်နေပြီ အမေ၊ အရောင်တွေကို ခွဲခြားပြီး မမြင်ရတော့ဘူး"

"အဲဒါ နင်ကံကြီးထိုက်တာပဲ့ ကျော်ကြီးရဲ့၊ ဆရာကြီး သတိပေးထားတဲ့ကြားက နင်ခိုးသုံးတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



'ဒါက အရေးမကြီးပါဘူး အမေ၊ ကျွန်တော့်မိုက်ပြစ် ကျွန်တော် ခံရမှာပေါ့၊ ကျွန်တော့်ချစ်သူအကြောင်း အမေ့ကို ပြော ပြထားချင်တယ်'

'အမယ်… နင်က ရည်းစားတွေဘာတွေ ရနေပြီပေါ့'

ကျွန်တော့်ချစ်သူ မြနန်းမုံဟာ ဥစ္စာစောင့်တစ်ယောက် ဖြစ်ကြောင်း ပြောပြလိုက်တော့ အမေ တုန်လှုပ်သွားတယ်။

'ဘာ… နင့်ရည်းစားက ဥစ္စာစောင့်မ၊ ဟုတ်လား'

'ကျော်ကြီးရယ်၊ ဥစ္စာစောင့်မက လိပ်ပြာနှုတ်သွားမှဖြင့် ဟယ်'

'လိပ်ပြာနှုတ်လိုက်ရင် ကောင်းတာပေါ့ အမေရယ်၊ မျက် မမြင်ဘဝနဲ့ နေရမယ့်အတူတူ သူတို့သိုက်မှာ သူနဲ့လိုက်ပြီး ပေါင်း သင်းနေရတာက ပျော်စရာကောင်းဦးမှာပေါ့'

'ကျော်ကြီး… ကျော်ကြီး၊ ငါသိပြီ၊ နင် ကောင်းစားနေ တယ်ဆိုတာ ဥစ္စာစောင့်မဆီက ရွှေမကျည်းသီးတောင့်တွေ ရနေ လို့ကိုး'

'အမေကလည်းဗျာ၊ ဘယ်က ရွှေမကျည်းသီးတောင့် ရရမှာလဲ၊ သူကိုယ်တိုင်တောင် ဒုက္ခရောက်နေတဲ့ဟာကို'

'ငါ့ကို မညာပါနဲ့၊ ဒါလောက်လောက်များတဲ့ ပက်ဆင် တွေ နင်ဘယ်တုန်းက ရသတုန်း၊ ကဲ'





'ကန်တော်ကြီးစောင်းက ငွေဆယ်သိန်း ကောက်ရတာလို့ ပြောပြီးပြီပဲ'

'ဥစ္စာစောင့်မတွေက ရွှေမကျည်းသီးတောင့်တွေ ပေးဆို၊ နင့်ကို မပေးဘူးလားဟဲ့'

'မပေးပါဘူးဆိုဗျာ၊ သူကိုယ်တိုင် သိုက်ဆရာ အဖမ်းခံ ထားရတာဗျ'

'သူ့မှာ တန်ခိုးမရှိဘူးလားဟဲ့၊ ဥစ္စာစောင့်မပဲ၊ ကိုယ် ယောင်ဖျောက်ပြီး ထွက်ပြေးပေါ့'

'မရလို့နေမှာပေါ့ အမေရ၊ အမေနော် ဒီအကြောင်းတွေ ဘယ်သူ့မှ လျှောက်မပြောနဲ့'

'အေးပါဟယ် မပြောပါဘူး၊ ငါ့မလည်း ချွေးမလောင်း ဟာ ဥစ္စာစောင့်ဆိုတာ ဘယ်ပြောထွက်မှာလဲ၊ ဒါနဲ့ ဥစ္စာစောင့်မ တွေက ရက်ရက်စက်စက်လှဆို၊ နင့်ရည်းစားက တော်တော် ချော သလားဟဲ့'

'ချောတာမှ ပြောမပြတတ်လောက်အောင်ကို ချောတာ အမေ'

'ငါ့ကိုပြစမ်းဟယ်၊ ငါ ကြည့်ချင်လို့'

'အမေ ဘယ်မြင်ရမှာလဲ၊ ကျွန်တော်တောင် ဆရာကြီး မျက်စဉ်း ခပ်ထားလို့ မြင်ရတာ၊ မြင်သင့်တဲ့အခါကျ မြင်ရမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com

အမေရယ်'

'ဒါဖြင့် နင့်မျက်စိကို မကုတော့ဘူးလား ကျော်ကြီး'

'ကုလည်း ထူးမှာမဟုတ်တော့ဘူး အမေ၊ ဆရာကြီးက တစ်ကြိမ်ထက်ပိုခပ်ရင် ဒုက္ခရောက်မယ်လို့ ပြောထားတာ၊ ကျွန်တော်သုံးတာက လွန်လွန်းနေပြီ၊ မျက်စိကတော့ ကျိန်းသေ ကွယ်မှာပဲ၊ ကုလို့ရတော့မှာ မဟုတ်ပါဘူးဗျာ'

'ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ငါ့သားရယ်၊ ကိုယ်လည်း မျက်စိဆရာဝန်အိမ်မှာ နေလာတာကိုး၊ ဆရာကြီး မရှိတော့ပေမယ့် ဆရာကြီးဆေးခန်းက ဆက်ရှိနေတုန်းပဲလေ၊ ဆရာကြီး မိသားစုနဲ့ ရွာနဲ့လည်း အဆက်ပြတ်ကြတာ မဟုတ်ဘူး၊ ရန်ကုန်သွား၊ ဆရာကြီးဆေးခန်းကိုပဲ သွားပြကြစို့လေ'

'ကျွန်တော်တော့ တယ်မထင်ပါဘူးဗျာ၊ ထားလိုက်ပါတော့မယ်'

'ကျော်ကြီး၊ နင်ဟာလေ တော်တော် ခေါင်းမာပါလား၊ လူကြီးစကား ပယ်ရှာလို့ ဒုက္ခလည်းတွေ့နေပြီ၊ အမေ စကားကိုပါ ပယ်ချင်သေးတယ်၊ နင်က မကုချင်ပေမယ့် ငါက ကုပေးရမှာပဲ ဟေ့၊ ကိုယ့်မလည်း ပက်ဆပ်တွေ အများကြီးရှိနေတာကို'

✦ ✦ ✦



ဒီနေ့ညမှာတော့ ကျွန်တော် စေတီလေးဆီကို အရင်ရောက်နှင့်နေပြီး တော်တော်ကြာမှ နန်းမုံရောက်လာတတ်ပါတယ်။

ကျွန်တော်က စေတီဘက်ကိုလှည့်ပတ်ဖူးရင်း နန်းမုံကို စောင့်နေတာ နန်းမုံဟာ အနောက်ဘက်တောတန်းလေးထဲကနေ စောင်းလေးပိုက်ပြီး ခပ်သုတ်သုတ် ထွက်လာပါတယ်။

'အခြေအနေ မကောင်းဘူး အမောင်၊ သိုက်ဆရာကြီးက နန်းမုံနဲ့ အမောင့်အကြောင်းကို သိသွားပြီ၊ နန်းမုံကို အပြင်မထွက်ရဘူးတဲ့၊ သူအိပ်နေတုန်း လစ်ထွက်လာတာ အမောင်'

'ဟင်… ဘယ်လိုလုပ်ပြီး သိသွားတာလဲ နန်းမုံရယ်'

'သူ့ပညာနဲ့ သိမှာပေါ့ အမောင်ရဲ့၊ နန်းမုံကို အပြင်ပေးမထွက်တော့ဘူးလို့ ပြောတယ် အမောင်၊ နန်းမုံတို့သိုက်ရှိရာကို သာ လိုက်ရှာပေတော့ အမောင်ရယ်'

www.burmeseclassic.com

www.burmeseclassic.com



'အမောင် ခရီးထွက်နေတုန်း သိုက်ဆရာကြီးက နန်းမုံကိုခေါ်ပြီး နေရာပြောင်းရွှေ့သွားရင် ဘယ့်နှယ်လုပ်မတုန်း နန်းမုံရဲ့၊ မထူးပါဘူးကွာ၊ နောက်မှ ဖြစ်ချင်ရာဖြစ်၊ နန်းမုံ အမောင်နဲ့ တစ်ခါတည်းလိုက်ခဲ့ပေတော့'

'အို… အဲဒီလိုတော့ မဖြစ်ဘူးအမောင်'

ဒီတုန်းမှာပဲ တောတန်းလေးနောက်က ခေါ်သံထွက်ပေါ်လာတော့တယ်။

'လုံမရေ၊ အေ… လုံမလေး'

ခေါ်သံကိုကြားလိုက်တော့ နန်းမုံဟာ တော်တော် တုန်လှုပ်သွားတယ်၊ အသားလေးတွေကို တဆတ်ဆတ်တုန်နေတာပဲ။

'အဲဒါ သိုက်ဆရာကြီးအသံပဲ အမောင်၊ နန်းမုံ နောက်ကို လိုက်လာပြီ၊ အမောင် ပြေးပေတော့'

ကျွန်တော် နန်းမုံကို တော်တော်သနားသွားတယ်။ နန်းမုံဟာ သိုက်ဆရာကြီးကို တော်တော်ကြောက်ရတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် နန်းမုံအတွက် သိုက်ဆရာကြီးကို ရင်ဆိုင်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။

'ပြန်ပါတော့ အမောင်၊ ပြန်ပါတော့၊ ကိုယ်ကျိုးနည်းရပါလိမ့်မယ်'

'မပြန်ဘူး နန်းမုံ၊ ကိုယ် သူ့ကို ရင်ဆိုင်မယ်'





'အမလေး၊ မဖြစ်ပါဘူး အမောင်ရယ်'

ကျွန်တော်တို့ ပြောဆိုနေတုန်းမှာပဲ သိုက်ဆရာကြီးဟာ စေတီရင်ပြင်ပေါ်ကို ရောက်လာပါတယ်။

သိုက်ဆရာကြီးက မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ ကျွန်တော်တို့ကိုကြည့်ပြီး-

'ဩော… သတိပေးထားတဲ့ကြားက တယ်မိုက်သကိုး လုံမရယ်၊ လာခဲ့စမ်း၊ ပြန်လိုက်ခဲ့စမ်း'

'ပြန်မထည့်နိုင်ဘူးဗျ၊ ခင်ဗျားဟာ နန်းမုံကို မတရားဖမ်းချုပ်ထားတဲ့ သိုက်ဆရာကြီးပဲ၊ ခင်ဗျားနောက်ကို ပြန်မထည့်နိုင်ဘူး'

'အောင်မယ်… မင်းနဲ့ဘာဆိုင်သလဲ၊ မင်းက ဘာကောင်လဲ၊ သွားစမ်း ငါလုပ်လိုက်ရ'

'သွားပါအမောင်၊ သွားပါတော့'

'မသွားဘူး နန်းမုံ၊ သိုက်ဆနရာလက်ထဲကို နန်းမုံကို ပြန်မထည့်နိုင်ဘူး'

'ဟင်… လာပြန်ပြီ အရူးတစ်ယောက်၊ ရူးပဲရူးနိုင်ကြလွန်းတယ်၊ ကဲ… ရူးကြဦးဟာ'

သိုက်ဆရာကြီးက သူ့ရဲ့ဆေးကြိမ်လုံးကြီးနဲ့ရွယ်ပြီး လှမ်းရိုက်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က နန်းမုံကို ထိမှာစိုးလို့ ရင်ခွင်ထဲမှာ ကွယ်ဝှက်ပေးထားလိုက်တာ ဆေးကြိမ်လုံးဟာ ကျွန်တော့်ရဲ့ကျောပေါ်ကို တည့်တည့်ကျလာပါတော့တယ်။

အသည်းခိုက်အောင် နာကျင်သွားလို့ ကျွန်တော်ဟာ လိပ်ပြာလွင့်သွားပြီလို့တောင် ထင်လိုက်မိပါတယ်။ တော်ပါသေးရဲ့၊ သိုက်ဆရာကြီးက သေလောက်တဲ့အထိ ရိုက်လိုက်တာ မဟုတ်ဘူး၊ ကျွန်တော်ဟာ နာလွန်းလို့ ခွေ့ခွေ့ခုန်သွားရတော့တာပဲ။

ဒါကို အခွင့်ကောင်းယူပြီး သိုက်ဆရာကြီးက နန်းမုံကို ဆွဲခေါ်သွားတော့တယ်။

'နန်းမုံ၊ နန်းမုံ'

'အမောင်၊ လိုက်မလာနဲ့ ပြန်ပါတော့၊ နန်းမုံတို့သိုက်ကို သာတွေ့အောင်ရှာပြီး ကယ်တင်ပေတော့ အမောင်'

နန်းမုံက တတွတ်တွတ် မှာကြားပြီး သိုက်ဆရာကြီး ခေါ်ဆောင်ရာနောက်ကို ဒရွတ်တိုက် ပါသွားရှာပါတော့တယ်။

နန်းမုံနဲ့ သိုက်ဆရာကြီး အနောက်ဘက် တောတန်းထဲ ဝင်ပြီး ပျောက်ကွယ်သွားတဲ့အထိ ကျွန်တော် ငေးကြည့်နေမိတယ်။

အမောင် နန်းမုံကို ရအောင်ကယ်တင်ပါ့မယ် နန်းမုံရယ်။

✦ ✦ ✦



သိုက်ဆရာကြီး ဆေးကြိမ်လုံးနဲ့ ရိုက်လိုက်တဲ့ဒဏ်ဟာ နောက်နေ့မနက်ထိ နာနေတုန်းပဲ။

ကျွန်တော်က အင်္ကျီကိုချွတ်ပြီး မှန်ထဲမှာ နောက်ပြန်ကြည့်လိုက်တယ်။ အလိုလေး… အရှိုးရာကြီးဟာ ညိုမည်းပြီး ထင်းနေတာပဲဗျ၊ အရှိုးကြီးဟာ အကြောင်းလိုက်ကြီး ဖုထနေတယ်။

ကျွန်တော်လည်း လိမ်းဆေးနဲ့ ကိုယ့်ကျောကိုယ် မမီမကမ်း လိမ်းရတော့တယ်။

ကျွန်တော် ဆေးလိမ်းနေတုန်း အမေ ရောက်လာပါတယ်။ အထုပ်အပိုးတွေနဲ့ အမေဟာ ဆေးလိမ်းနေတဲ့ ကျွန်တော့်လည်းမြင်ရော ရင်ပတ်စည်တီးနဲ့…

'ဟဲ့… နည်းတဲ့အရှိုးရာကြီး မဟုတ်ပါလား ငါ့သားရယ်၊ နင် ဘာဖြစ်တာတုန်းဟဲ့၊ ရန်ဖြစ်တာလား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး အမေ၊ ညက ကျွန်တော့်ကို သိုက်ဆရာကြီးက ဆေးကြိမ်လုံးနဲ့ ရိုက်လိုက်တာ'

'ဟင်… နှင့်ဥစ္စာစောင့်မကို ဖမ်းထားတဲ့ သိုက်ဆရာလား၊ မသေကောင်း မပျောက်ကောင်းတော်၊ မှန်း… ဆေး အမေ လိမ်းပေးမယ် ငါ့သား'

အမေက မျက်ရည်လေး တစမ်းစမ်းနဲ့ ကျွန်တော့်အနာကို ဆေးလိမ်းပေးရှာတယ်။ ပါးစပ်ကလည်း သိုက်ဆရာကို တတွတ်တွတ်နဲ့ ကျိန်ဆဲနေတယ်။

'တော်ပါတော့ဟယ်၊ ဥစ္စာစောင့်မနဲ့ အဆက်ဖြတ်လိုက်ပါတော့၊ အန္တရာယ်များပါတယ် ငါ့သားရယ်'

'ဒါတွေ အမေ မသိပါဘူးဗျာ၊ အသာနေစမ်းပါ၊ ဒါနဲ့ အမေ ဘာလာလုပ်သလဲဟင်၊ အထုပ်အပိုးတွေလည်း အများကြီး ပါလား'

'ရန်ကုန်သွားမလို့ဟဲ့၊ နင်နဲ့အတူ ရန်ကုန်သွားမလို့ ထွက်လာတာ'

'ဗျာ… ကျွန်တော် ရန်ကုန် လိုက်ခဲ့ရမယ်၊ အမေက လည်း၊ ကျွန်တော့်မှာ လုပ်စရာတွေ ရှိသေးတယ်ဗျ'

'နင် ဒီလိုပြောမယ်ဆိုတာ သိသားပဲ၊ ရန်ကုန်သွားမှာ နင့်မျက်စိကို ပြဖို့ဟဲ့၊ ငါ့အကျိုးမဟုတ်ဘူး၊ နင့်အကျိုး အခုငါ





ရထားလက်မှတ် လူကြုံနဲ့ ဝယ်ခိုင်းထားပြီးပြီ၊ ကိုယ့်ရောဂါထက် အရေးကြီးတာ ရှိမလားဟဲ့၊ မရဘူး လိုက်ခဲ့ရမယ်၊ နင့် ဥစ္စာစောင့်မကို သံယောဇဉ်ဖြတ်စမ်းပါ ကျော်ကြီးရယ်'

'ကျွန်တော် သူ့ကိုတော့ နှုတ်ဆက်ခဲ့ပါရစေဦး အမေ'

'မရဘူး၊ လက်မှတ်က ခုညနေအတွက် ဝယ်ထားတာ၊ ဟောမှာ လက်မှတ်တောင် ပါလာပြီ၊ လိုက်သာ လာခဲ့ပေရော့'

အမေကတော့ ဇွတ်ပဲ။ အမေ အတင်းဆွဲခေါ်တာကြောင့် ကျွန်တော်ဟာ နန်းမုံရဲ့ အခြေအနေကို မသိရတော့ဘဲ ရန်ကုန် လိုက်လာခဲ့ရပါတော့တယ်။

နန်းမုံအတွက် နောက်ဆံတငင်ငင်နဲ့ပေါ့။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ရောက်တော့ ဘဘုန်းရဲ့ ဘုန်းကြီးကျောင်းမှာပဲ တည်းပါတယ်။

ရောက်ရောက်ချင်းနေ့ပဲ ဆရာကြီး ဒေါက်တာဖေသက်ကြည်ရဲ့ ရွှေဘုံသာလမ်းက ကြည် မျက်စိအထူးကုဆေးခန်းကို သွားပြပါတယ်။ ဆရာကြီး မရှိတော့ပေမယ့် သူ့မိသားစုက ဆေးခန်းကြီး ဆက်ဖွင့်ထားတုန်းပါ။

ဆေးခန်းရောက်တော့ ဒေါက်တာတက်ထွန်းနဲ့ တွေ့ပါတယ်။ ဒေါက်တာ တက်ထွန်းဆိုတာ ဆရာကြီးရဲ့ တပည့်အရင်းပါ။ မျက်စဉ်း စမ်းသပ်မှုလုပ်တဲ့ ခရစ္စမတ်ညကတောင် ဒေသည်ထဲမှာ ပါသေးတာကော။ ဒေါက်တာတက်ထွန်းက ကျွန်တော် ဆရာကြီးအိမ်မှာ နေကတည်းက အိမ်ကို မကြာမကြာလာပြီး ဓာတ်ခွဲခန်းမှာ အလုပ်လုပ်နေကျမို့ ကျွန်တော်နဲ့ ခင်နေတာ။





ခုလည်း ကျွန်တော့်ကို မြင်မြင်ချင်း ဒေါက်တာတက်ထွန်းက မှတ်မိတယ်။

"ဟာ… ကျော်ကြီးပါလား၊ ဆို… ဘာဖြစ်တာတုန်း"

ဒေါက်တာတက်ထွန်းက ရင်းရင်းနှီးနှီးပဲ မေးလိုက်တော့ ကျွန်တော်က ရောဂါအကြောင်းပြောပြဖို့ အားတက်သွားတယ်။

ကျွန်တော်လည်း ပွင့်ပွင့်လင်းလင်းပဲ ဆရာကြီးစမ်းသပ်တီထွင်ခဲ့တဲ့ အလွှာတစ်လွှာ ဖောက်မြင်ရတဲ့ မျက်စဉ်းတွေကို ယူသုံးမိကြောင်း ပြောပြလိုက်တယ်။

"ဘယ်နှခါသုံးလိုက်မိသလဲ ကျော်ကြီး"

"တစ်ပုလင်းလုံးကုန်လုအောင်ပါပဲ ဆရာ၊ ကျွန်လှ လေးငါးစက်ပေါ့"

ဒေါက်တာတက်ထွန်း မျက်လုံးကြီး ပြူးသွားတယ်။

"မိုက်လိုက်လေ ကျော်ကြီးရယ်"

"အခု ကျွန်တော် အရောင်ကန်းနေပြီ ဆရာ၊ မျက်လုံးကလည်း တဖြည်းဖြည်း ဝါးဝါးလာတယ်"

"စမ်းကြည့်ရအောင်"

ဒေါက်တာတက်ထွန်းက ကျွန်တော့်မျက်လုံးကို စက်ကိရိယာတွေနဲ့ အမျိုးမျိုး စမ်းသပ်ကြည့်ပါတယ်။

သူ့အမှုအရာတွေကတော့ သိပ်အားရပုံမရဘူး။



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ကျော်ကြီး၊ မျက်ကြည်လွှာတွေဟာ တဖြည်းဖြည်း ပျက်စီးစပြုနေပြီကွ'

'သိပါတယ်ဆရာ၊ ကျွန်တော့်မျက်လုံး ကန်းတော့မှာပါ၊ ဆရာကြီးကလည်း သတိပေးထားသားပဲ၊ ကျွန်တော့် မိုက်ပြစ်ပေါ့ ဆရာရယ်၊ ကျွန်တော့် မိုက်ပြစ်ပေါ့ ဆရာရယ်၊ ကိုယ့်အပြစ် ကိုယ်ခံရမှာ မကြောက်ပါဘူး ဆရာ၊ ကျွန်တော့်ချစ်သူကို မကယ်တင်နိုင်မှာပဲ ကျွန်တော် စိုးရိမ်တယ်၊ မျက်လုံးမကွယ်ခင် ကျွန်တော့် ချစ်သူ မြန်နန်းမုံကို ကယ်တင်ခွင့် ရပါတော့မလား မသိဘူး ဆရာရယ်'

'မင်းချစ်သူက ဘာဖြစ်နေလို့လဲကွ'

'သူက ဥစ္စာစောင့်မနဲ့ ကြိုက်နေတာ ဆရာလေး'

တစ်ချိန်လုံး ငြိမ်ပြီး ဘေးမှာထိုင်နေတဲ့ အမေက ဝင်ပြောလိုက်တယ်။ ဒေါက်တာတက်ထွင်ဟာ ပါးစပ်ကြီးပြဲသွားအောင်ကို အံ့အားသင့်သွားပါတယ်။

'ဘယ်လို… ဥစ္စာစောင့်မနဲ့ ကြိုက်နေတယ်၊ ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့်ချစ်သူဟာ ဥစ္စာစောင့် တစ်ယောက်ပါ'

'ကိုယ်ဖြင့် နားရှိလို့သာ ကြားရတယ်၊ ဟုတ်လို့လား ကျော်ကြီးရဲ့'





'ဩော်… ဆရာက မယုံဘဲကိုး၊ ဥစ္စာစောင့်နဲ့ တွေ့ခွင့်ရတာဟာလည်း မျက်စဉ်းအစွမ်းကြောင့်ပါပဲ ဆရာ၊ မျက်စဉ်းဟာ ပထမအလွှာတစ်လွှာပဲ ဖောက်မြင်ရတယ်၊ နောက်တော့ အုတ်နံရံ အုတ်တံတိုင်းတွေပါ ဖောက်မြင်လာရတယ် ဆရာ၊ မြေကြီးထဲက ပစ္စည်းတွေကိုလည်း မြင်ရတာပဲ၊ နောက်ဆုံးတော့ တခြားဘုံသား နာနာဘာဝတွေကိုလည်း မြင်ရတာပဲ ဆရာ၊ အဲဒါကြောင့် ဥစ္စာစောင့်ကို ကျွန်တော် မြင်တွေ့နိုင်တာပေါ့'

ဒေါက်တာတက်ထွင်က ကျွန်တော့်စကားကို မျက်လုံးအပြူးသားနဲ့ နားထောင်နေပါတယ်။

'ဒီမှာတော့ ‑ချိန်မရဘူး ကျော်ကြီးရေ၊ လူနာတွေလည်း ရှိသေးတယ်၊ အကြောင်းစုံကို ကိုယ် သိချင်သေးတယ်၊ မင်း ဘယ်မှာတည်းလဲ'

'ရွှေတိဂုံခြေရင်းက ဘုန်းကြီးကျောင်းမှာ ဆရာ'

'ညပိုင်း မင်းအားမလား၊ ကိုယ်တို့ တစ်ခုခုစားသောက်ရင်း စကားပြောရအောင်'

'အားပါတယ် ဆရာရဲ့၊ ကျွန်တော်လည်း ကျွန်တော့် အကြောင်းကို ပြောပြချင်နေတာ ဆရာ'

'ဒါဖြင့် လိပ်စာရေးပေးခဲ့လေ'

ဒေါက်တာ တက်ထွင်ကို ကျွန်တော် တည်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဘုန်းရဲ့ ကျောင်းလိပ်စာကို ရေးပေးလိုက်တယ်။

'ကိုယ် ဆေးရေးပေးလိုက်မယ်၊ ကိုယ်ပေးလိုက်တဲ့ဆေး တွေ စားပါဦး၊ နိုင်ငံခြားက မျက်စိဆရာဝန်တွေပါတဲ့ အဖွဲ့တစ်ဖွဲ့ ကမ္ဘာလှည့်ပြီး ဆေးကုပေးနေတာရှိတယ် ကျော်ကြီး၊ အဲဒီအဖွဲ့ မြန်မာပြည်ရောက်လာတဲ့အခါ မင်းကို ဆက်သွယ်လိုက်မယ်'

'နိုင်ငံခြားထိ ဆေးသွားကုဖို့လည်း ကျွန်တော် တတ်နိုင် ပါတယ် ဆရာ'

'ဟေ'

'အဲဒီအကြောင်းတွေ ညကျမှ ပြောကြတာပေါ့ ဆရာ၊ ကျွန်တော်ကျောင်းက စောင့်နေပါ့မယ်'

'ကောင်းပြီလေ၊ ကိုယ်ဆက်ဆက်လာခဲ့ပါ့မယ် ကျော်ကြီး'

✦ ✦ ✦



ညကျတော့ ဒေါက်တာတက်ထွန်း ဘုန်းကြီးကျောင်းကို ရောက်လာပါတယ်။ ကျွန်တော့်ကိုခေါ်ပြီး စားသောက်ဆိုင် တစ် ဆိုင်ကိုသွားကြတယ်။

စားသောက်ရင်းက စကားပြောကြတယ်။

ကျွန်တော်လည်း ကျွန်တော့်အကြောင်းကို ရင်ဖွင့်စရာ လူမရှိတော့ ဒေါက်တာ တက်ထွန်းကိုပဲ အကြောင်းစုံပြောပြပြီး ရင်ဖွင့်လိုက်မိတော့တယ်။

ကျွန်တော်က ကန်တော်ကြီးစောင်းကနေ ငွေဆယ်သိန်း ထုပ်ကြီး ရခဲ့ရာက လောဘတက်ပြီး မျက်စဉ်းအားကိုးနဲ့ ရွှေဆိုင် တွေ ဖောက်ထွင်းခဲ့တဲ့ အကြောင်းပါ ပြောပြလိုက်တယ်။

'မင်း အတွေ့အကြုံတွေကတော့ ဩချလောက်ပါရဲ့ ကျော်ကြီးရယ်၊ ဥစ္စာစောင့်မနဲ့ ကြိုက်တဲ့အကြောင်း ပြောပြပါဦး



www.burmeseclassic.com

www.burmeseclassic.com



'မျက်စဉ်း အစွမ်းဟာ တဖြည်းဖြည်း တက်လာတယ် ဆရာ၊ တစ်ခါတော့ စစ်တွင်းက ချစ်တီးတိုက်ကြီးကိုသွားပြီး ချစ်တီးကြီး မြှုပ်ထားတဲ့ ပစ္စည်းတွေကိုရှာဖို့ ကျွန်တော်သွားခဲ့တယ် ဆရာ၊ အဲဒီမှာ သရဲဖြစ်ပြီး သူ့အိမ်မှာ သူစောင့်နေတဲ့ ချစ်တီးသရဲကြီးကို တွေ့တော့တာပဲ ဆရာရေ၊ မျက်စဉ်းဟာ တခြားဘုံသား နာနာဘာဝတွေကို မြင်ရတဲ့အထိ တိုးတက်လာတာလေ'

'ဟင်'

'နောက်တော့ ကျွန်တော်တို့ရွာသွားတဲ့လမ်းက လွမ်းစေတီလေးမှာ မြနှန်းမုံနဲ့ တွေ့တော့တာပဲ ဆရာ၊ မြနှန်းမုံဆိုတာ ကျွန်တော့်ချစ်သူ ဥစ္စာစောင့်မလေးလေ'

'ဥစ္စာစောင့်မှန်း ဘယ်လိုသိတုန်း၊ သူကိုယ်တိုင်က ပြောပြတာလား'

'ဟုတ်တယ် ဆရာ၊ သနားစရာ ကောင်းပါတယ် ဆရာ၊ သိုက်ဆရာကြီးက သူ့ကို ဖမ်းခေါ်လာပြီး ကျွန်တော်တို့အရပ်မှာ ချုပ်နှောင်ထားတာ ဆရာရဲ့၊ သိုက်က ရွှေတွေငွေတွေ မပေးမချင်း လွှတ်မယ့်ပုံ မပေါ်ဘူး၊ ကျွန်တော် သူ့သိုက်ကိုရှာပြီး သူ့အစ်မကို အကြောင်းကြားပေးဖို့ တာဝန်ရှိတယ် ဆရာ'

'သူတို့သိုက်က ဘယ်မှာမို့လို့လဲ'

'ရေတံခွန်ကြီးတစ်ခုအောက်မှာတဲ့ ဆရာ၊ ဘယ်မြို့မှာရှိတယ်ဆိုတာတော့ နန်းမုံက မမှတ်မိရှာဘူး'





'ကိုယ်နေတဲ့နေရာ ကိုယ်မမှတ်မိဘူးတဲ့လား'

'သူက ဥစ္စာစောင့်ဖြစ်နေတာ နှစ်ပေါင်းရာနဲ့ ထောင်နဲ့ချီနေပြီကိုး ဆရာရဲ့၊ သူနေတဲ့ နေရာကို ခုခေတ်အခေါ်အဝေါ်နဲ့ သိချင်မှသိမှာပေါ့'

'ဪ... ဪ'

'ရေတံခွန်ကို တွေ့အောင် ရေတံခွန်ရှိတဲ့ နေရာအနှံ့ မြန်မာတစ်ပြည်လုံးမှာ ကျွန်တော်လိုက်ရှာရမယ် ဆရာ၊ သူတို့သိုက်ရှိတဲ့ ရေတံခွန်ကြီးရဲ့ ကျောက်နံရံမှာ ကျောက်မောင်းလေး တစ်ခုရှိတယ်တဲ့ ဆရာ၊ ကျောက်မောင်းတံလေးကို ဆွဲချလိုက်ရင် ရေတံခွန်က စီးကျနေတဲ့ ရေတွေဟာ ရပ်သွားလိမ့်မယ်တဲ့၊ အဲဒီအခါ ရေတံခွန်အောက်က ကျောက်လိုဏ်ခေါင်း အပေါက်ကြီး အတိုင်းဝင်သွားရင် သူတို့သိုက်ကို ရောက်မယ်တဲ့ ဆရာရဲ့၊ နန်းမုံက ကျွန်တော့်ကို သေချာလမ်းညွှန်ထားတာ'

ကျွန်တော့်စကားတွေကို နားထောင်ရင်း ဒေါက်တာ တက်ထွင့်မျက်နှာမှာ ဝေဝေဝါးဝါးဟန်တွေ ပေါ်နေတယ်။ သူ ယုံရခက်နေတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ပညာတတ်တဲ့ လူတွေဟာ အဲဒီလိုပဲ၊ နာမ်လောကတို့ နာနာဘာဝတို့ကို မယုံချင်ကြဘူး။ ယုံလိုက်ရင်ပဲ သူတို့သိက္ခာကျသွားမယ့်အတိုင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ ယုံယုံ မယုံယုံ ကျွန်တော် ပြောစရာ ရှိတာ ဆက်ပြောနေပါတယ်။

"သူ့သိုက်ကို ရှာမတွေ့ခင် ကျွန်တော် မျက်စိကွေပ်ချင်သေးဘူး ဆရာ၊ သူ့ကို အကျဉ်းသားဘဝက လွတ်မြောက်စေချင်တယ်၊ သူ့သိုက်ကို ပြန်ရောက်သွားစေချင်တယ်၊ ကျွန်တော့်မျက်စိကွယ်မှာ မကြောက်ပါဘူး၊ သူ သိုက်ကိုပြန်ရောက်သွားရင် ကျွန်တော့်ကိုပါ လိပ်ပြာနှုတ်ခိုင်းပြီး သိုက်ထဲမှာ သူနဲ့ပေါင်းသင်းနေတော့မယ်၊ သိုက်ကို ရှာမတွေ့ခင်တော့ မျက်စိ မကွယ်ချင်သေးဘူး ဆရာရယ်"

"လောလောဆယ်တော့ ဆရာပေးတဲ့ ဆေးတွေသောက်ပါဦးလေ၊ မင်းမျက်လုံးကို နိုင်ငံခြားမှာ သွားကုဖို့ ဆရာ စုံစမ်းပေးပါ့မယ်၊ မင်းမှာ ငွေကြေးပြည့်စုံနေတာပဲ၊ မျက်စိကုဆရာဝန်အဖွဲ့လာရင်လည်း မင်းကို အကြောင်းကြားပါ့မယ်၊ လိပ်စာတိတိကျကျသာ ကိုယ့်ကို ပေးခဲ့ပါ"

"အားကိုးပါတယ် ဆရာရယ်၊ ကျွန်တော် သိုက်ကိုရောက်သွားရင် နန်းမုံဆီက ရွှေမကျည်းသီးတောင့်တွေ ဘာတွေ ဆရာ့ကို တောင်းပေးပါ့မယ် ဆရာ"

✦ ✦ ✦



ရန်ကုန်မှာ ဆယ်ရက်ကြာခဲ့ပါတယ်။

ကျွန်တော်က ချက်ချင်းပြန်ချင်ပေမယ့် အမေက ရန်ကုန်ကို နောက်တစ်ခါလာဖို့ မလွယ်ဘူး၊ မသေခင် ဘုရားစုံအောင် ဖူးသွားမယ်ဆိုပြီး ဆက်နေနေလို့ ကျွန်တော့်မှာ မနည်းအောင့်အီးပြီး စောင့်နေရတယ်။

ကျွန်တော့်စိတ်ထဲမှာတော့ နန်းမုံအတွက် နောက်ဆံတင်းငင်နဲ့ပေါ့။

ဒီလိုနဲ့ ဆယ်ရက်ပြည့်တော့ ရန်ကုန်က ပြန်လာခဲ့တယ်။

မြို့ပြန်ရောက်ရောက်ချင်းညမှာပဲ ကျွန်တော်ဟာ လွမ်းစေတီလေးဆီကို စက်ဘီးနဲ့ ပြေးခဲ့ပါတယ်။

ဒီအချိန်မှာ ကျွန်တော့်မျက်လုံးတွေဟာ တော်တော်မှုန်နေပြီ၊ မျက်စဉ်းတန်ခိုးကြောင့် အရာဝတ္ထုတွေ ဖောက်မြင်နိုင်တာ တခြား၊ မှုန်တာက တခြား။



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးကို နှေးနှေးလေးနဲ့ တော်တော်ဂရုစိုက်ပြီး နင်းခဲ့ရတယ်။

စေတီလေးဆီရောက်တော့ နန်းမုံရဲ့ အရိပ်အယောင်တောင် မတွေ့ပါဘူး။ ကျွန်တော်ဟာ စေတီနောက်ဘက် တောစပ်အထိသွားပြီး နန်းမုံပေါ်လာလို ပေါ်လာငြား စောင့်နေမိတယ်။

အတော်ကြာတော့ မနေနိုင်တော့ဘူး။

'နန်းမုံရေ… နန်းမုံ'

တောတန်းလေးထဲကို အော်ခေါ်လိုက်ပါတယ်။

'နန်းမုံ… အမောင် ရောက်နေပြီ နန်းမုံ၊ ထွက်ခဲ့ပါတော့'

အဲဒီညက တော်တော်ညဉ့်နက်တဲ့အထိ စောင့်ပေမယ့် နန်းမုံကို အရိပ်အယောင်တောင် မတွေ့ရပါဘူး။

* * *

နောက်တစ်နေ့ညကျတော့ ကျွန်တော် စက်ဘီးနဲ့ မလာနိုင်တော့ဘူး။ ကျွန်တော့်မျက်လုံးတွေဟာ တော်တော်ကို ဝါးနေတော့တာပါ။

မျက်စဉ်းဟာ မကျန်တော့သလောက်ပါပဲ။ ဒီနေ့ညလည်း ခပ်လိုက်ရော ပုလင်းထဲမှာ ဖင်ကပ်ပဲ ကျန်ပါတော့တယ်။ နောက်တစ်ခါခပ်လို့ရဖို့တောင် မသေချာတော့ပါဘူး။ မျက်လုံးတစ်ဖက်စာ တစ်စက်လောက်ပဲ ရှိတော့မယ်။





တစ်ယောက်တည်း ခြေလျင်သွားရမှာ ဝေးတာကြောင့် အမေ့ကိုခေါ်ပြီး ဆိုက်ကားနဲ့ လာခဲ့တယ်။ ဆိုက်ကားကို ရွာလမ်းစပ်အထိ ပို့ခိုင်းပြီး အဲဒီနားမှာပဲ စောင့်ခိုင်းထားလိုက်တယ်။

အမေကတော့ သူ့ချွေးမ ဥစ္စာစောင့်မကို မြင်ရတော့မယ်ထင်ပြီး စိတ်တက်ကြွစွာနဲ့ လိုက်လာတယ်။

အဲဒီညကလည်း အချည်းအနှီးပါပဲ။

အမေပါနေလို့ အမေနဲ့အတူ တောတန်းအစပ်ထိ ဝင်ရှာပြီး နန်းမုံနာမည်ကို အော်ခေါ်ခဲ့ပါသေးတယ်။

'နန်းမုံ… နန်းမုံ… အမောင် ရောက်နေပြီ၊ ထွက်ခဲ့ပါတော့ နန်းမုံရယ်'

အမေက ကျွန်တော့်ကိုကြည့်ပြီး သက်ပြင်းချတယ်။

တော်တော်ညဉ့်နက်လာတော့ ချမ်းလည်းချမ်းလာတာနဲ့ အမေက ပြန်ဖို့ပြောတယ်။

'နင့်ရည်းစားက ငါပါလို့ ထွက်မလာတာများလားဟယ်၊ ပြန်ကြပါစို့'

အပြန်လမ်းမှာ ကျွန်တော် မျက်ရည်ကျတဲ့အထိ ငိုမိပါတော့တယ်။ နန်းမုံ ဘယ်ရောက်သွားပြီလဲ၊ သိုက်ဆရာကြီးက နန်းမုံကိုခေါ်ပြီး နေရာပြောင်းသွားတာများလား။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့မျက်စိဟာ အခြေအနေ တစ်စတစ်စ ဆိုးဆိုးလာပြီမို့ နန်းမုံကို ကယ်တင်ဖို့အတွက် ခရီးထွက်ပြီး ရေတံခွန်ကိုရှာဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။

ခုမှပဲ ကျွန်တော်ဟာ နန်းမုံပြောတဲ့ အကြောင်းတစ်ခုကို သတိရလိုက်တယ်။

နန်းမုံတို့ဟာ ပြာသိုလပြည့်ညတိုင်းမှာ ကော်ဇောပျံစီးပြီး ကမ္ဘာအနှံ့ ခရီးထွက်တယ်ဆိုတာလေ။ ဒီနှစ် ပြာသိုလပြည့်မှာ နန်းမုံအစ်မ မြပန်းရုံဟာ ကော်ဇောပျံစီးလာတာ ဒီဘက်ရောက်လာလို့များ နန်းမုံကိုတွေ့ပြီး ကော်ဇောပျံနဲ့ တင်ခေါ်သွားပြီလား မသိဘူး။ အဲဒီလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းမိပါတယ်။

နန်းမုံ ကျွန်တော့်ကို အထင်မလွဲပါစေနဲ့လို့လည်း ဆုတောင်းမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြာသိုလပြည့်ညက ကျွန်တော် ရန်ကုန်ရောက်နေလို့ပါ။ ခုမှပဲ ကျွန်တော်လည်း သတိရမိတော့တယ်။

ရန်ကုန်သွားတာ နန်းမုံကို နှုတ်မဆက်မိလို့ နန်းမုံများ စိတ်နာသွားမလား မသိဘူး။ ကျွန်တော်ဟာ နောက်ဆုံးကြိုးစားကြည့်တဲ့အနေနဲ့ ကျန်တဲ့မျက်စဉ်းကို ခပ်ပြီး အဲဒီညလည်း နန်းမုံကိုရှာဖို့ အမေနဲ့အတူ ထွက်ခဲ့ပြန်ပါတယ်။

မျက်စဉ်းကတော့ တစ်စက်မှ မကျန်အောင် ပြောင်





တလင်းခါသွားပါပြီ။

အဲဒီညမှာလည်း ညသန်းခေါင်သာ ကျော်သွားတယ်။ နန်းမုံကိုတော့ မတွေ့ခဲ့ရပါဘူး။

ကျွန်တော်ဟာ အမေ့ရင်ခွင်မှာ မျက်နှာအပ်ပြီး ရှိုက်ကြီးတငင် ငိုမိပါတော့တယ်။

'မငိုပါနဲ့ သားရယ်၊ ဒီဥစ္စာစောင့်မကို သံယောဇဉ် ဖြတ်လိုက်ပါတော့ဟယ်၊ သူကြင်မှ ကိုယ်ကြင်ပေါ့'

အမေ ချော့ပေမယ့် ကျွန်တော့်ဝေဒနာဟာ ဘယ်လိုမှ သက်သာမသွားပါဘူး။

နန်းမုံရယ်၊ ဘယ်များရောက်နေသလဲကွယ်...

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ ဒီမှတ်တမ်းကို ကျွန်တော် မရှိတော့တဲ့နောက် လူအများသိနိုင်အောင် ရေးသားထားခဲ့ပါတယ်။

ကျွန်တော် မရှိတော့တဲ့နောက်ဆိုတာက မကြာခင်မှာ ကျွန်တော်ဟာ ကျွန်တော့်ချစ်သူ ဥစ္စာစောင့်မလေး မြနန်းမုံနောက်ကို လိုက်သွားတော့မှာမို့ပါပဲ။ ကျွန်တော်ဟာ နန်းမုံနောက်ကို အသေထွက်နဲ့ လိုက်ရမလား၊ အရှင်ထွက်နဲ့ လိုက်ရမလားဆိုတာတော့ စဉ်းစားနေဆဲပါပဲ။ နန်းမုံနောက်ကို လိုက်ဖို့ရာမှာ နန်းမုံရဲ့ ဆန္ဒကလည်း အဓိကကျပါတယ်။ နန်းမုံက သူနဲ့ကျွန်တော် ပေါင်းရဖို့ကိစ္စကို ဘယ်လိုစီစဉ်မယ်ဆိုတာ ကျွန်တော် မသိနိုင်သေးပါဘူး။

အခု ဒီစာကို ရေးနေတဲ့အချိန်မှာ ကျွန်တော့်မျက်လုံးတွေဟာ မှုန်ဝါးဝါးပဲ မြင်ရတော့တယ်။ မကြာခင်မှာ ကျွန်တော့်မျက်လုံးတွေဟာ လုံးဝ ကွယ်သွားပါတော့မယ်။





မျက်မမြင် ဒုက္ခိတဘဝနဲ့ လူ့လောကမှာ အသက်ဆက်ရှင်နေမယ့်အတူတူ ကျွန်တော့်ချစ်သူရဲ့ သိုက်နန်းကို ကျွန်တော် လိုက်သွားပါတော့မယ်။

ခုတော့ ကျွန်တော်ဟာ နန်းမုံ လာဆက်သွယ်မယ့်အချိန်ကို မျှော်လင့်စောင့်စားနေရဆဲပါ။

ကျော်ကြီး (ခေါ်) မိုးကျော်သူ



www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာစိုးထိုက်၏ စုံစမ်းလေ့လာ တွေ့ရှိချက်များ

ဒေါက်တာစိုးထိုက်သည် ကျော်ကြီးခေါ် မိုးကျော်သူ၏ ကိုယ်ရေးမှတ်တမ်းကို ဖတ်ရှုသည်မှာ သုံးခေါက်ပင် ရှိခဲ့ပေပြီ။

ဒေါက်တာစိုးထိုက်သည် ကျော်ကြီး၏ မှတ်တမ်းကို စိတ်ဝင်စားစွာပင် ဖတ်ရှုခဲ့သည်။ မှတ်သားလောက်သည့်နေရာတွင် စာကြောင်းအောက်၌ မင်ဖြင့်တားကာ မှတ်သားထားလေသည်။

ဒေါက်တာစိုးထိုက်မှာ မနောဝိညာဉ် သုတေသီတစ်ဦး ဖြစ်သည်မို့ ကျော်ကြီး၏မှတ်တမ်းထဲမှ ဝိညာဉ် နာနာဘာဝဆိုင်ရာ ကိစ္စများကို စိတ်ဝင်စားမိလေသည်။

ဒေါက်တာစိုးထိုက်သည် အင်္ဂလန်နိုင်ငံရှိ ဗြိတိသျှမနော သုတေသန အသင်းကြီးတွင် အသင်းဝင်ထားသော မင်ဘာတစ်ဦးလည်း ဖြစ်ပေသည်။ ဒေါက်တာစိုးထိုက်သည် မြန်မာနိုင်ငံရှိ





မနောဝိညာဉ်ဆိုင်ရာ ကိစ္စရပ်များဖြစ်သော သရဲ၊ တစ္ဆေ၊ ဖုတ်၊ လူဝင်စား၊ အပမှီခြင်း၊ ပုဏ္ဏကတိုက်ခြင်း စသည့်ကိစ္စများကို ကိုယ်တိုင်သွားရောက်ကာ လေ့လာသုတေသန ပြုလေ့ရှိသူဖြစ်သည်။

မနောဝိညာဉ်ဆိုင်ရာ ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ယုံကြည်လောက်သော သက်သေသက္ခာယရှိပါက သက်သေဓာတ်ပုံ၊ ကာယကံရှင်တို့၏ ဝန်ခံချက်များနှင့်အတူ ဆောင်းပါးများ ရေးသားကာ အသင်းကြီးသို့ ပေးပို့လေ့ရှိသူဖြစ်သည်။

မနောသုတေသနအသင်းကြီးမှ ရိုက်နှိပ်ထုတ်ဝေသော စာစောင်များ၊ မဂ္ဂဇင်းများတွင် ဒေါက်တာစိုးထိုက် ရေးသားပေးပို့သော မြန်မာနိုင်ငံမှ ဖြစ်ရပ်မှန်ဆောင်းပါးများ မကြာခဏ ပါလာတတ်၍ ကမ္ဘာ့စာဖတ်ပရိသတ်အလယ်တွင် ထင်ပေါ်ကျော်ကြားသူတစ်ဦးလည်း ဖြစ်လေသည်။

ကျော်ကြီးခေါ် မိုးကျော်သူ၏မှတ်တမ်းမှာ ဒေါက်တာစိုးထိုက်အတွက် လေ့လာသုတေသနပြုသင့်သော အချက်အလက်မြောက်မြားစွာ ပါဝင်နေ၍ လေ့လာလိုက လေ့လာနိုင်ရန် မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါက်တာ တက်ထွဋ်ဆိုသူက ပေးပို့ခဲ့ခြင်းဖြစ်လေသည်။

ကျော်ကြီး၏ မှတ်တမ်းကို ဖတ်ရှုကြည့်ရာတွင် ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တာစိုးထိုက်အဖို့ များစွာ စိတ်ဝင်စားခြင်းဖြစ်ခဲ့ပြီး သုတေသနပြု လေ့လာကြည့်ရန်လည်း ဆုံးဖြတ်လိုက်လေသည်။

အမှန်တော့ ကျော်ကြီး၏ မှတ်တမ်းထဲတွင် ဒေါက်တာစိုးထိုက်ကိုယ်တိုင် ဇာတ်ကောင်တစ်ယောက်အဖြစ် ပါဝင်ပြီး ဖြစ်လေ၏။ မှတ်တမ်းရေးသားသူ ကျော်ကြီးကိုယ်တိုင်ပင် သူ၏ မှတ်တမ်းထဲ၌ ဒေါက်တာစိုးထိုက် တစ်ထောင့်တစ်နေရာမှ ပါဝင်နေကြောင်း သိရှိမည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ကျော်ကြီး ရေးသားထားသော ဒေါက်တာဖေသက်ကြည်၏ ခရစ္စမတ်ည ဧည့်ခံပွဲကို ဒေါက်တာစိုးထိုက်လည်း ဧည့်သည်တော်တစ်ယောက်အဖြစ် တက်ရောက်ခဲ့ဖူးသောကြောင့် ဖြစ်ပါ၏။ ဒေါက်တာဖေသက်ကြည်နှင့် ဒေါက်တာစိုးထိုက်မှာ မိတ်ဆွေများဖြစ်သည့်အားလျော်စွာ ခရစ္စမတ်ည ဧည့်ခံပွဲကို ဖိတ်ကြားခြင်း ခံခဲ့ရလေသည်။ မျက်စဉ်းစမ်းသပ်မှုတွင်လည်း ပါဝင်ခဲ့သူတစ်ဦးဖြစ်လေသည်။

ဒေါက်တာစိုးထိုက်သည် ကျော်ကြီး၏ မှတ်တမ်းကို ဖတ်ရှုရင်းမှ ခရစ္စမတ်ညက မျက်စဉ်းကို ကြိုတင်၍ အစမ်းခပ်ထားခဲ့သော လူငယ်လေးကို ပြန်လည် သတိရမြင်ယောင်လာမိသည်။

ယခုအခါ လူငယ်လေးသည် ဒေါက်တာဖေသက်ကြည်





၏ မျက်စဉ်းကို ခိုးယူသုံးစွဲခဲ့ခြင်းဖြင့် များစွာသော ထူးဆန်းအံ့ဩဖွယ်ကောင်းသည့် အတွေ့အကြုံများကို ရခဲ့ပါပြီကော။

ကျော်ကြီးသည် သူ၏ရင်ဖွင့်မှတ်တမ်းကို ဒေါက်တာတက်ထွန်းထံ ပေးပို့ထားခဲ့လေသည်။ ဒေါက်တာ တက်ထွန်းက မနောသုတေသီတစ်ဦးဖြစ်သော ဒေါက်တာစိုးထိုက် လေ့လာနေသည့် ဘာသာရပ်ဖြစ်သဖြင့် တစ်ဆင့် ပေးပို့ခဲ့ခြင်း ဖြစ်လေသည်။

ဒေါက်တာစိုးထိုက်သည် ကျော်ကြီး၏ မှတ်တမ်းကို သုံးခေါက်တိတိ အသေးစိတ် ဖတ်ရှုခဲ့ပြီးဖြစ်သည်။ သုတေသနပြုလေ့လာရန်လည်း ဆုံးဖြတ်ပြီးဖြစ်သည်။

ထို့ကြောင့် ကျော်ကြီးနှင့် ဆက်သွယ်နိုင်ရန် ဒေါက်တာတက်ထွန်းထံ စုံစမ်းရန်အတွက် ဒေါက်တာတက်ထွန်းထိုင်သည့် ကြည်ဆေးခန်းသို့ ဖုန်းဆက်ရန် ပြင်လိုက်၏။

ထိုစဉ် တယ်လီဖုန်းမြည်လာ၍ ဒေါက်တာစိုးထိုက်က ကောက်ကိုင်လိုက်သည်။

'ဟယ်လို၊ ဒေါက်တာစိုးထိုက် စကားပြောနေပါတယ်'

'ဆရာကြီး၊ ကျွန်တော် တက်ထွန်းပါ'

'အလို... အခန့်သင့်လိုက်လေ၊ ဆရာကြီးလည်း မောင်တက်ထွန်းဆီ ဖုန်းဆက်ဖို့ ပြင်နေတာကွဲ့'

'ကျော်ကြီးရဲ့ မှတ်တမ်းကို ဖတ်ပြီးပြီလား ဆရာကြီး'



www.burmeseclassic.com

www.burmeseclassic.com



'ပြီးပါပြီကွယ်၊ အဲဒီအကြောင်း ပြောပြချင်လို့ပါ၊ ဆရာကြီး ဒီအမှုတွဲကို လေ့လာချင်တယ်ကွဲ့၊ မောင်ကျော်ကြီးတို့မြို့ကို သွားတွေ့ချင်လို့ မောင်တက်ထွန်းဆီ ဆက်သွယ်မလို့ပဲ'

'ဒါဖြင့် အတော်ပဲ ဆရာကြီး၊ ကျွန်တော်လည်း မနက်ဖြန်ပဲ ကျော်ကြီးဆီကို သွားမလို့ပါ'

'ဟော'

'ဒီလိုလေ၊ အောဘစ်အဖွဲ့ မြန်မာပြည်ကို ရောက်နေတယ် ဆရာကြီး၊ ကျော်ကြီးကို အောဘစ်မှာ ပြကြည့်ပေးဖို့ သွားခေါ်မလို့ပါ'

အောဘစ်အဖွဲ့ဆိုသည်မှာ မျက်စိကု ဆရာဝန်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့တစ်ခု ဖြစ်သည်။ လေယာဉ်ပျံပေါ်တွင် ဆေးခန်းဖွင့်ထားပြီး ယင်းလေယာဉ်ဖြင့်ပင် ကမ္ဘာအနှံ့သို့ လိုက်လံဆေးကုပေးနေသောအဖွဲ့ ဖြစ်ပါသည်။

'မောင်ကျော်ကြီးရဲ့ နောက်ဆုံး အခြေအနေက ဘယ်လိုလဲကွဲ့'

'လုံးဝ မျက်စိကွယ်သွားပါပြီ ဆရာကြီး'

'ဖြစ်ရလေကွယ်'

'သူ့မှတ်တမ်းကို ဆရာကြီး ဘယ်လိုယူဆပါသလဲ ဆရာကြီး'





'မှတ်တမ်းထဲက မျက်စဉ်းရဲ့ စွမ်းအင်ကတော့ ဖြစ်လောက်ပါတယ်၊ ဆရာကြီးရော မောင်တက်ထွန်းရော ကိုယ်တိုင် ခပ်ကြည့်ခဲ့ဖူးတာပဲ၊ ဆရာကြီး စိတ်ဝင်စားတာက နာနုဘာဝနဲ့ ပတ်သက်တဲ့ ကိစ္စတွေပဲ'

'ချစ်တီးသရဲနဲ့ တွေ့တဲ့အကြောင်းတွေ၊ ဥစ္စာစောင့်မနဲ့ ကြိုက်တယ်ဆိုတဲ့ အကြောင်းတွေဟာ ဖြစ်နိုင်ပါ့မလား ဆရာကြီး'

'ဒါကိုတော့ မောင်ကျော်ကြီးနဲ့တွေ့မေးပြီး သက်ဆိုင်ရာ နေရာတွေအထိ လိုက်လေ့လာကြည့်ပြီးမှ ပြောနိုင်မှာပဲ မောင်တက်ထွန်း'

'ဒါဆိုရင် ဆရာကြီး မနက်ဖြန် တစ်ခါတည်း လိုက်နိုင်မလား'

'လိုက်နိုင်ပါတယ် မောင်တက်ထွန်း'

'ဒါဖြင့် ရထားလက်မှတ်ကို နှစ်ယောက်စာ စီစဉ်လိုက်တော့မယ် ဆရာကြီး၊ မနက်ဖြန် ညရထားနဲ့ သွားကြတာပေါ့၊ ဘူတာအဆင်းကို ကျွန်တော် ဝင်ကြိုပါ့မယ်၊ ဆရာကြီး ပြင်ဆင်ထားပါ'

'ကျေးဇူးတင်လိုက်တာကွယ်'

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ မနက်ခင်းတွင် ဒေါက်တာစိုးထိုက်နှင့် ဒေါက်တာတက်ထွန်းတို့ ကျော်ကြီးတို့ မြို့သို့ ရောက်ရှိသွားလေသည်။

တည်းခိုခန်းတစ်ခုတွင် တည်းခိုကာ ခေတ္တအနားယူပြီး နောက် ဈေးအနီးရှိ ကျော်ကြီးနေထိုင်ရာအိမ်သို့ ထွက်ခဲ့ကြလေ၏။

ကျော်ကြီးအိမ်သို့ ရောက်သည့်အခါ မျက်မှန်ဆိုင်ကို ပိတ်သိမ်းထားသည်ကို တွေ့ရလေ၏။

ကျော်ကြီး မိခင်ဒေါ်အေးကြည်ကို အိမ်ရှေ့၌ အခန့်သင့်ပင် တွေ့ရလေသည်။

'ဟယ်… ဆရာလေးပါလား၊ လာပါ… ဝင်ပါ ဆရာလေး၊ သား… ကျော်ကြီးရေ၊ ဟောဒီမှာ ရန်ကုန်က မျက်စိဆရာဝန်လေး လာလည်တယ်ဟေ့'

ဒေါ်အေးကြည်က အိမ်အတွင်းဘက်သို့ လှည့်အော်လိုက်သည်။





'အလည်လာတာလား ဆရာလေး'

'ကျော်ကြီးကို နိုင်ငံခြားကလာတဲ့ မျက်စိဆရာဝန်တွေနဲ့ ပြပေးဖို့ လာခေါ်လာတာပါ'

'ဟယ်… ကျေးဇူးတင်လိုက်တာ ဆရာလေးရယ်'

အိမ်နောက်ခန်းမှ ကျော်ကြီး ထွက်လာသည်။ အိမ်နံရံကို လက်နှင့်စမ်းကာ တရွေ့ရွေ့ လျှောက်လာနေပေ၏။ မျက်စိကား လုံးလုံးကွယ်သွားလေပြီ။

'ဆရာ၊ ကျွန်တော့်ဆီ လာလည်တယ်ပေါ့'

'ဟုတ်တယ် ကျော်ကြီး၊ မင်းကို နိုင်ငံခြားက ဆရာဝန်တွေနဲ့ ပြပေးမလို့၊ ရန်ကုန်ကို ကိုယ်နဲ့အတူ လိုက်ခဲ့ပေတော့၊ မနက်ဖြန် ကိုယ်ပြန်မယ်၊ ဟောဒီမှာ မင်းအတွေ့အကြုံတွေကို လေ့လာချင်လို့ ဒေါက်တာစိုးထိုက်ဆိုတဲ့ ဆရာဝန်ကြီးတစ်ယောက် ပါလာတယ်၊ ဆရာကြီးက နာနာဘာဝတွေနဲ့ ပတ်သက်ပြီး သုတေသနပြုနေတဲ့ ဆရာကြီးတစ်ယောက်ပဲ'

'ဟင်… ဟုတ်လား၊ ဒါဆို နန်းမုံကို တွေ့အောင်ရှာပေးနိုင်မှာလားဟင်'

'အဲဒီလို အောက်လမ်းဆရာမျိုး မဟုတ်ဘူးကွဲ့၊ သုတေသနပြုတဲ့ သိပ္ပံသမားတစ်ယောက်ပါ'

'ဪ… ပြောသာ ပြောရတာပါ ဆရာရယ်၊ နန်းမုံ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော် ပြန်တွေ့နေရပါပြီ ဆရာ'

'ဟင်… ဘယ်မှာတွေ့တာလဲ'

'အိပ်မက်ထဲမှာလေ ဆရာ၊ နန်းမုံက ကျွန်တော့်ကို ညတိုင်း အိပ်မက်လာပေးတယ် ဆရာရဲ့'

ဒေါက်တာ တက်ထွန်းနှင့် ဒေါက်တာစိုးထိုက်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

'အိပ်မက်ထဲမှာ မြနန်းမုံက ဘာတွေပြောသလဲကွ'

'သူ သူ့သိုက်ကို ပြန်ရောက်နေပြီတဲ့ ဆရာ၊ ကျွန်တော့်ကို မျက်စိပြန်မြင်အောင်သာ ကုပေးပါဆရာ၊ မျက်စိမြင်ရင် နန်းမုံတို့ သိုက်ရှိတဲ့ နေရာကို ကျွန်တော် လိုက်ရှာမယ် ဆရာ'

'နန်းမုံက သိုက်ကို ပြန်ရောက်နေပြီလို့ မင်းကို အိပ်မက်ပေးတယ်ဆို၊ သူ့သိုက် ဘယ်မှာရှိတယ်ဆိုတာကျ မပြောဘူးလားကွ'

'အဲဒီလို ပြောခွင့်မရှိဘူး ဆရာရဲ့၊ ကျွန်တော့်ဟာ ကျွန်တော် လိုက်ရှာပါ့မယ် ဆရာ၊ ရေတံခွန်ရှိတဲ့မြို့တွေကို ကျွန်တော် သွားမယ်၊ ကျောက်မောင်းတံလေးကိုတွေ့ရင် သူတို့ သိုက်ထဲ ရောက်ပြီပဲ၊ ကျွန်တော့်ကို မျက်စိပြန်မြင်အောင်သာ လုပ်ပေးပါ ဆရာ'

'ကံကောင်းရင် ပြန်မြင်ရမှာပေါ့ ကျော်ကြီးရယ်'





ကျော်ကြီး၏ ပြောစကားများမှာ ရှေ့နောက် မညီညွတ်တော့ချေ။ ကျော်ကြီးစိတ်များမှာ မူမှန်မဟုတ်တော့ကြောင်း သိသာလှပေ၏။

ကျော်ကြီးနှင့် ဒေါက်တာတက်ထွန်း စကားပြောနေစဉ်တွင် ဒေါက်တာစိုးထိုက်က ဒေါ်အေးကြည်ကို မျက်ရိပ်ပြ ခေါ်ယူလိုက်ကာ နောက်ဖေးခန်းသို့ ထွက်ခဲ့လေသည်။

မီးဖိုခန်းထဲတွင် ဒေါက်တာစိုးထိုက်က ဒေါ်အေးကြည်နှင့် စကားပြောကြည့်သည်။

'အစ်မကြီးရဲ့သား အခြေအနေက ဘယ်လိုလဲ'

'သူ့ရည်းစားက ဥစ္စာစောင့်မ ဆရာကြီးရဲ့'

'မောင်ကျော်ကြီးရဲ့ ရည်းစားဟာ ဥစ္စာစောင့်ဆိုတာ အစ်မကြီးကိုယ်တိုင် မြင်ဖူးလို့လား'

'ကျွန်မတို့က ရိုးရိုးလူသားတွေ၊ ဘယ်မြင်မလဲ ဆရာကြီး၊ သူကိုယ်ထင်ပြမှသာ မြင်နိုင်မှာပေါ့'

'မောင်ကျော်ကြီးက သူ့ရည်းစားဟာ ဥစ္စာစောင့်ဆိုတာနဲ့ အစ်မကြီးက ယုံလိုက်တာပဲလား'

'ယုံတယ်လေ ဆရာကြီး၊ မယုံလို့ဖြစ်မလား၊ သူ ခဏလေးနဲ့ ကြီးပွားချမ်းသာလာတာ ကြည့်လေ၊ သူ့ဥစ္စာစောင့်မကို ရွှေမကျည်းသီးတောင့်တွေ ပေးနေလို့ ဖြစ်မှာပေါ့၊ ကျွန်မတို့သာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးပြောတာ၊ ကျွန်မသား အစွမ်းအစ ကျွန်မ သိတာပေါ့၊ သူလား ဒီလောက်များတဲ့ ပက်ဆပ်တွေရှာနိုင်မှာ၊ ဥစ္စာစောင့်မ ပေးတဲ့ ရွှေတွေငွေတွေပါရှင်'

'အစ်မကြီးကတော့ မမြင်ရဘဲ ကျော်ကြီးက ဘာလို့ ဥစ္စာစောင့်ကို မြင်နိုင်ရတာလဲ အစ်မကြီး'

'ဒါတော့ သူတို့ရေစက်ပေါ့တော်၊ ဥစ္စာစောင့်မကလည်း သူကြိုက်တော့ ကိုယ်ထင်ပြမယ်၊ သူကလည်း နတ်မျက်စဉ်းတွေ သုံးသလေ'

'နတ်မျက်စဉ်း'

'ကျွန်မတို့ရွာက ဆရာကြီး ဒေါက်တာ ဖေသက်ကြည် ထွင်တဲ့ မျက်စဉ်းပါ၊ ကျွန်မကတော့ နတ်မျက်စဉ်းလို့ပဲ ခေါ်တယ်၊ ခပ်လိုက်ရင် အရာရာကို ဖောက်မြင်ရတယ်ဆိုတော့ နတ်မျက်စိ ရသလိုပေါ့တော်၊ နတ်မျက်စဉ်းခပ်ထားတော့ ဥစ္စာစောင့်မ မြင်ရတော့တာပေါ့၊ ဘာဆန်းသလဲ'

ဒေါ်အေးကြည်နှင့် စကားပြောကြည့်ရာမှ ဒေါ်အေးကြည် မှာ စာပေမတတ်သော ရှေးရိုးဆန်၍ ရိုးရာ အစွဲအလမ်းကြီးမား သော မိန်းမတစ်ဦးဖြစ်ကြောင်း သိလိုက်ရသည်။

ဒေါ်အေးကြည်နှင့် စကားပြောဆိုပြီး၍ ဒေါက်တာစိုး ထိုက် အိမ်ရှေ့သို့ထွက်လာသည့်အခါ ကျော်ကြီးနှင့် ဒေါက်တာ





တက်ထွန်းမှာ စကားပြောနေကြဆဲ ဖြစ်သည်။

ဒေါက်တာစိုးထိုက်ကိုမြင်၍ ဒေါက်တာတက်ထွန်းက ကျော်ကြီးနှင့် စကားဖြတ်လိုက်၏။

'ကျော်ကြီး၊ ဆရာကြီးက မင်း နန်းမုံနဲ့ တွေ့တဲ့စေတီ လေးကို သွားလေ့လာချင်တယ်တဲ့၊ ချစ်တီးတိုက်ကြီးကိုလည်း လေ့လာလိမ့်မယ်၊ ဘယ်နေရာမှာရှိတယ်ဆိုတာ ပြောပြလိုက်ပါဦး'

'နှစ်ခုစလုံး မြို့အပြင်ဘက်မှာပါ ဆရာကြီး၊ ချစ်တီးတိုက် က တောင်ဘက်အထွက်မှာပါ၊ လွမ်းစေတီလေးနားက မြို့အရှေ့ ဘက်အထွက်မှာ ရှိပါတယ်၊ ဆရာတို့ ကားငှားသွားလိုက်ပါ၊ ကားသမားတွေ သိပါတယ်'

'ကဲ… ဒါဆိုရင် တို့ပြန်မယ် ကျော်ကြီး၊ မနက်ဖြန် ရထားနဲ့ ရန်ကုန်ကို သွားကြစို့၊ ကိုယ် ဝင်ခေါ်လိုက်မယ်၊ အဆင် သင့်လုပ်ထားပေတော့'

'ဟုတ်ကဲ့ပါဆရာ၊ ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန် တော် နန်းမုံတို့သိုက်ကို ရောက်တဲ့အခါကျမှ ဆရာတို့နှစ်ယောက် စလုံးအတွက် ရွှေလက်ဆုပ်စာစီ ယူပေးပါ့မယ် ဆရာ'

အိမ်ပြင်သို့ ရောက်သည့်အခါ–

'ကျော်ကြီးအခြေအနေက ဘယ်လိုလဲကွဲ့'

ဒေါက်တာစိုးထိုက်က မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ပုံမှန် မဟုတ်တော့ဘူး ဆရာကြီး၊ စိတ်ဂယောက်ဂယက်ဖြစ်နေပြီ'

✦ ✦ ✦



ဈေးထိပ်တွင် အငှားကားတစ်စီးတွေ့သည်နှင့် ချစ်တီးတိုက်ကြီးအားသိ၊ မသိမေးကြည့်ရာ ကားသမားက သိသည်ဆို၍ ထိုလေးဘီးကားလေးကိုပင် ငှားလိုက်လေသည်။

ဒေါက်တာစိုးထိုက်က ရှေ့ခန်းတွင် ဒရိုင်ဘာဘေး၌ ထိုင်၍ ဒေါက်တာ တက်ထွဋ်က နောက်ခန်း၌ထိုင်ကာ လိုက်ပါလာခဲ့ကြ၏။

ဒေါက်တာစိုးထိုက်က ချစ်တီးတိုက်ကြီးနှင့် ပတ်သက်၍ ဒရိုင်ဘာထံ စုံစမ်းမေးမြန်းခဲ့လေသည်။

'မောင်ရင်က ဒီမြို့ကပဲလားကွဲ့'

'ဟုတ်ပါတယ် ဆရာကြီး'

'နာမည် ဘယ်လိုခေါ်ပါလိမ့်'

'မောင်လွင်ပါ ဆရာကြီး'

'အခုသွားမယ့် ချစ်တီးတိုက်ကြီးကို သိသလားကွဲ့'



www.burmeseclassic.com

www.burmeseclassic.com



'သိပါတယ်၊ ရောက်လည်း ရောက်ဖူးပါတယ်၊ ကျွန်တော်တို့ငယ်ငယ်က ကျောင်းလစ်ပြီးရင် ချစ်တီးတိုက်ပျက်ကြီးထဲပဲ သွားဆော့ကြတာ ဆရာကြီး'

'ဟင်··· ချစ်တီးတိုက်ကြီးမှာ သရဲခြောက်တယ်ဆို၊ မဟုတ်လားကွဲ့'

'ကြံကြံဖန်ဖန် ဆရာကြီးရယ်၊ ဘယ်က သရဲရှိရမှာလဲ၊ လူတွေက တွေ့ကရာ လျှောက်ပြောနေတာပါ'

'ချစ်တီးကြီးက ပစ္စည်းတွေ မြေကြီးထဲ မြှုပ်ခဲ့တယ်ဆိုတာကရောကွယ်'

'အဲဒါလည်း လူတွေပြောကြတာပဲ ဆရာကြီး၊ ရှာတဲ့လူတွေကလည်း ရှာတာပဲ၊ တွေ့တယ်လို့ မကြားမိပါဘူး'

ကားကလေးသည် ချစ်တီး တိုက်ပျက်ကြီးထဲ ရောက်လာလေသည်။

'ဆင်းပါ ဆရာကြီး၊ ကျွန်တော် တိုက်ပျက်ကြီးထဲ လိုက်ပြပါ့မယ်'

မောင်လွင်က ဒေါက်တာစိုးထိုက်တို့ နှစ်ယောက်ကို ဦးဆောင်ကာ ခြံကြီးထဲသို့ ဝင်သွားလေသည်။ ခြံမှာ အတော်ကျယ်ဝန်းပြီး ခြံအလယ်တည့်တည့်၌ ထူထဲသော အုတ်နံရံများဖြင့် ဆောက်ထားသည့် တိုက်ကြီးကို တွေ့ရလေသည်။ တိုက်ကြီးမှာ





အတော်ပျက်စီး ယိုယွင်းနေကာ ယိုင်၍ပင်နေပေပြီ။

'လာ··· ဆရာတို့၊ ကျွန်တော်တို့ ငယ်ငယ်ကကျောင်းလစ်ပြီး ဒီမှာလာ ဆီးသီးခူးစားနေကျ'

မောင်လွင်က ခြံနောက်ဘက်ရှိ ဆီးပင်ကြီးများကို လက်ညှိုးထိုးပြရင်း ပြောသည်။

တိုက်ပျက်ကြီးထဲသို့ ဝင်လိုက်ရာ သံမံတလင်း မရှိတော့ဘဲ မြေကြီးများမှာ မွစာကြဲနေသည်ကို တွေ့ရသည်။

မြေကြွက်များက လူဝင်လာ၍ တွင်းပေါက်များအတွင်းသို့ ပြေးဝင်သွားကြသည်။ တွင်းထဲရောက်မှ ခေါင်းပြူ၍ကြည့်သည့် အကောင်က ကြည့်နေကြ၏။

'ဘာသရဲမှမရှိပါဘူး ဆရာကြီးရယ်'

မောင်လွင်က သရဲအကြောင်း မေးခဲ့သော ဒေါက်တာစိုးထိုက်ကို လှောင်သလို ပြောလိုက်သည်။

'အင်း··· လူမလာတာ ကြာတဲ့နေရာမျိုးဆိုတော့ သရဲရှိသယောင် လူတွေက ပြောကြတာထင်ပါရဲ့'

ဒေါက်တာတက်ထွန်းက အလိုက်သင့် ဝင်ပြောလိုက်သည်။

မောင်လွင်က ရယ်မောလိုက်သည်။

'လူမလာတာ မကြာပါဘူး ဆရာတို့ရဲ့၊ နေ့တိုင်း လူတွေ



www.burmeseclassic.com

www.burmeseclassic.com



လာကြတယ်၊ ကျွန်တော် ကိုယ်တိုင်တောင် လိုက်လိုက်ပို့ရသေး'

'ဟင်'

'ကျွန်တော်က ကားသမားဆိုတော့ အကုန်သိနေတယ် ဆရာ၊ ဒီနေရာဟာ အတွဲတွေအတွက် ချိန်းတွေ့လို့ သိပ်ကောင်းတဲ့ နေရာပေါ့၊ အကြံအဖန် စုံတွဲတွေလေ'

'သြော်…'

'နေ့လယ်နေ့ခင်း လူတွေ ဝင်ထွက်နေတာပါပဲ၊ ပိုင်ရှင် မရှိတော့ နောက်ဖေးက ဆီးပင်တွေက ဆီးသီးတွေကို လာခူးရောင်း တဲ့သူတွေရှိတယ်ဆရာ'

ဒေါက်တာစိုးထိုက်နှင့် ဒေါက်တာ တက်ထွန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိပြန်သည်။

ဒေါက်တာ စိုးထိုက်က အိမ်အနှံ့လိုက်ကြည့်ရာ မည်သည့်ထူးခြားချက်မှ မတွေ့ရချေ။

'ကဲ… ပြန်ကြပါစို့ကွယ်'

* * *

အပြန်လမ်းတွင် မောင်လွင့်ကို ဘူတာရုံသို့ မောင်းခိုင်းပြီး မနက်ဖြန်အတွက် ရထားလက်မှတ် ဝင်ဝယ်လိုက်သည်။ နံနက် ကိုးနာရီရောက်ရှိမည့် ရန်ကုန်-မန္တလေး ရထားအား ဤ





ဘူတာမှ စောင့်၍စီးရပေမည်။ ဒေါက်တာ တက်ထွန်းနှင့် ကျော်ကြီးအတွက် လက်မှတ်နှစ်စောင် ဝယ်လိုက်၏။ ဒေါက်တာစိုးထိုက်က လေ့လာစရာများ လေ့လာရန် ကျန်နေခဲ့ဦးမည်ဖြစ်သည်။

ထို့နောက် မောင်လွင့်ကိုပါ ခေါ်၍ ထမင်းဆိုင်တစ်ဆိုင်၌ ထမင်းစားသောက်ကြသည်။

လွှမ်းစေတီလေးသို့ ညနေမှသွားကြည့်ရန် မောင်လွင့်ကားကိုပင် မှာထားလိုက်ပြီး တည်းခိုခန်းသို့ ပြန်ခဲ့ကြလေသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

ညနေခြောက်နာရီအချိန်ခန့်တွင် စေတီလေးရှိရာသို့ ရောက်ရှိခဲ့ကြသည်။

ရွာသို့သွားရာလမ်းမှ မြေလမ်းလေးအတိုင်း ဖဲ့ဆင်းအသွားတွင် တောင်ကမူလေးပေါ်၌ တည်ထားသော ထုံးဖွေးဖွေးစေတီကလေး ဖြစ်သည်။ မြန်မာလူမျိုးများ ထုံးစံအတိုင်း လွှမ်းမောဖွယ်ရှုခင်းလေးကို အစွဲပြု၍ လွှမ်းစေတီဟု အလွယ်တကူခေါ်ကြဟန် တူပါ၏။

စေတီအနီးတွင် 'အတုလမာရဇိန်စေတီ'ဟု သံပြားဆိုင်းဘုတ်တစ်ခု ထောင်ထားသည်ကို တွေ့ရသည်။ စေတီတွင် တန်ဆောင်း၊ အမိုးများ မရှိပါ။ တောင်ကမူလေးပေါ်တွင် စေတီချည်းတည်ထားခြင်း ဖြစ်ပါ၏။

ဒေါက်တာ စိုးထိုက်တို့က စေတီနှင့် အနီးပတ်ဝန်းကျင်နှံ့စပ်အောင် လိုက်၍ကြည့်ကြသည်။ စေတီအနီးပတ်ဝန်းကျင်တွင်





ခိုအောင်းပုန်းကွယ်လောက်စရာ လျှို့မြောင်၊ ဂူ၊ အဆောက်အဦများ မရှိချေ။ ကျော်ကြီး၏ မှတ်တမ်းများအရ မြနန်းမုံသည် စေတီနောက်ဘက် တောတန်းကလေးထဲသို့ ဝင်သွားသည်ဟုပါ၏။

ဒေါက်တာစိုးထိုက်တို့ တောတန်းအစပ်ထိ သွားကြည့်ရာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြဟန်တူသော ခြံကျယ်ကြီးများကို တွေ့ရလေသည်။ ခြံကြီးများမှာ ကျယ်ဝန်း၍ လူနေကျဲပါးတိတ်ဆိတ်လှသည်။

ဆောင်းရာသီဖြစ်၍ မကြာမီ မှောင်သွား၏။

ဒေါက်တာစိုးထိုက်က တောတန်းလေးအတွင်းမှ ခြံများသို့ မနက်ဖြန်မှ ဆက်၍ လေ့လာရန် မှတ်သားထားလိုက်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင် မောင်လွှင့်ကားနှင့်ပင် ကျော်ကြီးကို အိမ်တွင်ဝင်ခေါ်ကာ ဒေါက်တာတင်ထွဋ်အား ဘူတာသို့ လိုက်ပို့လိုက်သည်။

ဒေါက်တာစိုးထိုက်ကတော့ မြနန်းမုံကိစ္စစုံစမ်းရန် တစ်ရက် နှစ်ရက်တန်သည်ဆက်၍ နေခဲ့ဦးမည် ဖြစ်သည်။

ရထားဘူတာမှ ထွက်အသွားတွင် ထမင်းစားသောက်ပြီး မောင်လွှင့်ကို လွမ်းစေတီလေးရှိရာသို့ လိုက်ပို့ခိုင်းလိုက်၏။

'ကဲ… မောင်လွှင့်၊ ဆရာ့ကို ဒီမှာထားခဲ့ပေတော့၊ နေ့လယ် (၂)နာရီလောက်မှ လာကြိုပေတော့'

'ဖြစ်ပါ့မလား ဆရာ၊ ကျွန်တော် စောင့်ပေးပါ့မယ်'

'ရပါတယ်ကွယ်၊ မောင့်လွှင့်အတွက် အချိန်ကုန်ပါတယ်၊ ဝင်ငွေရအောင် ထွက်မောင်းလိုက်ပါဦး၊ ဆရာ ဒီနားမှာ လျှောက်စုံစမ်းကြည့်လိုက်ဦးမယ်၊ နေ့လယ်ခင်းမှ စေတီခြေရင်းကို လာကြိုပေတော့'





ဒေါက်တာစိုးထိုက်က တစ်ယောက်တည်း စေတီနောက်ဘက် တောတန်းလေးဆီသို့ ဝင်ခဲ့၏။ စေတီနောက်ဘက်မှာ ဥယျာဉ်လုပ်ကိုင် စားသောက်သူများ၏ ခြံများဖြစ်ကာ ခြံကျယ်ကြီးများအတွင်း၌ လူနေအိမ် ခပ်ငယ်ငယ်များကိုသာ ကြိုကြား တွေ့ရလေသည်။

ဒေါက်တာ စိုးထိုက်သည် မညီညာသော မြေလမ်းလေးအတိုင်း လျှောက်လာရာ ခြံတစ်ခုအတွင်း၌ ထင်းခွဲနေသော အဘွားအိုတစ်ဦးကိုတွေ့၍ ခွင့်တောင်းပြီး ဝင်သွားလေသည်။

'အမေကြီး တစ်ယောက်တည်းလား၊ ခုမှ ထမင်းချက်မှာလား၊ နေမြင့်ပါပကော'

ဒေါက်တာစိုးထိုက်က အမယ်အိုကို ရင်းနှီးဟန် စကားရောကာ အနီးသို့ လျှောက်သွားလိုက်သည်။ အမယ်အိုက ထင်းခွဲနေသည်ကိုရပ်ပြီး ဒေါက်တာစိုးထိုက်ကို မော်ကြည့်၏။

'တို့တော့ နေမြင့်မှ ထမင်းစားတာ ထုံးစံပဲမောင်ရင်'

'အမေကြီး တစ်ယောက်တည်းလား၊ တခြား အိမ်သားတွေရော'

'သားနှစ်ယောက်က ဆီးသီးခူးနေသကွဲ့'

'ဩော်… ဒီအချိန်က ဆီးသီး,သီးချိန်ကိုး၊ ဆီးသီးက ဘယ်မှာ သွားရောင်းရတာလဲ အမေကြီး'



www.burmeseclassic.com

www.burmeseclassic.com



'စုထားပြီး မြို့ထဲက ပွဲရုံသွင်းတာပါပဲကွယ်၊ အနို့… မောင်ရင်က ဘယ်ကလာတာတုန်း၊ ဘယ်သွားမလို့တုန်း'

'ရန်ကုန်က ဧည့်သည်ပါ အမေကြီး၊ ဘုရားဖူးလာရင်း လျှောက်ကြည့်တာပါ'

'ဩော်… ဩော်… ဒီနားဖြင့် ကြည့်စရာ ရှုစရာ ဘာမှမရှိပေါင်ကွယ်'

'ကျွန်တော်တို့လို မြို့ကြီးသားတွေအတွက်တော့ ကျေးလက်ရှုခင်းဟာ အမြင်ဆန်းပါတယ် အမေကြီး'

'အလို… ဟုတ်လား၊ တို့များတော့ တစ်နေကုန် လုပ်ရကိုင်ရနဲ့ ကိုယ့်အရပ်ကိုယ် လှသလား မလှသလားတောင် မကြည့်အားပေါင်ကွယ်၊ ဟော… ဟော၊ မင်းတို့ရန်ကုန်တော့ မသေခင် တစ်ခေါက်ရောက်ချင်သားဟဲ့၊ ရွှေတိဂုံဘုရားကြီး ဖူးချင်လို့'

'အမေကြီးက ရန်ကုန်မရောက်ဖူးဘူးလား၊ ဒါနဲ့ အမေကြီး၊ ဟောဟိုစေတီလေးမှာ ဥစ္စာစောင့်ရှိတယ်လို့များ ကြားမိသလား'

'အလို… ကြားဖူးပေါင်ကွယ်'

'ဒီနားမှာ ဥစ္စာစောင့် သိုက်တွေဘာတွေရှိတယ်လို့ရော ကြားဖူးသလား'

'ကြံကြီးစည်ရာတော်၊ မောင်ရင်က သိုက်ဆရာလား၊





သိုက်တူးမလို့လား'

'မဟုတ်ပါဘူး အမေကြီးရယ်၊ မေးကြည့်တာပါ၊ တောထဲက စေတီတွေ ဘာတွေမှာ ဥစ္စာစောင့်တွေ ဘာတွေရှိတတ်တယ် ကြားဖူးလို့ပါ'

'ဒါတွေက ယုံတမ်းစကားတွေပါ မောင်ရင်၊ အမေတော့ ဒါမျိုးတွေ ယုံလည်းမယုံဘူး၊ ကြောက်လည်း မကြောက်ဘူး'

'ကျွန်တော်လည်း စာထဲဖတ်ဖူးလို့ မေးကြည့်တာပါလေ၊ ဒါနဲ့ ဒီနားမှာ စောင်းတီးတဲ့ မိန်းကလေး ခပ်ငယ်ငယ်ရော တွေ့မိသလားဗျ'

'ဟော့အေး၊ ငါတို့က မနက်စောစော ခြံကိုအလုပ်လာ လုပ်ပြီး ညနေစောင်းတော့ ပြန်တာပ'

'ဒီမှာနေတာ မဟုတ်ဘူးလား'

'နေတော့ မြို့ထဲမှာနေတယ်ကွဲ့'

'ခြံကို ဒီတိုင်းထားခဲ့တော့ လူခိုးမကုန်ဘူးလား အမေကြီးရဲ့'

'မခိုးပေါင်ကွယ်၊ ခိုးစရာလည်း မလိုပါဘူး၊ ဒီလိုပဲ ထားကြတာပဲ'

ဒေါက်တာ စိုးထိုက် စုံစမ်းမေးမြန်းသော်လည်း အသွား အိုထံမှ သဲလွန်စ တစ်စုံတစ်ရာမှ မရလိုက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



'သွားပါဦးမယ် အမေကြီး'

'ဟဲ့… ရေနွေးကြမ်းလေး သောက်သွားဦးလေကွယ်'

'မသောက်တော့ပါဘူး အမေကြီး၊ ဟိုဘက်နားလျှောက်ကြည့်လိုက်ပါဦးမယ်'

* * *

ဒေါက်တာစိုးထိုက်က အဘွားအို၏ ခြံမှထွက်လာ၍ လမ်းသာသော မြေလမ်းအတိုင်း တောင်ဘက်သို့ ဆက်လျှောက်လာလိုက်သည်။

ခြံများမှာ ကျယ်ဝန်းပြီး အချို့ခြံများထဲ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသော လူတချို့ကို တွေ့သော်လည်း အလုပ်လုပ်နေချိန်ဖြစ်၍ မေးမြန်းမနေတော့ချေ။

ဆက်လျှောက်လာရာ တစ်နေရာတွင် ဖျင်လွယ်အိတ်ကြီးတစ်လုံးကိုလွယ်၍ လာနေသော အဘိုးအိုတစ်ဦးကို တွေ့လိုက်ရလေသည်။

အဘိုးအိုမှာ သျှောင်ထုံးကြီးနှင့်ဖြစ်ပြီး ဖျင်ကြမ်းတိုက်ပုံအင်္ကျီကြီးကို ဝတ်ဆင်ထားလေသည်။ အဘိုးကြီးက ဒေါက်တာစိုးထိုက်နှင့် မျက်နှာချင်းဆိုင်လျှောက်လာပြီး ဒေါက်တာစိုးထိုက်ကို ကျော်ဖြတ်သွားသည်။





အဘိုးအိုသည် လူစိမ်းဖြစ်သော ဒေါက်တာစိုးထိုက်ကို စူးစမ်းသလို၊ မနှစ်သက်သလို အကြည့်မျိုးဖြင့် ပေစောင်းစောင်းကြည့်သွားလေသည်။

ဒေါက်တာစိုးထိုက်သည် အဘိုးအို၏ သွင်ပြင်ကိုကြည့်၍ ကျော်ကြီး၏ မှတ်တမ်းထဲတွင် ရေးသားထားသည့်အချက်များကို သွား၍ သတိရလိုက်သည်။

သိုက်ဆရာကြီး၊

သိုက်ဆရာကြီးမှာ သျှောင်ထုံးနှင့်ဖြစ်ပြီး ဖျင်ကြမ်းတိုက်ပုံကို ဝတ်ဆင်ထားကာ ဆေးကြိမ်လုံးကို လက်မှကိုင်ထားသည်ဟု ကျော်ကြီးက ဖော်ပြထားလေသည်။ ကျော်ကြီးသည် သိုက်ဆရာကြီးကို မြစ်နှမ်းမှုံ မသိအောင် ချောင်းကြည့်စဉ်က တစ်ခါ၊ ဆေးကြိမ်လုံးနှင့် အရိုက်ခံရစဉ်က တစ်ခါ မြင်ခဲ့ဖူးသည်။

ဒေါက်တာစိုးထိုက်သည် သူ့ကို လွန်သွားသော အဘိုးအိုကို လည်ပြန်လှည့်ကြည့်လိုက်၏။ အဘိုးအို၏ လက်ထဲတွင် ကြိမ်လုံးကြီးတစ်ချောင်းကို ကိုင်ထားလေသည်။

'အဘ… အဘ'

ဒေါက်တာ စိုးထိုက်က သိုက်ဆရာကြီးဟု ထင်ရသော အဘိုးအိုကို နောက်မှ လှမ်းခေါ်လိုက်သည်။

အဘိုးအိုကို မိအောင်လည်း နောက်မှခပ်သုတ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားလိုက်၏။

အဘိုးကြီးက ဒေါက်တာစိုးထိုက် အော်ခေါ်လိုက်သော ကြောင့် ရပ်စောင့်နေသည်။ အဘိုးကြီးက ဒေါက်တာစိုးထိုက်ကို မသကာသော မျက်လုံးများဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်နေ၏။

'အဘက ဒီနားမှာနေတာလား ခင်ဗျာ'

'အေး'

တုံးတိတိဖြေလေသည်။

'ဒီနားမှာ ဆောင်းတီးတဲ့ မိန်းကလေးတစ်ယောက်များ ရှိသလား၊ သိချင်လို့ပါ'

ဒေါက်တာစိုးထိုက်က တဲ့တိုးပင် မေးလိုက်လေသည်။

အဘိုးအိုမှာ ဒေါက်တာစိုးထိုက်အမေးကြောင့် အမူအရာ ပျက်ယွင်းသွားသည်။

'မရှိဘူး၊ ရှိတော့ရော ခင်းက ဘာလုပ်မလို့လဲ၊ အို… မသိဘူးကွာ၊ မသိဘူးဗျား'

အဘိုးအိုသည် ဒေါက်တာစိုးထိုက်ကို ငေါက်ငန်းကာ နေရာမှ အလျင်အမြန် ထွက်သွားလေသည်။

ဒေါက်တာစိုးထိုက်က ကြောင်ငေးကာ ကျန်ရစ်ခဲ့ရလေ သည်။ သူ၏ အမေးစကားမှာ ရိုင်းစိုင်းရာများ ကျသွားလေသလား ဟု တွေးရင်း စိတ်မကောင်းဖြစ်သွားမိ၏။



မည်သို့ဆိုစေ သူ့အမေးကြောင့် အဘိုးအို တုန်လှုပ် ချောက်ချားသွားပုံ၊ အော်ဟစ်ငေါက်ငန်းလိုက်ပုံများကို ကြည့်ခြင်း အားဖြင့် အဘိုးအိုတွင် စိတ်မလုံစရာ နောက်ခံအကြောင်း အချက် များရှိကြောင်းကိုတော့ သိသာလှပေသည်။

ထိုအဘိုးအိုသည် ကျော်ကြီးပြောသော သိုက်ဆရာကြီး ဆိုသူပင် ဖြစ်ရပေမည်။

ဒေါက်တာစိုးထိုက်သည် နေရာတွင်ပင် ခဏကြာကြာ ရပ်နေကာ မည်သို့ဆက်လုပ်ရမည်ကို စဉ်းစားနေလေသည်။

ထို့နောက် ဒေါက်တာစိုးထိုက်သည် အဘိုးအိုထွက်သွား သည့်လမ်းအတိုင်း နောက်မှ ခပ်ဖြည်းဖြည်း လိုက်သွားလေ၏။

အဘိုးအို ကွေ့ချိုးသွားသော အကွေ့အရောက်တွင် လမ်း မှာ နှစ်လမ်းကွဲထွက်သွားသည်ကို တွေ့ရသည်။ ဒေါက်တာ စိုးထိုက်သည် မည်သည့်လမ်းဘက်သို့ လိုက်ရမည်ကိုခဏရပ်၍ စဉ်းစားနေလိုက်သည်။ ညာဘက်သို့ ခွဲထွက်သွားသောလမ်းဘေး တွင် ဆေးပေါ့လိပ်တိုတစ်ခုကို တွေ့လိုက်ရ၍ ကောက်ယူကြည့် လိုက်၏။ ဆေးလိပ်၏ထိပ်ပိုင်းမှာ ခပ်နွေးနွေးအပူဓာတ်ရှိနေသေး သည်ကို တွေ့ရသည်။

သိုက်ဆရာကြီးဟု ထင်ရသော အဘိုးအိုမှာ ဆေးလိပ် ကို သောက်ရင်း လျှောက်သွားသည်ကို သတိရလိုက်၍ ဆေးလိပ်

www.burmeseclassic.com

www.burmeseclassic.com



တို့သည် အဘိုးကြီး၏ ဆေးလိပ်ဖြစ်မည်ဟု မှန်းဆကာ ညာဘက် လမ်းခွဲအတိုင်း လိုက်လာခဲ့လေသည်။

အနည်းငယ်လျှောက်မိသည့်အခါ ခြံတစ်ခုရှေ့သို့ ရောက်လာ၏။ ခြံ၏အလယ်၌ တဲအိမ်ငယ်တစ်လုံးကို တွေ့ရလေသည်။

ဒေါက်တာစိုးထိုက်သည် ခြံ၏အခြေအနေကို အကဲခတ်နေစဉ် နေရောင်အောက်တွင် အရောင်လက်နေသည့် ပြုးပြုးပြောင်ပြောင်အရာများကို ခြံစည်းရိုးဘေး၌ တွေ့လိုက်ရလေသည်။

ဒေါက်တာစိုးထိုက်က ပြောင်လက်နေသော အပိုင်းအစများကို ကောက်ယူ၍ ကြည့်လိုက်သည်။ မှန်စီရွှေချ ပစ္စည်းတစ်ခု၏ အပိုင်းအစဖြစ်ကြောင်း တွေ့လိုက်ရ၏။ ကျန်အပိုင်းအစများကို တစ်စချင်း ကောက်ယူကြည့်ရှုသည့်အခါ ပိုးကြိုးများ၊ ပန်းပွားတစ်ခုနှင့် သစ်စေးသုတ်ထားသော သစ်သားစ အကွေးတစ်ခုတို့ကို တွေ့လိုက်ရလေသည်။

ဒေါက်တာစိုးထိုက် ချက်ချင်းပင် နားလည်လိုက်လေသည်။ ဤအပိုင်းအစများသည် စောင်းကောက်တစ်လက်ကို ရိုက်ဖျက်ချိုးဖွဲ့ထားသော အပိုင်းအစများပါတကား။

သိုက်ဆရာဟု ယူဆရသော အဘိုးအိုနှင့် စောင်းကောက် အပျက်အစီးစများကို ဆက်စပ်ကာ ဒေါက်တာစိုးထိုက် သဘောပေါက်သွားသည်။





အဘိုးအိုရော၊ ကျော်ကြီး၏ ဥစ္စာစောင့်မလေးပါ ဤခြံထဲ၌ ရှိရပေမည်။

ထိုစဉ် ခြံထဲရှိ တဲကလေးထဲမှ အဘိုးအို ထွက်လာသည်ကို တွေ့လိုက်ရ၏။

ဒေါက်တာစိုးထိုက်သည် စောင်းကောက် အပိုင်းအစအချို့ကို ကိုင်ကာ ခပ်မြန်မြန်ပင် ခြံထဲသို့ ဝင်သွားလိုက်သည်။

'အဘ၊ ရေတစ်ခွက်လောက် သောက်ပါရစေ'

ဒေါက်တာစိုးထိုက်ကို တွေ့လိုက်ရသည်တွင် အဘိုးအိုသည် တုန်လှုပ်သွားကာ ဒေါသလည်း ထွက်သွားလေသည်။

'မင်း… မင်း… ဘာလာရှုပ်တာလဲ၊ သွား… သွား… ငါ့ခြံထဲက ခုထွက်သွား'

'ကျွန်တော် ရန်သူမဟုတ်ပါဘူး အဘ၊ ကျွန်တော် ဆရာဝန်တစ်ယောက်ပါ၊ ကျွန်တော် သိချင်တာလေးတွေ မေးပါရစေ'

'မလိုချင်ဘူး၊ ဆရာဝန်သော ဘာသော မလိုချင်ဘူး၊ ခုချက်ချင်း ထွက်သွားပါ'

အဘိုးအိုက သစ်ပင်အောက်ရှိ ကွပ်ပျစ်ကလေးတွင် ထောင်ထားသော ကြိမ်တုတ်ကြီးကို ဆွဲယူလိုက်သည်။

ထိုစဉ်-

'အမောင်… အမောင်၊ အမောင့်ကို ခေါ်ပေးပါ၊ အမောင့်



www.burmeseclassic.com

www.burmeseclassic.com



ကို ရှာပေးပါ’

တဲကလေးအတွင်းမှ ထွက်လာသော မိန်းကလေးတစ်ယောက်၏အသံဖြစ်သည်။

‘ဟော့ မောင်ရင်၊ မင်းကို ထွက်သွားဖို့ပြောနေတယ်နော်’

အဘိုးအိုက ဒေါက်တာစိုးထိုက်ဘက်သို့ လှည့်၍ ငေါက်လိုက်ပြန်သည်။

ထိုစဉ် တဲအတွင်းမှ မိန်းကလေးတစ်ယောက်က အူယားဖားယား ပြေးထွက်လာလေသည်။

မိန်းကလေးသည် တဲအပြင်သို့ ပြေးထွက်လာရာမှ ခပ်လှမ်းလှမ်းသို့ အရောက်တွင် ဗိုင်းခနဲ ဟပ်ထိုးလဲကျသွားလေ၏။

‘ဦးလေးကြီး… ဦးလေးကြီး၊ အမောင့်ကို ခေါ်ပေးစမ်းပါ၊ အမောင် ဘယ်မှာရှိလဲ၊ ဦးလေးကြီးသိရင် ခေါ်ပေးစမ်းပါ’

မိန်းကလေးက လဲနေရာမှ ဒေါက်တာစိုးထိုက်ကို အားကိုးတကြီး အော်ပြောနေလေသည်။

မြင်ကွင်းကား ရင်နင့်ဖွယ်ပင်။

မိန်းကလေးသည် တဲအပြင်အရောက်တွင် လဲကျသွားရခြင်းမှာ မိန်းကလေး၏ ခြေကျင်းဝတ်၌ ကြိုးတစ်ချောင်းဖြင့် ချည်ထားသည့်အတွက်ကြောင့် ဖြစ်သည်။ ခြေကျင်းဝတ်၌ ကြိုးဖြင့် ချည်နှောင်၍ တစ်ဖက်ကြိုးစကို တဲအတွင်းရှိဘိုင်တွင် ချည်နှောင်





ထားပေ၏။ တဲအတွင်းမှ ပြေးထွက်လာရာ ကြိုးစအကုန်တွင် တုပ်၍ လဲကျသွားရခြင်းဖြစ်လေသည်။

‘အလို… မိန်းကလေး၊ မိန်းကလေးတစ်ယောက်ကို ရက်ရက်စက်စက် ချုပ်နှောင်ထားတာပါလား’

ဒေါက်တာစိုးထိုက်က လဲကျနေသော မိန်းကလေးထံ သွားရောက်၍ ဖေးကူရန် ပြင်လိုက်သည်။

‘အနားကပ်ပါနဲ့ မောင်ရင်’

‘အဘိုးကြီး၊ ခင်ဗျား သူ့ကို မတရားဖမ်းချုပ်ထားတာပဲ၊ ခင်ဗျားကို တရားဥပဒေအရ အရေးယူလို့ရတယ်ဗျ၊ သိရဲ့လား’

‘မဟုတ်ဘူး၊ မင်းနဲ့ဘာဆိုင်လဲ’

‘သူဟာ မြနန်းမုံဆိုတဲ့ ဥစ္စာစောင့်မလေးပဲ မဟုတ်လား၊ ဒါပေမဲ့ သူဟာ တကယ့်ဥစ္စာစောင့်တော့ မဟုတ်ပါဘူး၊ ခင်ဗျား မဟုတ်တာ တစ်ခုခုတော့ ကြံစည်ထားတာ သေချာတယ်’

‘ဟေ့… မင်းနဲ့ဘာဆိုင်လဲကွ၊ ဒါ ငါ့မြေး၊ ငါလုပ်ချင်သလိုလုပ်မယ်’

‘ဘာ… မြေး’

‘အမောင့်ကို ခေါ်ပေးပါ၊ အမောင့်ကို ခေါ်ပေးစမ်းပါ ဦးလေးကြီးရယ်၊ ဒီသိုက်ဆရာကြီးက နန်းမုံကို ဖမ်းချုပ်ထားတာပါရှင်’



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက မြေပေါ်မှ အားယူထရင်း သနားစဖွယ် ပြောလိုက်၏။

'ငါ… တယ်'

အဘိုးကြီးက မိန်းမငယ်ကို လက်ထဲမှ ကြိမ်တုတ်ဖြင့် ရိုက်နှက်မည့်ဟန် ပြင်လိုက်၏။ ပြီးမှ ကြိမ်တုတ်ကို ပြန်ချလိုက်ကာ သက်ပြင်းကိုချရင်း-

'အိမ်ထဲကို ပြန်ဝင်ပါ လုံမရယ်၊ အပြင်မှာ နှင့်အတွက် အန္တရာယ်များလှပါတယ်၊ အိမ်ထဲပြန်ဝင် လုံမလေး'

ချော့ချော့မော့မော့ ပြောလိုက်ပြန်သည်။

ဒေါက်တာစိုးထိုက်သည် အဘိုးကြီး အကြမ်းပတမ်း ကိုင်တွယ်၍မရမှန်း သိလိုက်၏။

'ဘယ်လိုဖြစ်ရတာလဲ အဘရယ်၊ ကျွန်တော် ကူညီပါရစေ'

'မောင်ရင်နဲ့ဘာဆိုင်သလဲကွဲ့၊ ခဆိုင်တာ မပတ်သက်ချင်ပါနဲ့ကွယ်၊ ပြန်ပါ'

'ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ပါလို့ ပြောခဲ့ပြီပဲ အဘ၊ မိန်းကလေးဟာ စိတ်ပုံမှန်မဟုတ်သူမှန်း ကျွန်တော် ကြည့်ရုံနဲ့သိပါတယ်'

'ဒါ ငါ့မြေးပဲ၊ ငါ့မြေးကို ငါကြိုက်သလို ဆုံးမမယ်၊





ထိန်းသိမ်းမယ်၊ ဘယ်သူမှ ဝင်ပြောစရာ မလိုဘူး'

'အဘရဲ့ဆုံးမမှုက မှားနေတယ် အဘ၊ စိတ်မမှန်သူကို ဒီလို မဆက်ဆံရပါဘူး'

'အလို… လာပြန်ပြီလား၊ မင်းနဲ့ ဘာဆိုင်သလဲ'

'ဆရာဝန်တစ်ယောက်က တရားသဖြင့် စေတနာနဲ့ ကူညီမှာကို ကြားက ဖျက်လိုဖျက်ဆီးလုပ်ရင် တရားဥပဒေနဲ့ ကိုင်တွယ်ရပါလိမ့်မယ်၊ ဟောဒီမှာ စောင်းကောက်ကို ဖျက်ဆီးထားတဲ့ အပိုင်းအစတွေ၊ ဒါတွေကိုကြည့်ပြီး ကျွန်တော် နားလည်ပါတယ် အဘ၊ မိန်းကလေးဟာ သူ့ကိုယ်သူ ဥစ္စာစောင့်အထင်နဲ့ ရူးသွပ်နေရှာသူကလေးပါ၊ ကျွန်တော်ကူညီမှာကို ငြင်းဆန်ခဲ့ရင် လူတစ်ယောက်ကို မတရားဖမ်းဆီးချုပ်နှောင်ထားတဲ့အကြောင်း သက်ဆိုင်ရာကို အကြောင်းကြားရပါလိမ့်မယ်'

'ဟင်… လာပြန်ပကော တစ်ယောက်၊ တို့မြေးအဘိုး ဝဋ်ဒုက္ခကလည်း ကြီးလှချည်လား မြေးရယ်'

အဘိုးကြီးသည် ပြောရင်း ချုံးပွဲချ၍ ငိုလိုက်လေသည်။

'အို… အဘ၊ ခက်တော့တာပဲဗျာ၊ အဘတို့မှာ ဘာအခက်အခဲရှိသလဲ၊ ကျွန်တော် ဖြေရှင်းပေးပါရစေ'

'မင်း ငါတို့ကို ဒုက္ခပေးဖို့လာတာတော့ မဟုတ်ပါဘူး နော်၊ တစ်ယောက်က ဒုက္ခပေးသွားလို့ ငါ့မြေးလေးရော ငါပါ ဆိုး



www.burmeseclassic.com

www.burmeseclassic.com



ရပြီကွဲ့'

'ကျွန်တော်က ဆရာဝန်တစ်ယောက်ပါ အဘရယ်၊ လူတွေကို ကူညီကယ်တင်ပေးနေတဲ့ သူတစ်ယောက်ပါ၊ အဘတို့ အခက်အခဲကို သိပါရစေခင်ဗျာ'

အဘိုးအိုက လဲကျနေသော မိန်းမငယ်ကို ဆွဲထူပေးလိုက်ကာ အဝတ်အစားများတွင် ပေကျံသွားသော ဖုံမှုန့်များကို လက်နှင့် ပုတ်ခါပေးလိုက်သည်။ ဒေါက်တာစိုးထိုက်က ယခုမှ သေချာ ကြည့်မိသည်။ မိန်းကလေးဝတ်ထားသော အဝတ်အစားများမှာ အရပ်ဝတ် အရပ်စားများ မဟုတ်။ ဓာတ်ထဲမှ မင်းသမီးများ ဝတ်သောဝတ်စုံ ဖြစ်နေသည်၊

'ဦးလေးကြီး၊ အမောင့်ကို သိလားဟင်'

'သိပါတယ်ကွယ်'

'ခေါ်ပေးမှာလားဟင်'

'ခေါ်ပေးပါ့မယ်ကွယ်'

'မင်းကို ဟိုကောင်က လွှတ်လိုက်တာလား'

'မဟုတ်ပါဘူး အဘ၊ ဒါပေမဲ့ အကြောင်းစုံကို ကျွန်တော် သိခဲ့ပါတယ်၊ အခုလည်း ပိုပြီး သဘောပေါက်သွားပါပြီ အဘရယ်၊ အဘတို့ဒုက္ခကို ကျွန်တော် ကူညီပေးပါရစေ၊ ကဲ... သမီး အိမ်ထဲသွား အနားယူဦးနော်၊ ဦးလေးက သမီးတို့ကို ကူညီ





ဖို့လာတာပါကွဲ့၊ သူ့ကို အိမ်ထဲပို့ပေးလိုက်ပါဦး အဘ'

အဘိုးအိုက မိန်းကလေးကို ချော့မော့၍ အိမ်ထဲသို့ တွဲခေါ်သွားလေသည်။

ဒေါက်တာစိုးထိုက်က မြင်ကွင်းကို ရင်နင့်စွာကြည့်ရင်း သက်ပြင်းမောကို ချလိုက်သည်။

မိန်းကလေးသည် သူ့ကိုယ်သူ ဥစ္စာစောင့်မလေး မြနန်းမို့ အဖြစ်ယူဆကာ စိတ်ဖောက်ပြန်နေသူလေး တစ်ဦးပါတကား။ အဘိုးအိုကား စိတ်ဖောက်ပြန်သူကို နည်းလမ်းတကျ မထိန်းသိမ်းတတ်ရှာသော ရှေးရိုးဆန်သည့် အဘိုးကြီးတစ်ဦးသာ ဖြစ်ပေမည်။

အကြောင်းစုံကိုကား သေချာမေးမြန်းကြည့်မှသာ သိရပေတော့မည်။

* * *

အိမ်ထဲမှ ပြန်ထွက်အလာတွင် အဘိုးအိုမှာ မောဟိုက် ပင်ပန်းလျက် ရှိလေသည်။

'ဘယ်လိုဖြစ်ရတာလဲ အဘ၊ မိန်းကလေးက အဘရဲ့ မြေးလေးဆိုတော့ သူ့မိဘတွေကရော၊ ဘယ်ရောက်နေကြသလဲ'

'ဆုံးကုန်ပါပြီကွယ်'

'အို... ကျွတ်... ကျွတ်၊ ဘယ်လိုဖြစ်ပြီး ဒီရောဂါရ



www.burmeseclassic.com

www.burmeseclassic.com



သွားတာလဲ အဘ၊ ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့သာ ပြောပြပါ'

'ကျုပ်မလည်း အသက်ကြီးတောင့်ကြီးမားမှ ဒုက္ခတွေနဲ့ချည်း ကြုံနေရတော့တယ်ဗျာ'

အဘိုးအိုက ပြောရင်း မျက်ရည်များကျလာကာ ငိုရှိုက်နေလေသည်။

'အို… အဘ၊ အနာသိရင် ဆေးရှိပါတယ်ဗျာ၊ မငိုပါနဲ့၊ အကြောင်းစုံကိုသာ ကျွန်တော်သိပါရစေ'

'ပြောပြပါတော့မယ် မောင်ရင်၊ ဒီလိုကွဲ့၊ အဘနာမည်က ဖိုးထင်တဲ့၊ ခုန အဘမြေးလေးနာမည်က သဲယဉ် တဲ့'

'သဲယဉ်'

'အဘရဲ့တစ်ဦးတည်းသောသမီးကမွေးခဲ့တဲ့ မြေးလေးပါကွယ်၊ သူ့ကလေးမလည်း ကံဆိုးရှာတယ်ကွဲ့၊ သူ့အမေ ကျုပ်သားမက်က တောလိုက်သွားရင်း သားကောင်အကုပ်ခံရလို့ ဆုံးရှာတယ်၊ အဲဒီတုန်းက ကလေးမအသက်က သုံးနှစ်သမီးရှိသေးတာပေါ့'

'ဖြစ်ရလေ'

'သူ့ငယ်မ ငါးနှစ်သမီးရောက်တော့ သူ့အမေ ကျုပ်သမီး ထပ်ဆုံးပြန်ရှာတယ်၊ မိဘမဲ့ သမီးလေးပါကွယ်၊ အဘိုး အသွား





လက်ထဲမှာပဲ ကြီးပြင်းခဲ့ရရှာတာ'

'ဟုတ်ကဲ့'

'ကျုပ်တို့က ဟိုးမြန်မာပြည် အထက်ပိုင်းမှာ နေကြတာ၊ မြို့နဲ့မနီးမဝေးက ရွာမှာပါ၊ ရွာကတော့ ရွာကြီးပဲ၊ မောင်ရင်ကြားဖူးမလား မသိဘူး'

အဘိုးအိုဦးဖိုးထင်က သူတို့ရွာနာမည်ကို ပြောပြသည်။

'ကြားဖူးပါတယ် အဘ၊ ကချင်ပြည်နယ်ထဲကပဲ'

'ဒီကို ပြောင်းလာတာ ဘာကြာသေးလို့လဲ၊ တစ်နှစ်ပျော့ပျော့လောက်ပဲ ရှိသေးတာ'

'သြော်…'

'ရွာကနေ ပြောင်းလာတာလည်း တခြားကြောင့် မဟုတ်ဘူးကွဲ့၊ သဲယဉ် ရူးသွားလို့ပဲ'

'အို…'

'သူ ရူးပုံရူးနည်းက တစ်မျိုးမောင်ရင်၊ သူ့ကိုယ်သူ စောင်းတော်ရှင်ညီအစ်မသိုက်က ဥစ္စာစောင့်အငယ်မ မြနန်းမုံတဲ့လေ'

'အဲဒီ စောင်းတော်ရှင်ညီအစ်မသိုက်ဆိုတာကော တကယ်ရှိလို့လားဗျာ'

'ရှိပြီကော၊ ရှိတယ်ဆိုတာ ပါးစပ်ပြော အရပ်ပြောနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ရာဇဝင်အရရှိတာ ပြောတာလေ၊ ကျုပ်တို့အရပ်မှာတော့ စောင်းတော်ရှင်ညီအစ်မဆိုတာ နာမည်ကြီးပဲ၊ ဒီလိုရှိတယ်ကွဲ့၊ ကျုပ်တို့ရွာနဲ့ မလှမ်းမကမ်းမှာ ဥစ္စာစောင့်သိုက် တင်ခုရှိတယ်ဆိုပဲ၊ သိုက်မှာစောင့်တာက ညီအစ်မနှစ်ယောက်တဲ့၊ စောင်းတီးတတ်သတဲ့၊ အဲဒီညီအစ်မက ဘုရင်တိုင်းခန်းလှည့်လည်လာတဲ့အချိန်မှာ သူတို့အရပ်မှာ စောင်းတီးပြီးဖျော်ဖြေရသတဲ့ကွယ်၊ ဘုရင်က ညီအစ်မနှစ်ယောက်ကို သဘောကျတော့ တော်ကောက်သတဲ့၊ ညီအစ်မက ဘုရင်တော်ကောက်တာကို လက်မခံဘူးဆိုပဲ၊ ဒါနဲ့ ဘုရင်ကြီးက သတ်စေအမိန့်ပေးပြီး မင်းမိန့်နဲ့ သူတို့ညီအစ်မကို ဥစ္စာစောင့်တွေအဖြစ် တာဝန်ချထားခဲ့တာတဲ့’

* * *

‘ဒီအဖြစ်အပျက်တွေဟာ ဘယ်ခေတ် ဘယ်ကာလက ဖြစ်ပျက်ခဲ့တာတွေမှန်း၊ ဘယ်ဘုရင်လက်ထက်က ဖြစ်ပျက်ခဲ့တာတွေမှန်း မသိပါဘူးကွယ်၊ အဘကတော့ မယုံပါဘူး၊ ကိုယ်မယုံသော်လည်း အရပ်ကတော့ တကယ်ရှိသယောင် ယုံကြတာကိုးကွဲ့’

‘ရိုးရာအစွဲအလမ်းကို အဘာရယ်’

‘ဥစ္စာစောင့်ညီအစ်မရဲ့ စောင်းတီးသံတွေဟာ လပြည့်ညတွေမှာ ရေတံခွန်အောက်က ထွက်ပေါ်လာသတဲ့လေ၊ သူတို့





ညီအစ်မဟာ တစ်နှစ်ကိုတစ်ကြိမ် ပြာသိုလပြည့်ညတိုင်းမှာ သိုက်ထဲကနေ အပြင်ကို ထွက်လာတတ်သတဲ့၊ ထွက်လာရင်လည်း ကော်ဇောပုံကြီးကိုစီးပြီး ထွက်လာတာတဲ့ မောင်ရင်၊ ကော်ဇောပုံကြီးနဲ့ ရွာပေါ်ပတ်ပုံပြီး ကမ္ဘာအနှံ့ကို လျှောက်လည်ကြသတဲ့ကွယ်၊ သူတို့ရဲ့ဖူးစာရှင်ကို ရှာတယ်ဆိုတာပဲ၊ တစ်နှစ်မှာ တစ်ရက် ကော်ဇောပုံကြီးစီးပြီး အပြင်ကို ထွက်လေ့ရှိသတဲ့’

ကျော်ကြီး၏ မှတ်တမ်းထဲတွင် ကော်ဇောပုံသည်လည်း အဓိကအနေဖြင့် ပါဝင်နေတာကို ဒေါက်တာစိုးထိုက် သတိရသွားသည်။

‘ကော်ဇောပုံစီးပြီး ဥစ္စာစောင့်ညီအစ်မ အပြင်ထွက်လာတာကို မြင်ရသလား အဘ’

*‘ဘယ်မြင်ရမှာတုန်း၊ ပါးစပ်ရာဇဝင်ဟာကိုး၊ အဲ… ဒါပေမဲ့ ကျုပ်မိန်းမ အဘွားကြီးက သူ့မြေးကို အဲဒီအကြောင်းတွေကို အိပ်ရာဝင်တိုင်း ပုံပြင်လိုပြောပြနေကျဆိုတော့ မြေးကလေး သဲယဉ်ဟာ ဒီအဖြစ်အပျက်တွေကို တကယ့်အဖြစ်လို စိတ်ထဲမှာ စွဲလမ်းနေတယ် ထင်ပါရဲ့၊ အခု စိတ်ဖောက်ပြန်သွားတဲ့အခါ သူ့ကိုယ်သူ မြန်နန်းမုံလို့ ထင်နေတာသာကြည့်တော့လေ’*

‘ဥစ္စာစောင့်ညီအစ်မနာမည်က မြန်နန်းမုံတဲ့လား’

‘အကြီးမက မြပန်းရုံ၊ အငယ်မက မြန်နန်းမုံတဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



'သဲယဉ်လေးဟာ သူ့ကိုယ်သူ မြင်းရုံလို့မထင်ဘဲ ဘာကြောင့် အငယ်မ မြန်းမုံရယ်လို့ စွဲလမ်းသွားရတာလဲ'

'အဲဒါ အကြောင်းရှိတယ်ကွဲ့၊ ဒီလို'

* * *

'သဲယဉ်လေး အသက် (၁၅)နှစ်လောက်အရွယ်မှာ အဘတို့ဘုရားပွဲမှာ ပြဇာတ်တစ်ခု ကသကွဲ့၊ ရွာပွဲဆိုတော့ကာ မြို့ပေါ်က အငြိမ့်တွေဇာတ်တွေ မငှားနိုင်ဘူးလေ၊ ကိုယ့်ရွာမှာရှိတဲ့ လူငယ်တွေပဲစုပြီး ကကြဆိုကြတာ ထုံးစံပဲကိုး'

'ဪ… ဟုတ်လား'

'အဲဒီနှစ်ကတော့ ပြဇာတ်ထဲမှာ မင်းသမီးနေရာက ကပြဖို့ အရပ်က သဲယဉ်ကို ရွေးကြတယ် မောင်ရင်၊ ကျုပ်မြေးလေးကလည်း အပျိုဘော်ဝင်ပြီး အလှကြီးလှနေပြီကိုး'

ဦးဖိုးထင်၏ အပြောတွင် မြေးအတွက် ဂုဏ်ယူသောလေသံများ ပါနေသည်။ သဲယဉ်လေးမှာ ဥစ္စာစောင့်မလေးဟု ယိုးမှားလောက်အောင် တကယ်ပင် လှရှာပါပေသည်။

'ကတဲ့ပြဇာတ်က တခြားမဟုတ်ဘူး၊ ဆောင်းတော်ရှင် ညီအစ်မရဲ့ဇာတ်ကြောင်းကို ပြဇာတ်အဖြစ် ကကြတာ'

'ဗျာ'





'ဒါဟာ သဲယဉ်ကို ရောဂါရအောင် ဖန်တီးပေးတဲ့ အစပဲဆိုပါစို့ မောင်ရင်၊ သူတို့က သဲယဉ်ကို အငယ်မ မြန်းမုံနေရာမှာ ပါဖို့ ရွေးလိုက်ကြတယ်လေ'

'ဪ… ဒီလိုကိုး'

'မြင်းရုံနေရာမှာတော့ ရွာက ကွမ်းတောင်ကိုင် နွဲ့နွဲ့ကြည်ဆိုတဲ့ မိန်းကလေးကို ထားသတဲ့ကွဲ့၊ သဲယဉ်ဟာ ဇာတ်တိုက်ကတည်းက မြန်းမုံရဲ့စရိုက်တွေဝင်ပြီး သူ့ကိုယ်သူ မြန်းမုံရယ်လို့ ထင်လာရှာတယ်၊ အဘက နည်းနည်းပါးပါး သတိပြုမိပေမယ့် ဒါလောက်ဆိုးဝါးတဲ့ အဖြစ်မျိုး ဖြစ်လာမယ်တော့ မထင်မိဘူးပေါ့ကွယ်'

'ဟုတ်တာပေါ့လေ'

'ပွဲကတဲ့အချိန်မှာ အဘရဲ့မိန်းမ မရှိတော့ဘူးကွဲ့၊ အဲဒီရဲ့တမြန်နှစ်ကပဲ ဆုံးသွားရှာတယ်၊ အဘနဲ့ မြေးလေးတို့နှစ်ယောက်ထဲ နေနေရတဲ့အချိန်ပေါ့၊ ဒါနဲ့ အကြိမ်ကြိမ် ဇာတ်တိုက်အပြီးမှာ ပွဲကကြရောဆိုပါတော့၊ ပြဇာတ်ထဲမှာ ဥစ္စာစောင့်ညီအစ်မ ကော်ဇောပျံစီးကြတဲ့ အခန်းတစ်ခန်းပါတယ်၊ ကော်ဇောပျံစီးတဲ့ အခန်းကို ဘယ်လိုသရုပ်ဖော်သလဲဆိုတော့ ဝါးကွပ်ပျစ်တစ်ခု လုပ်လိုက်တယ်၊ ဝါးကွပ်ပျစ်အပေါ်မှာ ရွှေချည်ထိုး ကော်ဇောတစ်ချပ် ခင်းတယ်၊ ဇာတ်စင်ပေါ်မှာ ကွပ်ပျစ်ရဲ့ လေးဘက်လေးတန်ကို ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ကြိုးလေးချောင်းနဲ့ချည်ပြီး ခုတင်စင်ရဲ့အမိုးမှာဆိုင်းပြီး ချည်လိုက်ကြတယ်၊ အဲဒီကြိုးကြိုးလေးချောင်းကို ခုတင်စင်အောက်ကနေ လူငယ်ကာလသားတွေက မြောက်တက်လာအောင် ပိုင်းပြီးဆွဲပေးရတယ်…

'အဲဒီအခါမှာ ကော်ဇောပုံဟာ လေထဲမှာ မြောက်တက်လာသယောင် ထင်ကြရတာပေါ့ကွယ်၊ ကော်ဇောပုံကြီး လေထဲမှာ ဝဲနေသယောင်ဖြစ်အောင် ကြိုးဆွဲပေးတဲ့သူတွေက အောက်ကနေ လှုပ်ယမ်းပေးရတာပေါ့၊ ပုခက်လွှဲသလိုပေါ့'

ဦးဖိုးထင် ပြောပြမှုကို ဒေါက်တာစိုးထိုက်က မျက်စိတွင် မြင်ယောင်ကြည့်နေသည်။

'ပိုပြီး သဘာဝကျအောင် နောက်ခံပိတ်ကားပေါ်မှာ အပြာရောင်အောက်ခံနဲ့ တိမ်တိုက် တိမ်လိပ်တွေကို ဆလိုက်နဲ့ ထိုးပေးထားသကွဲ့၊ ဆလိုက်ကိုလည်း ငြိမ်ငြိမ်မထားဘဲ လှုပ်အောင် ရွှေပေးနေတော့ကာ ကောင်းကင်မှာ တိမ်တိုက်တွေရွှေ့နေသယောင် ထင်ရတာပေါ့ကွယ်…

'နောက်ခံပန်းချီကလည်း အပြာရောင်ကောင်းကင်ပုံ နောက်ခံ၊ ဝါးကွပ်ပျစ်ကို ဆိုင်းထားတဲ့ကြိုးကိုလည်း အပြာရောင် အဝတ်စတွေ ပတ်ထားလိုက်တော့ ကြိုးကို မမြင်ရတော့ဘူး၊ ရွှေကော်ဇောကြီး လွှမ်းထားတဲ့ ဝါးကွပ်ပျစ်ကို လေထဲမြောက်တက်





လာအောင် ဆွဲပေးပြီး အောက်ကနေလှုပ်ယမ်းပေးနေတယ်၊ နောက်ခံပန်းချီကားကလည်း ကောင်းကင်မှာ တိမ်တွေရွှေ့နေသယောင် ဖန်တီးပေးထားတယ်၊ ဝါးကွပ်ပျစ်ပေါ်မှာ ဥစ္စာစောင့်ညီအစ်မအဖြစ် သရုပ်ဆောင်တဲ့ နွဲ့နွဲ့ကြည်နဲ့ သဲယဉ်က တက်ထိုင်ရသတဲ့ကွဲ့၊ ခုတင်စင်ပေါ်မှာတော့ ကော်ဇောပုံကြီးဟာ မိုးကောင်းကင်က တိမ်တိုက်တွေကြားထဲမှာ ဝဲနေသယောင် ထင်ရတာပေါ့ကွယ်၊ နွဲ့နွဲ့ကြည်နဲ့ အဘရဲ့မြေးလေးဟာ စောင်းကောက်လေးတွေကိုယ်စီ ပိုက်ပြီး ကော်ဇောပုံကြီးကိုစီးလို့ ဆလိုက်မီးကလည်း အရောင်တွေအမျိုးမျိုး ထိုးပေးထားလိုက်တာ သိပ်လှတာပဲကွယ်'

အဘိုးအိုက ပြဇာတ်ကသည့်ညက မြင်ကွင်းများကို သူ ကိုယ်တိုင် မျက်စိထဲပြန်မြင်ယောင်ရင်း ပြောပြနေသည်။

'ပထမညတော့ ပြဇာတ်ဟာ အောင်အောင်မြင်မြင်ပဲ ပြီးဆုံးသွားသကွဲ့၊ လူတွေကလည်း သိပ်ကြိုက်ကြတယ်၊ ရွာနီးချုပ်စပ်ကတောင် လာအားပေးကြတယ်၊ ဒါနဲ့ ဒုတိယည ဆက်ကရောဆိုပါတော့၊ ဒုတိယညမှာ ပြဿနာတက်တော့တာပါပဲကွယ်'

အဘိုးအိုက ပြောလက်စ စကားကို ရပ်နားလိုက်သည်။ အဘိုးအိုသည် ရင်နှင့်စရာဖြစ်ရပ်ကို ပြန်မြင်ယောင်ရင်း ဆက်၍ ပြောရန် အားယူနေရ၏။ မျက်လုံးတွင် မျက်ရည်များ စီးဝဲလာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

'ဒုတိယညမှာ… ဒုတိယညမှာ ကော်စောပျံစီးတဲ့ အခန်းဟာ ပိုပြီး ပီပြင်နေသေးတယ်ကွယ်၊ အောက်ကနေ ကြိုးဆွဲပေးနေတဲ့ ကာလသားတွေက ကြိုးကို မတရားလှုပ်ယမ်းကြတော့ ကော်စောပျံကြီးဟာ လေထဲမှာ မြန်မြန်ကြီး ရွေ့နေသလိုထင်ရတာပေါ့၊ ကာလသားတွေဟာ အပျော်လွန်ပြီး အရက်တွေသောက်ထားကြတယ်၊ ကြိုးဆွဲတဲ့သူတွေအားလုံး မူးနေကြတယ်ကွဲ့၊ ဇာတ်စင်ရဲ့ လေးဘက်လေးတန်ကနေ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အားကျူခံ ဆိုင်းကြိုးတွေကို လှုပ်ယမ်းလိုက်ကြတာ နောက်ဆုံး…'

အဘိုးအိုက ပြောရင်း စကားသံများ တိမ်ဝင်သွားလေသည်။

'နောက်ဆုံးတော့ ဝါးကွပ်ပျစ်ပေါ် တက်ထိုင်ရင်း မြနန်းမုံအဖြစ် သရုပ်ဆောင်နေတဲ့ အဘရဲ့မြေမလေး သဲယဉ်ဟာ ကွပ်ပျစ်ပေါ်က လိမ့်ကျသွားတယ်ကွယ်'

'အို'

နားထောင်နေသည့် ဒေါက်တာစိုးထိုက်ပင် ထိတ်လန့်တုန်လှုပ်သွားလေသည်။

'မြေးမလေး ဇာတ်စင်ကြမ်းပြင်ပေါ်သို့ လိမ့်ကျသွားတာမြင်လိုက်တာနဲ့ အဘလည်း ဇာတ်စင်ပေါ်ပြေးတက်သွားလိုက်





တယ်၊ ပွဲဟာလည်း ပျက်သွားတာပေါ့ကွယ်'

'ဖြစ်ရလေ အဘရယ်'

'လိမ့်ကျတဲ့အမြင့်ဟာ ရှစ်ပေလောက်ရှိသကွဲ့၊ သဲယဉ်လေးဟာ ပိုက်ထားတဲ့ စောင်းကောက်နဲ့အတူ လိမ့်ကျသွားရင်း စောင်းကောက်နဲ့ ခိုက်မိပြီး ခေါင်းကွဲသွားတယ်'

'ကျွတ်… ကျွတ်'

'သတိပြန်လည်လာတော့ကော သူ့ကိုယ်သူ သဲယဉ်ရယ်လို့ မမှတ်မိတော့ဘူး၊ သူဟာ မြနန်းမုံတဲ့'

'သူ သရုပ်ဆောင်ရတဲ့ မြနန်းမုံအဖြစ် စွဲလမ်းသွားတာပေါ့'

'အဲဒီလောက်ပဲဖြစ်ရင် အဘ ခံသာပါသေးတယ်၊ သတိရလာတော့ အဘကိုပါ မမှတ်မိတော့ဘူးကွဲ့၊ အဘ သူ့ကို ဖမ်းချုပ်ထားတဲ့ သိုက်ဆရာကြီးတဲ့ကွယ်'

'ဖြစ်ရလေ အဘရယ်'

ကျော်ကြီး၏ မှတ်တမ်းတွင် ရေးသားထားသည့် အချက်များကို ဒေါက်တာစိုးထိုက် ရှင်းလင်းစွာ သိလိုက်ရပေပြီ။

* * *

'သဲယဉ်ဟာ သူ့ကိုယ်သူ မြနန်းမုံဆိုပြီး ပြောခဲ့ကာစဉ်

www.burmeseclassic.com

www.burmeseclassic.com



က အဝတ်အစားတွေကိုလည်း မချွတ်တော့ဘူးကွဲ့၊ ရေတံခွန်ရှိရာကိုလည်း နေ့စဉ်လိုလို သွားနေတော့တယ်၊ ရေတံခွန်အောက်မှာ စောင်းတီးတီးနေတတ်တယ်၊ တချို့ကတော့ သဲယဉ်ကို ဥစ္စာစောင့်မ မြနန်းမုံ တကယ်ဝင်ပူးနေပြီလို့ ထင်ကြတယ်၊ အခုန်တော့ ကျုပ် မြေးလေးဟာ ရူးသွားရှာတာပါကွယ်"

"မကုသခဲ့ဘူးလား အဘ"

"ကုပါသော်ကော၊ ပိုတောင် ဆိုးလာပါသေးတယ်ကွယ်"

"ဘယ်သူတွေနဲ့ ကုတာလဲ၊ ဘယ်မှာကုတာလဲ အဘ"

"ရွာမှာပဲလေ၊ ပယောဂဆရာနဲ့ကုတာ"

ဒေါက်တာစိုးထိုက်က သက်ပြင်းချလိုက်သည်။ ဦးဖိုးထင်သည် ခေတ်မီဆေးဝါးများကို လက်လှမ်းမီပုံမရ၊ နားလည်ပုံမရပေ။ သဲယဉ်ကို ခြေကျင်းဝတ်တွင် ကြိုးချည်၍ မသွားနိုင်အောင် ချုပ်နှောင်ထားပုံကို ကြည့်ရုံဖြင့်ပင် ဦးဖိုးထင်၏ ကိုင်တွယ်ပုံမှာ လွဲမှားနေကြောင်း တွေ့နေရသည်။

"ကြာတော့ ကျုပ် ရှက်လည်း ရှက်လာ[illegible]၊ ရေတံခွန်ရှိတဲ့ ကျုပ်တို့ရွာကဆေးရင် သူ့ရောဂါလည်း ပျော[illegible]ပျောက်ပြားဆိုပြီး ဒီမြို့ကို ထွက်လာခဲ့တာပဲ၊ ဒီကိုရေ[illegible]တော့ [illegible]တ်နိုင်သမျှ လျှို့လျှို့ဝှက်ဝှက်နေခဲ့ပါတယ်၊ ဒီခြံက ကျုပ်ဆရာရဲ့ [illegible]ပါ၊ သဲယဉ်ကိုလည်း ပတ်ဝန်းကျင် မမြင်အောင် ထားခဲ့ပါတယ်၊





စောင်းသွားသွားတီးတယ်၊ အဲဒါတော့ တစ်လတစ်ခါမို့ အဘက ခွင့်လွှတ်ထားခဲ့တယ်၊ လူမလာတဲ့နေရာမို့ ဘယ်သူမှလည်း မသိနိုင်ဘူးလေ၊ ညဉ့်နက်တာနဲ့ သွားပြီးခေါ်လိုက်ရုံပါပဲ"

ကျော်ကြီး စောင်းသံကို ပထမအကြိမ် ကြားရသည့်ညမှာ လပြည့်ညဖြစ်ကြောင်း သူ့မှတ်တမ်းတွင် ရေးသားထားသည်။ မြနန်းမုံကို စတွေ့ရသည့်ညမှာလည်း လပြည့်ညပင် ဖြစ်ပါ၏။

"ခုတော့ သူက စေတီကိုသွားရင်း အကောင်တစ်ကောင်နဲ့ ချိန်းတွေ့နေသလေ၊ လပြည့်ညတွင် မကတော့ဘူး စေတီကို ညတိုင်းသွားတယ်၊ မြို့ထဲက ထင်ပါ့၊ ကောင်လေးတစ်ယောက်နဲ့ ချစ်ကြိုက်နေကြတယ်၊ ကျုပ်လည်း တစ်နေ့တော့ သူတို့နှစ်ယောက်ကို သွားဖမ်းရင်း ဟိုကောင်လေးကို ကြိမ်တုတ်နဲ့ရိုက်ပစ်လိုက်တယ်၊ နောက်တော့ သွားခွင့်မပြုတော့ဘူး၊ မသွားအောင်လည်း ခြေထောက်ကို ကြိုးချည်ပြီးထားလိုက်ရတာပဲ၊ စောင်းကိုလည်း ဖျက်ဆီးပစ်လိုက်တယ်၊ ဟုတ်ပါတယ်၊ မောင်ရင်တွေ့ခဲ့တာ သဲယဉ်တီးနေကျ စောင်းပါ၊ မောင်ရင့်ကိုလည်း သဲယဉ်အကြောင်းတွေ သိမှာစိုးလို့ နှင်လွှတ်ရတာပဲကွယ်"

ဒေါက်တာစိုးထိုက် သက်ပြင်းချလိုက်သည်။

"အဘရဲ့မြေးလေး သဲယဉ်ကို တကယ်ပဲချစ်သလား အဘ"



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို မေးလိုက်တာလဲ မောင်ရင်၊ မိဘနှစ်ပါး မရှိလို့ မြေးကို သားသမီးလို ရင်အုပ်မကွာ မွေးလာတာပါကွယ်၊ မချစ်ဘဲ ရှိပါ့မလား'

'ဟုတ်ကဲ့၊ ဒါဆို ကျွန်တော် ပြောပါရစေ၊ အဘရဲ့ အုပ်ထိန်းမှုဟာ မှားယွင်းနေပါတယ်၊ သဲယဉ်ရဲ့ရောဂါ မပျောက်ရုံမက ပိုဆိုးဝါးအောင် လုပ်သလိုဖြစ်နေပါတယ် အဘ'

'အလို… ကျုပ်က ဘယ်လိုထားရမှာတုန်း မောင်ရင်ရဲ့'

'ခေတ်မီဆေးဝါးနဲ့ ဆေးရုံတက်ပြီး ကုသရမှာပါ အဘ'

'ကျုပ်မှာ ငွေကြေးမရှိဘူး၊ မပူလုံဘူး၊ ရွာမှာတုန်းက ကျုပ် ကုခဲ့သားပဲ'

'သဲယဉ်ဝေဒနာဟာ စိတ်ဝေဒနာပါ၊ ရန်ကုန်က စိတ်ကျန်းမာရေးဆေးရုံမှာ တက်ရောက်ကုသမှသာ သက်သာပျောက်ကင်းနိုင်ပါတယ် အဘ'

'ကျုပ်တို့မှာ လက္ခဏာရှားရှားပါးပါတယ် မောင်ရင်၊ ရန်ကုန်လိုမြို့ကြီးကို ဆေးတက်ဖို့ဖြင့် တွေး မတွေးဝံ့ပါဘူး'

'ဒီအတွက် မပူပါနဲ့ အဘ၊ ကျွန်တော်ကိုယ်တိုင်လည်း ဆရာဝန်တစ်ယောက်ပဲ၊ ကျွန်တော်ကိုယ်တိုင် အကုန်အကျခံပြီး သဲယဉ်ကို ဆေးရုံတင်ပေးပါ့မယ်၊ ပျောက်ကင်းတဲ့အထိ ကုသပေးပါ့မယ်၊ အဘလည်း ရန်ကုန်လိုက်ခဲ့ပါ'



'တကယ်ပြောတာလား မောင်ရင်'

'သဲယဉ်လေးကို သနားလို့ရော၊ အဘရဲ့မြေးအပေါ်မှာ ထားတဲ့ မေတ္တာကိုပါ လေးစားသောအားဖြင့် ကျွန်တော်ကူညီမှာပါ အဘ'

'ကျေးဇူးတင်လိုက်တာ ငါ့လူရယ်'

ဒေါက်တာစိုးထိုက်က သဲယဉ်ကိုကြိုးဖြင့် ချည်မထားရန်၊ ချော့မော့ဖြောင့်ဖျ၍ ဆက်ဆံရန် မှာကြားခဲ့သည်။

ရန်ကုန်တွင် သဲယဉ်အတွက် စီစဉ်စရာများ စီစဉ်ပြီး နောက်တစ်ခါလာခေါ်မည်ဖြစ်ကြောင်း ကတိပေးလိုက်သည်။

'ကျွန်တော်ဟာ စေတနာသန့်သန့်နဲ့ အဘတို့ကို ကူညီမယ်ဆိုတာ ယုံပါအဘ၊ ဒီနေရာကပဲ စောင့်နေပါ၊ ရွာကိုလည်း မပြန်ပါနဲ့၊ တခြားကိုလည်း ရှောင်မပြေးနဲ့ အဘ'

'ကောင်းပါပြီကွယ်၊ မောင်ရင့်စေတနာကို အဘယုံပါတယ်၊ သာဓုကွယ်၊ သာဓု၊ သာဓု'

* * *

ဒေါက်တာစိုးထိုက် စေတီလေးဆီသို့ ရောက်သည့်အခါ မောင်လွင်က ကားကိုစေတီခြေရင်းတွင် ရပ်ထားပြီး စေတီရင်ပြင်ပေါ်မှ စောင့်ကြိုနေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'စောင့်နေတာကြာပြီလား မောင်လွှင်'

'နာရီဝက်လောက်ရှိပါပြီ ဆရာ'

ဒေါက်တာစိုးထိုက်က လက်ပတ်နာရီကို ကြည့်လိုက်သည့်အခါ ညနေလေးနာရီထိုးလုပြီဖြစ်ကြောင်း တွေ့ရ၏။

'စောင့်ပေးတာ ကျေးဇူးပါပဲ မောင်လွှင်၊ ဆရာ ကိစ္စလေးရှိလို့ နည်းနည်းနောက်ကျသွားတယ်၊ ကဲ… ပြန်ကြပါစို့၊ ဆရာ့ကို တည်းခိုခန်းသာ လိုက်ပို့ပေတော့'

ဒေါက်တာစိုးထိုက်သည် သူစုံစမ်းသော အမှုတွဲအတွက် တိကျသောအဖြေကို ရခဲ့ပြီမို့ စိတ်လက်ပေါ့ပါးနေသည်။

မောင်လွှင်၏ လေးဘီးကားလေးနှင့် တည်းခိုခန်းသို့ ပြန်လာခဲ့၏။

တည်းခိုခန်းတွင် ထိတ်လန့်ချောက်ချားဖွယ်သတင်းတစ်ရပ် စောင့်ကြိုနေသည်ကိုမူ ဒေါက်တာစိုးထိုက် ကြိုမသိခဲ့ချေ။

* * *

တည်းခိုခန်းသို့ ပြန်ရောက်သည့်အခါ ဧည့်ကြိုကောင်တာမှ စာရေးလေးက ဒေါက်တာစိုးထိုက်ကို ဆီးကြို၍ ပြောလေ၏။

'ဆရာကြီး… ဆရာကြီးကို ဒီမနက် ပြန်သွားတဲ့ ဒေါက်တာတက်ထွန်းက ဖုန်းဆက်ပါတယ်'





'ဟင်'

ဒေါက်တာတက်ထွန်းနှင့် ကျော်ကြီးစီးသွားသော ရထားသည် ရန်ကုန်သို့ ရောက်ချိန်မတန်သေးချေ။

'နှစ်ခါတောင် ဖုန်းဆက်ပါတယ် ဆရာကြီး၊ ကျွန်တော် စာနဲ့ ရေးမှတ်ထားပါတယ်၊ ဒီမှာပါ'

ဒေါက်တာစိုးထိုက်က စာရေးလေးကမ်းပေးသော စာရွက်ကိုယူ၍ ဖတ်ကြည့်လိုက်သည်။

*ကျော်ကြီးခေါ် မိုးကျော်သူ ….. မြို့အဝင်ဝံတားအလွန်တွင် ရထားပေါ်မှကျ၍ သေဆုံးသွားသည်။ သူ၏ မိခင်ကိုခေါ်၍ ….. မြို့ဆေးရုံသို့ ပြန်လိုက်လာပါ။*

*ဒေါက်တာတက်ထွန်း*

*ဖုန်းဆက်ချိန် နေ့လယ် (၁)နာရီနှင့် (၃)နာရီ၊*

*(၂)ကြိမ်*

'ဟင်… ဘယ်လိုဖြစ်တာပါလိမ့်'

ဖုန်းဖြင့် အကြောင်းကြားထားသည့် စာကိုဖတ်ရင်း ဒေါက်တာစိုးထိုက် ထိတ်လန့်တုန်လှုပ်သွားလေသည်။

'ဘုရား… ဘုရား၊ ဖြစ်ရလေ၊ ဖြစ်ရလေ'

ဒေါက်တာစိုးထိုက် ကြာရှည်စဉ်းစားမနေအားတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းကိုပင် အပြန်ခရီးအတွက် ချက်ချင်းစီစဉ်ခိုင်းရတော့၏။

နဂိုအစီအစဉ်အရ နှစ်ရက်သုံးရက်ခန့် ဆက်နေဦးမည်မို့ အပြန်ခရီးအတွက် ကြိုတင် စီစဉ်မထားရသေးချေ။

တည်းခိုခန်းက စင်းလုံးအငှားလိုက်သော ဆလွန်းကားတစ်စီးကို ငှားပေးလိုက်သည်။

ဒေါက်တာစိုးထိုက်သည် ထိုဆလွန်းကားနှင့်ပင် ကျော်ကြီးအိမ်သို့ဝင်၍ ကျော်ကြီးမိခင် ဒေါ်အေးကြည်ကို အကျိုးအကြောင်း ပြောပြရသည်။ တစ်ပါတည်း လိုက်ခဲ့ရန် ခေါ်ခဲ့ရလေတော့သည်။

'အမယ်လေး… ကိုယ်ကျိုးနည်းပါပေါ့လား၊ အဲဒါ ခရီးဝေးသွားလို့ ဘုရားစောင့်မတာ လိုက်ပြီး လိပ်ပြာနှုတ်လိုက်တာဖြစ်မှာပဲ ဆရာကြီးရယ်၊ အမယ်လေး… ကျော်ကြီး၊ သားရဲ့'

သတင်းကြားသည်နှင့် ဒေါ်အေးကြည်က အော်ဟစ်ငိုယိုလိုက်တော့သည်။

✧ ✧ ✧

'ဘယ်လိုဖြစ်ရတာလဲ မောင်တက်ထွန်း'

ညရှစ်နာရီခန့်တွင် …..မြို့သို့ ဒေါက်တာစိုးထိုက်တို့ ရောက်သွားကြ၏။

ကျော်ကြီး၏အလောင်းကို ဆေးရုံကြီးတွင် ပြင်ဆင်ထားသည်ကို တွေ့ရ၏။ အလောင်းတွင် ဒဏ်ရာအကြီးအကျယ် မတွေ့ရချေ။ ခေါင်းတွင်သာ ပတ်တီးစည်းထားသည်ကို တွေ့ရသည်။

ရင်ခွဲရုံတစ်ခုလုံး ဒေါ်အေးကြည်၏ အော်ဟစ်ငိုယိုသံဖြင့် ဆူညံသွားလေသည်။အသုဘကို မနက်ဖြန်မှ ချနိုင်ပေတော့မည်။

'မြို့အဝင် တံတားနားအရောက်မှာ အိမ်သာသွားချင်တယ်ဆိုပြီး ကျော်ကြီး ထသွားတယ် ဆရာကြီး၊ အိမ်သာနဲ့ ကျွန်တော်တို့ထိုင်တဲ့ခုံနဲ့က မဝေးတော့ ကျွန်တော်လည်း လိုက်မသွားမိဘူး၊ ကျော်ကြီးက ထိုင်ခုံတွေကို လက်နဲ့စမ်းရင်း ထထွက်သွားတာ၊ ကျွန်တော်တို့ခုံက အိမ်သာဘက်ကို နောက်ကျောခိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော်လည်း မြင်မနေရဘူး ကျွန်တော့်ကို ပေါ့လျော့တယ်ပြောလည်း ခံရတော့မှာပဲ ဆရာကြီး'

'ဘယ်တတ်နိုင်မှာလဲကွယ်၊ ဒီလိုဖြစ်မယ်မှ မထင်ဘဲကိုး'

တံတားကိုလွန်သွားလို့ အရေးပေါ် ကြိုးဆွဲသံကြားမှ ရထားမှာ တစ်ခုခုဖြစ်ပြီဆိုတာ သိရတာ၊ အဲဒီအချိန်မှာ ကျော်ကြီး ကျကျန်ခဲ့နေရာနဲ့ တော်တော်ဝေးနေပြီ၊ နောက်တွဲတွေက လှမ်းမြင်လို့ အရေးပေါ်ကြိုးကိုဆွဲမှ ရထားရပ်နိုင်တာလေ'

'ဘယ်လိုဖြစ်ပြီး ကျသွားတာလဲကွယ်'

'အိမ်သာဆိုပြီး သွားတာ၊ အိမ်သာကိုလွန်ပြီး အောက်ဆင်းတဲ့အပေါက်ကို ရောက်သွားတာပဲ ဆရာကြီး၊ အဆင်းတံခါးပေါက်ကို အိမ်သာတံခါးလို့ ထင်သွားတယ် ထင်ပါရဲ့၊ တံခါးဖွင့်သွားတော့ အိမ်သာထဲဝင်တယ်အထင်နဲ့ ခြေအလှမ်းလိုက်မှာ အောက်ကို ကျသွားမှာပေါ့၊ မျက်စိ မမြင်ဘူးဆိုတာသိရတော့ ရထားဝန်ထမ်းတွေက အဲဒီအတိုင်းပဲ ထင်မြင်ချက်ပေးတယ်'

'တွဲစောင့် မရှိဘူးလားကွဲ့၊ တွဲစောင့်က အိမ်သာအားက ခုံမှာ ထိုင်တာ မဟုတ်လား'

'တွဲစောင့်က အစားအသောက်မှာခိုင်းတဲ့လူရှိလို့ စားသောက်တွဲကို ရောက်နေတဲ့အချိန်ပါ ဆရာကြီး'

'ဖြစ်ချိန်တန်တော့လည်း ကြံဖန်ဖြစ်တာပေါ့ကွယ်၊ ဒီလို





ပဲ ဖြေသိမ့်ရမှာပဲ၊ မောင်တက်ထွန်းမှာ အပြစ်မရှိပါဘူး၊ ကျော်ကြီးကို စေတနာထားလို့သာ ဒီမြို့အထိတောင် လာခေါ်သေးတာပဲ၊ ကိုယ့်ကြောင့်ဖြစ်ရတယ်လို့ စိတ်ဆင်းရဲမနေပါနဲ့ မောင်တက်ထွန်း'

ဒေါက်တာစိုးထိုက်က ကျော်ကြီးဖြစ်ရပ်အတွက် သူ့တာဝန်မကင်းဟု ယူဆကာ စိတ်မကောင်းဖြစ်နေသော ဒေါက်တာတက်ထွန်းကို ဖြေသိမ့်လိုက်ရသည်။

* * *

အသုဘကိစ္စများ ဆောင်ရွက်ရန် ရှိသေးသည်မို့ ထိုမြို့မှာပဲ တည်းခိုခန်းတစ်ခု၌ တည်းခိုရလေသည်။

ဒေါက်တာတက်ထွန်းက ရန်ကုန်တွင် တာဝန်များရှိသေးသည်မို့ အသုဘကိစ္စပြီးလျှင် ပြန်ပေမည်။ ဒေါ်အေးကြည်က သားအတွက် ရက်လည်ဆွမ်းသွပ်ပြီးသည်ထိ နေချင်သည်ဆို၍ ဒေါက်တာစိုးထိုက်ပင် ရက်လည်သည်ထိ စောင့်ပေးရပေတော့မည်။

ညပိုင်းတွင် ဒေါက်တာတက်ထွန်းက ကျော်ကြီးလိမ့်ကျခဲ့သော မြို့အဝင်တံခါးကို လိုက်ပြချင်သည်ဆို၍ နှစ်ယောက်သား အငှားကားတစ်စီးဖြင့် ထွက်ခဲ့ကြ၏။

တံတားကြီးမှာ ချောင်းကျယ်တစ်ခုကို ဖြတ်ထိုးထားသော



www.burmeseclassic.com

www.burmeseclassic.com



တံတားဖြစ်ပြီး ရထားလမ်းအတွက် တံတားတစ်ခု၊ ကားလမ်း အတွက် တံတားတစ်ခု ဆောက်လုပ်ထားပေသည်။

ဒေါက်တာစိုးထိုက်တို့က ကျော်ကြီး လိမ့်ကျခဲ့သောဘက် ခြမ်းကို ရောက်ရှိကာ ကားပေါ်မှ ဆင်းကြည့်ကြသည်။

တံတားကြီးမှာ သံတန်းများဖြင့် အပေါ်မှမိုး၍ ဆောက် လုပ်ထားသည့်ပုံစံဖြစ်သည်။

တံတားနားသို့ ရောက်ရှိချိန်၌ အတော်မှောင်နေပေပြီ။

ရထားလမ်းတစ်ဘက်ဆီတွင် မီးရောင်များလက်နေသော တဲတန်းများကို မြင်ရ၍ ဒေါက်တာစိုးထိုက်က ကားသမားကို မေးကြည့်လိုက်သည်။

"အဲဒါ ရဲဘက်စခန်းပါ ဆရာကြီး။ ထောင်ကျအကျဉ်း သားတွေနေတဲ့ တဲတန်းတွေပါ၊ ရထားလမ်း အသစ်ပြင်ဖို့ ဒီနားမှာ ကျောက်ထုနေကြတာပါ"

"ကျော်ကြီး ရထားပေါ်က လိမ့်ကျတော့ ကျောက်ထုနေ တဲ့ အကျဉ်းသားတွေက အရင်မြင်တာပေါ့၊ သူတို့ကပဲ ပြေးသွား ပြီး ကျော်ကြီးကို ကြည့်ကြပါတယ်၊ ဒါပေမဲ့ သူတို့အနားရောက် တဲ့အချိန်မှာ ကျော်ကြီး အသက်မရှိဘူးတဲ့ ဆရာကြီး"

ဒေါက်တာစိုးထိုက်က ကျော်ကြီးလိမ့်ကျခဲ့သော နေရာကို သေချာ လေ့လာကြည့်နေသည်။





"ဆရာကြီး"

"ဆို... မောင်တက်ထွန်း"

"ဆရာကြီးကို ဒီနေရာခေါ်လာတာ တခြားကြောင့် မဟုတ်ပါဘူး၊ ကျွန်တော့်အယူအဆတစ်ခုကို တင်ပြချင်လို့ပါ"

"ဟင်... မောင်တက်ထွန်းက ကျော်ကြီးဟာ ရထားပေါ် က သူ့ဟာသူခုန်ချပြီး ဆူဆိုက်လုပ်သွားတယ် ထင်လို့လားကွယ်"

"အဲဒီလို မဟုတ်ပါဘူး ဆရာကြီး၊ ကျော်ကြီးဟာ ခု အချိန်မှာ မျက်စိကွယ်နေတာရယ်၊ အချစ်ရေး အဆင်မပြေတာရယ် ကလွဲပြီး အားလုံး ပြည့်စုံနေတာပဲ၊ ဆူဆိုက်လုပ်မယ် မထင်ပါဘူး၊ ကျွန်တော်ထင်တာ ဒီလိုပါ"

"ပြောပါဦးကွယ်"

"ကျော်ကြီးက ရထားပေါ်မှာ လမ်းတစ်လျှောက်လုံး မြနန်းမုံအကြောင်းချည်း ပြောလာတယ် ဆရာကြီး၊ သူ့မျက်စိ ပြန်ကောင်းရင် မြနန်းမုံတို့သိုက်ရှိတဲ့ ရေတံခွန်ကို လိုက်ရှာမယ့် အကြောင်း၊ ရေတံခွန်တွေ့ရင် ရေတံခွန်ဘေးက ကျောက်မောင်းတံ လေးကို တွေ့အောင်ရှာပြီး လှည့်လိုက်ရင် မြနန်းမုံတို့သိုက်ကို ရောက်နိုင်တဲ့အကြောင်း သူ့မှတ်တမ်းထဲကဟာတွေကို ပြန်ပြော ရင်း လိုက်လာခဲ့တာ ဆရာကြီး၊ အိမ်သာသွားမယ်လို့ ထွက်သွား တော့ ဒီတံတားကြီးနား ရောက်ခါနီးမှာပဲ ဆရာကြီး တံတားကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်လိုက်စမ်းပါ'

ဒေါက်တာ တက်ထွန်းက တံတားကြီးကို လက်ညှိုးညွှန် ပြရင်း ပြောလိုက်သည်။

'တံတားကြီးဟာ သံတန်းတွေအပြည့်နဲ့ ဆောက်ထား တာ ဆရာကြီး၊ အပေါ်ဘက်ကိုလည်း သံပေါင်တွေနဲ့ အုပ်မိုးထား တယ်'

'ဟုတ်တယ်လေ'

'တံတားပေါ်က ရထားဖြတ်ရင် ကြားရမယ့် အသံကို ဆရာကြီး ကြားယောင်ကြည့်လိုက်ပါ'

ဒေါက်တာစိုးထိုက် နားထဲတွင် ဆူညံစွာ အဆက်မပြတ် အော်မြည်သော အသံများကို ကြားယောင်လာသည်။

'မျက်စိမြင်တဲ့သူ့အတွက်တော့ တံတားကို မြင်နေရလို့ တံတားပေါ်က ဖြတ်လို့မြည်တဲ့အသံမှန်း မသိသာနိုင်ပေမယ့် ကျော်ကြီးလို မျက်မမြင်တစ်ယောက်အဖို့တော့ ရေတံခွန်က စီးကျ သံလို့ ထင်မယ်ဆို မထင်နိုင်လောက်ဘူးလား ဆရာကြီး'

'ဟာ…'

'ကျော်ကြီးက ရေတံခွန်အကြောင်းကို လမ်းတစ်လျှောက် လုံး ပြောလာတာလေ၊ အိမ်သာကို ထထွက်အသွားနဲ့ တံတားကို ဖြတ်တဲ့အချိန်ဟာ အံဝင်ခွင်ကျဖြစ်နေတယ်၊ သူ့စိတ်ထဲမှာ ရေတံခွန်





နားကို ရောက်သွားပြီလို့ ထင်သွားပုံရတယ်၊ သူ့စိတ်တွေကလည်း ထွေနေပြီလေ'

'ဖြစ်နိုင်တယ်'

'တစ်ခါ သူဟာ အိမ်သာကိုကျော်ပြီး အဆင်းတံခါးမ ကြီးဆီကို ရောက်သွားဖြန့်တယ်၊ တံခါးမကြီးကို ကိုင်လိုက်တော့ တံခါးပွင့်တဲ့ မောင်းတံလေးကိုတွေ့မယ်၊ ရထားတံခါးက မောင်းတံ ကို ဆရာကြီး မြင်ယောင်ကြည့်ပါ၊ မြနန်းမုံပြောတဲ့ သိုက်ဖွင့်တဲ့ ကျောက်မောင်းတံဆိုတာလည်း ဒီပုံစံမျိုးပဲဖြစ်နေတယ်မဟုတ်လား'

'ဟုတ်လိုက်လေ မောင်တက်ထွန်းရယ်'

'တံတားပေါ်ကဖြတ်လို့ မြည်တဲ့အသံကို ရေတံခွန်က ရေစီးကျသံလို့ ထင်လိုက်မိတဲ့ကြားမှာ တံခါးမောင်းကိုပါ စမ်း လိုက်မိတော့ သိုက်ဖွင့်တဲ့ ကျောက်မောင်းတံလို့ သူ့စိတ်ထဲမှာ ထင်သွားပုံရပါတယ် ဆရာကြီး၊ ကျော်ကြီးဟာ နောက်ဆုံးအချိန် မှာ စိတ်ဂယောက်ဂယက်ဖြစ်နေတာ သူပြောတဲ့စကားတွေကို ကြည့်ရင် သိနိုင်တာပဲ ဆရာကြီး'

'မောင်တက်ထွန်း ဆိုလိုချင်တာကို သဘောပေါက်ပါပြီ ကွယ်'

'သူဟာ တံခါးမောင်းတံကို ကျောက်မောင်းတံအမှတ် နဲ့ လှည့်ဖွင့်လိုက်မယ်၊ တံခါးပွင့်အသွားမှာ ရထားဟာ တံတားကို



www.burmeseclassic.com

www.burmeseclassic.com



လွန်လာပြီ၊ အသံဟာလည်း တဖြည်းဖြည်း တိုးသွားမယ်၊ ဒီတော့ သူက ကျောက်မောင်းတံ လှည့်ဖွင့်လိုက်လို့ ရေတံခွန်က ရေတွေ စီးကျတာ ရပ်သွားပြီလို့ ထင်သွားမှာပေါ့ ဆရာကြီး'

'ဟုတ်ပါပြီ'

'တံခါးလည်းအပွင့်၊ အသံတွေလည်း ငြိမ်သွားရော ကျော်ကြီးဟာ သိုက်ထဲကို ဝင်လို့ရပြီအထင်နဲ့ ခြေကိုလှမ်းလိုက်ပါလိမ့်မယ်၊ ဒီမှာတင် ရထားပေါ်က လိမ့်ကျသွားတာပဲ ဆရာကြီး၊ ကျွန်တော်တော့ အဲဒီအတိုင်းပဲ ခန့်မှန်းမိတယ်'

'ဟုတ်လိုက်လေကွယ်၊ မောင်တာက်ထွန်း ခန့်မှန်းချက်ဟာ မလွဲလောက်ပါဘူး'

ဒေါက်တာစိုးထိုက်က ဒေါက်တာတက်ထွန်း၏ တွေးခေါ် စဉ်းစားချက်များကို ခေါင်းတညိတ်ညိတ်ဖြင့် ပြန်လည်စဉ်းစားရင်း ဒေါက်တာတက်ထွန်းကို ချီးကျူးမိလေတော့သည်။

* * *

တည်းခိုခန်းသို့ ပြန်အရောက်တွင်လည်း ကျော်ကြီး၏ အကြောင်းကိုသာ ဆက်၍ ဆွေးနွေးဖြစ်လေသည်။

ဒေါက်တာစိုးထိုက်က သူစုံစမ်းသိရှိခဲ့ရသည့် သဲယဉ်နှင့် ဦးဖိုးထင်တို့ မြေအတိုးအကြောင်းကို ပြောပြလိုက်သည်။





'ဩော်… တစ်နေ့ခင်းတည်းနဲ့ အကြောင်းစုံသိရအောင် ဆရာကြီး စုံစမ်းနိုင်ခဲ့တာပဲ၊ ကျွန်တော်ဖြင့် ဒါလောက်မြန်မြန် ဖြေရှင်းနိုင်လိမ့်မယ်လို့ မထင်ဘူး'

'အကြောင်းသင့်သွားတာကိုးကွဲ့၊ သဲယဉ်လေးကို အကောင်းပကတိအတိုင်း ပြန်ဖြစ်သည်အထိ ဆေးကုပေးဖို့လည်း ဆရာကြီး တာဝန်ယူခဲ့ပါတယ်'

'အို… ဒါတွေ ကျော်ကြီးသိစေချင်လိုက်တာ ဆရာကြီးရယ်၊ ဒီအတိုင်းဆို ကျော်ကြီးနဲ့ မြနှန်းမုံဆိုတဲ့ မိန်းကလေးတို့ရဲ့ ဖြစ်ရပ်ဟာ ကျွန်တော်တို့ ယူဆသလို ဂမ္ဘီရဖြစ်ရပ်တစ်ခု မဟုတ်ဘူးပေါ့'

'တကယ်တော့ ကျော်ကြီးဟာ လူငယ်ပီပီ လက်တွေ့ လေ့လာကြည့်ရင် သိနိုင်တဲ့အဖြစ်ပါ၊ မြနှန်းမုံဆိုတဲ့ သူငယ်မက ဥစ္စာစောင့်အစစ် ဟုတ်မဟုတ်သိချင်ရင် သူ့ဆီသွားတဲ့ တစ်ခေါက်ခေါက်မှာ မျက်စဉ်းကို ခပ်မသွားရုံရှိတာပေါ့ကွယ်၊ မျက်စဉ်းမခပ်ဘဲ မြနှန်းမုံကို မြင်ရရင် သူဟာ သာမန်လူသားဆိုတာ သိနိုင်တယ် မဟုတ်လားကွဲ့'

'ဟုတ်သားပဲ၊ ဒါပေမဲ့ ကျော်ကြီးဟာ အဲသည်လောက် ဉာဏ်မမြေးရှာဘူး ဆရာကြီး၊ မျက်စဉ်းကုန်သွားပြီးတဲ့ နောက်ပိုင်းမှာလည်း မျက်စိက ကွယ်လုနီးပါးဖြစ်လာတော့ကာ ဆက်မှု



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ထားလိုက်တာကိုး"

"အဲဒီအချိန်မှာ ဦးဖိုးထင်ကလည်း သူ့မြေးကို ချုပ်နှောင်ထားလိုက်ပြီကွဲ့၊ ရှာလည်း မတွေ့နိုင်တော့ဘူး။ ဆောင်းသံကိုလည်း မကြားရနိုင်တော့ဘူးလေ၊ ဦးဖိုးထင်က ဆောင်းကို ဖျက်ဆီးပြီး သွားပြီကိုး"

"ဖြစ်သမျှ အရာအားလုံးဟာ ကျော်ကြီးအတွက် မြန်နန်းမုံဟာ ဥစ္စာစောင့်အစစ်လို့ ယုံလောက်စရာ ဖြစ်လာတာကိုး၊ တစ်ခု ရှိသေးတယ် ဆရာကြီးရဲ့၊ ကျော်ကြီးက ချစ်တီးတိုက်ဖျက်ကြီးထဲမှာ ချစ်တီးသရဲကို တွေ့ထားတာရှိတော့ သဲယဉ်ကိုလည်း တခြားဘုံသား နာနာဘာဝနွယ်ဝင် တစ်ယောက်ဆိုတာ ယုံသွားတာပေါ့"

"အေးကွယ်၊ ချစ်တီးသရဲနဲ့ ပတ်သက်တဲ့ ကိစ္စကိုတော့ ဆရာကြီး မချင့်ခဲ့ဖြစ်မိတယ်၊ ဟုတ် မဟုတ် သက်သေခိုင်လုံတဲ့ အချက်မရှိတော့ ဘယ်လိုမှ ကောက်ချက်ချလို့ မရတော့ဘူး"

"ကျော်ကြီး ချစ်တီးသရဲကို တွေ့ခဲ့ရတယ်ဆိုတာ ဆရာကြီး မယုံလို့လား"

"ကျော်ကြီးတွေ့တာ အမှန်တကယ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ အများလက်ခံအောင် တင်ပြရတဲ့ နေရာမှာတော့ သက်သေခိုင်လုံဖို့ လိုတာကိုးကွဲ့၊ ခိုင်လုံတဲ့ အချက်အလက် မရှိဘဲ ဒီအမှုတွဲကို သဘာဝလွန်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း တင်ပြ





လို့ မဖြစ်ပေဘူး"

"ဒါဖြင့် ကျော်ကြီးရဲ့ဖြစ်ရပ်ဟာ ဂမ္ဘီရဖြစ်ရပ်ဆန်း တစ်ခုလို့ ပြောလို့ မရဘူးပေါ့ ဆရာကြီး"

"တို့ရဲ့ ဆရာကြီး ဒေါက်တာ ဖေသက်ကြည် တီထွင်ခဲ့တဲ့ မျက်စဉ်းအစွမ်းဟာ အုတ်နံရံဖောက်မြင်ရသည်အထိ တဖြည်းဖြည်း အစွမ်းပြလာတဲ့အကြောင်းကိုတော့ ဖြစ်ရပ်ဆန်းတစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ပါတယ်၊ နာမ်ဝိညာဉ်နဲ့ သက်ဆိုင်တဲ့ ဖြစ်ရပ်တစ်ခုလို့တော့ ပြောလို့ မဖြစ်ပေဘူး"

"မှတ်သားလောက်ပါတယ် ဆရာကြီး"

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့၌ ကျော်ကြီး၏အသုဘကို ထိုမြို့သုသာန်၌ပင် မီးသင်္ဂြိုဟ်လိုက်လေသည်။

အသုဘအခမ်းအနားကား လိုက်လံပို့ဆောင်သူ သုံးဦးထဲဖြင့် တိတ်ဆိတ်ခြောက်ကပ်စွာဖြင့် ပြီးဆုံးသွားခဲ့သည်။

ဒေါ်အေးကြည်၏ ကြေကွဲဖွယ် အော်ဟစ်ငိုယိုသံသည်သာ သချိုင်းမြေတွင် ပျံ့လွင့်ကျန်ရစ်ခဲ့ပေ၏။ စာမတတ်ရှာသော၊ ရိုးရာအစွဲအလမ်း ကြီးမားလွန်းသည့် တောသူမကြီးမှာ သူ့သားကို ဥစ္စာစောင့်မက လိပ်ပြာနှုတ်သွားသည်ဟု ယုံကြည်နေဆဲပင် ဖြစ်သည်။

တကယ်တော့ သိပ္ပံနည်းကျ တိုးတွင်အောင်မြင်မှု တစ်ခုနှင့် စဉ်းစားဆင်ခြင်ဉာဏ် နည်းပါးသော လူငယ်တစ်ယောက်တို့ ဆုံဆည်းရာမှ အကြောင်းဖန်လာသည့် ကြေကွဲဖွယ်ဇာတ်လမ်းတစ်ခုသာ ဖြစ်ပါလေသတည်း။

* * *



## နောက်ဆက်တွဲ

ကျော်ကြီး ရထားပေါ်မှ လိမ့်ကျခဲ့သည့်နေ့၏ ညနေခင်းအချိန်ဖြစ်သည်။

ရထားလမ်းဘေး ရှိ ရဲဘက်စခန်း၌ ထောင်ကျအကျဉ်းသားများအား ညစာ ထမင်းကျွေးမွေးချိန်ဖြစ်၏။

အကျဉ်းသားများသည် ထမင်းယူရန် တန်းစီနေကြသည်။

ထိုအချိန်တွင် အကျဉ်းသားတစ်ဦးက အခြားအကျဉ်းသားတစ်ဦးအနီးသို့ ကပ်သွားကာ တစ်စုံတစ်ခု ပြောလိုက်သည်။

"နေ့လယ်က ရထားပေါ်ကနေ လူတစ်ယောက်ကျသွားတယ်"

"အေး… ငါသိသားပဲ"

"သေတဲ့လူဟာ ဘယ်သူလဲ သိလား"

"ဟေ… ငါတို့အသိထဲကလားဟ"



www.burmeseclassic.com

www.burmeseclassic.com



'ရထားပေါ်က လူတစ်ယောက် ကျသွားတာမြင်တော့ ငါလည်း အဲဒီနေရာကို ပြေးသွားမိတာပေါ့၊ ဟိုရောက်လို့ ကြည့်လိုက်တော့ ဘယ်သူဖြစ်နေတယ်ထင်သလဲ'

နားထောင်သူအကျဉ်းသားက ပို၍ စိတ်ဝင်စားလာသည်။

သတင်းပေးသူနှင့် နားထောင်သူ အကျဉ်းသားနှစ်ဦးစလုံးမှာ အိန္ဒိယနွယ်ဖွား ကုလားလူမျိုးများ ဖြစ်ကြသည်။ နှစ်ဦးစလုံးပင် ရုပ်ရည်ချောင်း ခပ်တူကြသည်။ သက်တူရွယ်တူများ ဖြစ်ကြသည်။

မှန်ပါသည်။ သူတို့နှစ်ဦးမှာ ညီအစ်ကိုအရင်းများ ဖြစ်ကြ၏။ အသက်လေးဆယ်ကျော် အရွယ်ပိုင်းဖြစ်၍ စိုက်များညွှန်၍ ဝဖိုင့်နေကြသည်။ နဂိုမည်းရသည့် အသားများသည် အလုပ်ကြမ်း လုပ်ရသည့်ဒဏ်၊ နေလောင်သည့်ဒဏ်ကြောင့် မည်းပြောင်နေကြ၏။

သူတို့နှစ်ဦးမှာ အမွှာညီအစ်ကိုများဖြစ်၍ နာမည်မှာ ရာဂျစ်နှင့် မဂျစ်ဟူ၍ ဖြစ်သည်။ ဒုစရိုက်လောကၡ ဂျစ်ကြီး၊ ဂျစ်ကလေးဟူ၍ နာမည်ကျော်ကြားသည်။ ကုလားညီနောင်ဟုလည်း ခေါ်ကြသည်။ သူတို့သည် နာမည်ကြီး ဖောက်ထွင်းရေးသမားများ ဖြစ်ကြ၏။ ပုလ္လိပ်က ဘဏ်တစ်ခုအား ဖောက်ထွင်းရန် ကြံဖွံကြိုးကျယ်ကျယ် ကြံစည်နေစဉ် ဖမ်းမိသွားကာ ဤရဲဘက်





စခန်းသို့ ထောင်ကျအကျဉ်းသားအဖြစ် ရောက်ရှိနေကြခြင်း ဖြစ်ပါသည်။

'ပြောလေကွာ၊ ရထားပေါ်က ကျသောကာ ဘယ်သူမို့လို့လဲ'

ဂျစ်ကြီးက ဂျစ်ကလေးကို စိတ်မရှည်စွာ မေးလိုက်သည်။

'ငါတို့ ဟိုမြို့က ချစ်တီးတိုက်ပျက်ကြီးထဲက ပစ္စည်းတွေ သတင်းကြားပြီး အဲဒီတိုက်ပျက်ကြီးထဲကို သွားရှာတဲ့ညကို မှတ်မိသေးလား'

'အင်း...'

'ငါတို့ တိုက်ပျက်ကြီးထဲမှာ ရှိနေတုန်း ကောင်လေးတစ်ယောက် စက်ဘီးနဲ့ ရောက်ချလာတယ်လေ'

'ဪ... အေး... အေး'

'ငါတို့က အကြောင်းရိုက်လွှတ်လိုက်ကြတယ်မဟုတ်လား'

ဂျစ်ကလေးပြောသည့် အဖြစ်အပျက်ကို ဂျစ်ကြီး မှတ်မိသွားသည်။ တိုက်ပျက်ကြီးထဲတွင် ပစ္စည်းရှာရန် ပြင်ဆင်နေစဉ် လူငယ်တစ်ယောက် စက်ဘီးနှင့် ရောက်လာသည်။ သူတို့က ခပ်တည်တည်နှင့် တိုက်ပြင်ထွက်၍ မေးသည့်အခါ လူငယ်က မိတ်ဆွေမိသားစုကိုရှာရင်း အပေါ့အပါးသွားရန် ဝင်လာတာပါဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့သည်။ လူငယ်က နာမည်တစ်ခုပြောပြ၍ ဒူးမိတ်ဆွေ ဤ၍နား တွင် နေမနေ မေးမြန်းရာ–

ဂျစ်ကြီးက–

“မသိဘူးကွဲ့၊ ခုခေတ်လူတွေကို ငါတို့ မသိတော့ပါဘူး ကွယ်”ဟု ဖြေခဲ့သည်။

ဂျစ်ကလေးက ဂျစ်ကြီးစကားကိုနင်းကာ–

“ဟုတ်တယ်ကွဲ့၊ ခုခေတ်လူတွေကို ငါတို့ မသိတော့ ဘူး၊ ငါတို့က သေတော့ အနှစ်ငါးဆယ်ကျော်ပြီ”ဟု ပြောလိုက် သည်။

ကောင်လေးက “အောင်မယ်လေးဗျ”ဟု ရူးရူးဝါးဝါး အော်ဟစ်ကာ စက်ဘီးကို တစ်ချိုးတည်း နင်းပြေးသွားခဲ့လေသည်။

“အေး… အဲဒါ ဘာဖြစ်လဲ”

“ရထားပေါ်က ကျသေသွားတဲ့ တခြားလူ မဟုတ်ဘူး၊ ငါတို့အကြောင်းရိုက်သွတ်လိုက်တဲ့ ဒူးကြောင်ကြောင်ကောင်လေး ပဲကွ”

“ဟော”

ဆောင်းလှလင်

10.12.2003 to 19.1.2004

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com